# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 24 October 2017 (၉၀၈၇)


# ကုလသမဂ္ဂအနေဖြင့် လူသားအားလုံးအတွက် သာယာဝပြောသောကမ္ဘာကြီး ဖန်တီးပေးရန် ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်း

## (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့အခါသမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးအား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အားလုံးသာတူညီမျှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်စေကြောင်း ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးအား အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကမ္ဘာ့နိုင်ငံများအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးတိုးတက်ရေးနှင့် လွတ်လပ်ပြီး တရားမျှတသော ဒီမိုကရေစီအသိုက်အဝန်း ပေါ်ပေါက်စေရေး ရည်မှန်းချက်များဖြင့် ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အဆိုပါ မြင့်မြတ်သည့်ရည်မှန်းချက်များကို အစဉ်အမြဲနှလုံးသွင်း၍ ကမ္ဘာပေါ်ရှိပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့ရေးရာများသည် ကုလသမဂ္ဂစတင်တည်ထောင်သည့် လွန်ခဲ့သည့် ဆယ်စုနှစ် (၇)စုကျော်က အချိန်နှင့် များစွာကွာခြားလျက်ရှိသော်လည်း ကုလသမဂ္ဂ၏ပဋိညာဉ်ပါအခြေခံမူများမှာ ဆက်လက်ဆီလျော်မှန်ကန်နေဆဲဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတိုးတက်ရေးအတွက် လမ်းပြမြေပုံတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ထိုင်းနိုင်ငံသို့ သွားရောက်မည်**

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် နတ်ရွာစံထိုင်းဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**နိုင်ငံ၏ဝင်ငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲသို့ ပြည့်ဝစွာရောက်ရှိစေရန် လိုအပ်**

လွှတ်တော်သတင်း၊ စာမျက်နှာ » ၅

**အာဏာရညွန့်ပေါင်းအဖွဲ့ ရွေးကောက်ပွဲတွင် အောင်ပွဲခံခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဝန်ကြီးချုပ်အာဘေး လမ်းပွင့်**

နိုင်ငံတကာသတင်း၊ စာမျက်နှာ » ၄

**ဘွဲ့ရ အလုပ်လက်မဲ့ဟု ဆိုသော်လည်း**

ဆောင်းပါး၊ စာမျက်နှာ » ၆



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## One Championship ပြိုင်ပွဲဝင်မည့် အောင်လအန်ဆန်းအား အားပေးစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကမ္ဘာ့သိုင်းပေါင်းစုံအားကစား (Mixed Martial Arts) ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်လျက်ရှိသော အောင်လအန်ဆန်းနှင့်အဖွဲ့က ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။**(အပေါ်ပုံ) စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖




# ကြေးမုံ

## လူငယ်ထုအရေး၊ အနာဂတ်အရေး

မျက်မှောက်ကာလတွင် နိုင်ငံအတွက် အရေးအရာကိစ္စများမှာ များပြားစုံလင်လှသည်။ ထိုသို့များပြားသည့်အထဲမှ အရေးတကာအရေးတို့တွင် အရေးအကြီးဆုံးအရေးတို့ကို အသိပေးလှုံ့ဆော်ကာ ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ နိုင်ငံအတွက်အရေးများတွင် မူးယစ်ဆေးဝါးအန္တရာယ်မှာ အစဉ်အဆက်တိုက်ဖျက်နေရသော အရေးကြီးသည့် အမျိုးသားရေးဖြစ်သည်။

ယခုအခါ ပြည်သူလူထုအား လွှမ်းခြုံအသိပေးခြင်းလုပ်ငန်းများ၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ထိရောက်သည့် အသိပေးခြင်းလုပ်ငန်းအဖြစ် ဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ အောက်တိုဘာ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် "လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်ခဲ့သည်။

နိုင်ငံအတွင်း အရေးအရာအမျိုးမျိုးဖြင့် လုံးပန်းနေရသောအချိန်အခါတွင် နိုင်ငံ့အနာဂတ် လူငယ်ထုအရေးအတွက် အထူးအရေးကြီးသော မူးယစ်ဆေးဝါးပြဿနာနှင့် အန္တရာယ်များကို မမေ့မလျော့စေရေး တပ်လှန့်နှိုးဆော်ပေးသည့်အနေဖြင့် ပြည်သူ့စကားဝိုင်းတွင် ထိုအရေးကိုအလေးထားဆွေးနွေးခဲ့ကြသည်မှာ မျက်မှောက်ကာလအတွက် အထူးလိုအပ်နေသော အရေးကိစ္စဖြစ်၍ ကြိုဆိုရမည်ဖြစ်သည်။ ထိုအရေးဆွေးနွေးမှုများကို ယခုကဲ့သို့စကားဝိုင်းအသွင်ဖြင့် အနယ်နယ်အရပ်ရပ်တွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးအတွက် အသိပညာပေးရေး၌ အထောက်အပံ့ကောင်းများ ရရှိလာနိုင်မည်ဖြစ်သည်။

ပြည်သူတို့၏စကားဝိုင်းမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြည်သူများ၏အသံကို ကြားသိခွင့်ရကြသလို သက်ဆိုင်ရာအာဏာပိုင်နှင့် လုံခြုံရေးအဖွဲ့အစည်းများကလည်း ပြည်သူများ၏ဆန္ဒကို ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များအား လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ယခုအခါ မူးယစ်ဆေးဝါးအန္တရာယ်မှာ နိုင်ငံအတွင်း၌ ယခင်ကထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိနေရာ နိုင်ငံအတွက်ရော၊ လူငယ်ထုအတွက်သာမက ပြည်သူတစ်ရပ်လုံးအတွက်ပါ စိုးရိမ်ပူပန်ဖွယ်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ပျက်စီးစေခြင်းအကြောင်းများ၌ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကို အလွယ်တကူ ဖျက်ဆီးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်များအား မမေ့မလျော့သတိမူ ကာကွယ်ပေးကြဖို့ လိုအပ်မည်ဖြစ်သည်။ မျက်မှောက်ကာလ၌ လုယက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ အုပ်စုဖွဲ့တိုက်ခိုက်မှုစသည့် ဒုစရိုက်မှုများတွင် စိတ်ကြွရူးသွပ်ဆေးဝါးကဲ့သို့ မူးယစ်ဆေးများက လူငယ်များအား တွန်းအားပေးနိုင်သောပစ္စည်းများဖြစ်နေသည်။ လက်တွေ့တွင်လည်း ဖမ်းဆီးရမိသည့်တရားခံများတွင် အသက်(၁၆)နှစ်မှ အသက်(၂၀)ကျော်အရွယ် လူငယ်လူရွယ်များ ပါဝင်နေသည်ကိုတွေ့ရပြီး ထိုလူငယ်လူရွယ်အများစုမှာ မူးယစ်ဆေးဝါးများ သုံးစွဲထားသည်ကို တွေ့ရသည်။

မူးယစ်ဆေးဝါးသုံးစွဲသူသည် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုမရှိဘဲ မိမိဘဝနှင့် ပတ်ဝန်းကျင်ကို အလွယ်တကူ ဖျက်ဆီးပစ်နိုင်သည့် အလားအလာများရှိသည်။ ယခုအခါ ပမာဏအလွန်များပြားသည့် မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်သာမဟုတ်တော့ဘဲ မြို့ပြအနှံ့အပြား၌ ပြောင်ပြောင်တင်းတင်း သယ်ဆောင်ရောင်းဝယ်ဖောက်ကားနိုင်သည့် အနေအထားများရှိလာသည်မှာ နိုင်ငံနှင့် ပြည်သူလူထုအတွက် ကြီးမားသောအန္တရာယ်ပင်ဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းရှိသော အသက် (၁၅) နှစ်မှ အသက် (၃၀) အတွင်း လူငယ်များအပေါ် ကျရောက်လာမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ဝိုင်းဝန်းကာကွယ်တားဆီးပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် နိုင်ငံ၏လူသားအရင်းအမြစ်များ ပျက်စီးဆုံးရှုံးနိုင်မည့် အခြေအနေများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလှုံ့ဆော်မှုပြုနိုင်ရေးအတွက် ယခုကျင်းပပြုလုပ်သည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲမျိုးကဲ့သို့ အသိပေးဆွေးနွေးမှုများ နိုင်ငံအနှံ့တွင် ပိုမိုပြုလုပ်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီအစည်းအဝေး တက်ရောက်



**ရန်ကုန် အောက်တိုဘာ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီ (၁/၂၀၁၇)အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီအဖွဲ့ဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)(မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မော်ကွန်းထိန်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များကောင်စီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်က အမှာစာ ရှစ်စောင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်က အမှာစာ ငါးစောင်တို့ကို တင်ပြကြသည်။

၎င်းနောက် တက်ရောက်လာသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ ကောင်စီအဖွဲ့ဝင်များက အထွေထွေညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## အထက်မြန်မာပြည် ရှေးဟောင်းနယ်မြေဒေသငါးခုတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**မန္တလေး အောက်တိုဘာ ၂၃**

အထက်မြန်မာပြည် ရှေးဟောင်းနယ်မြေဒေသငါးခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲ၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များထံတင်ပြထားပြီး လုပ်ငန်းဆောင်ရွက်ရန်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းနယ်မြေငါးခုဖြစ်သော မန္တလေး၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်းနှင့် မင်းကွန်းတို့ရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ဆက်စပ်ဧရိယာများ သန့်ရှင်းသာယာလှပစေရေးတို့အတွက် စီမံကိန်းလုပ်ငန်းကိုးဆယ်ကျော် ရေးဆွဲတင်ပြထားရာ ယခုနှစ်အတွင်း ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရန်စီစဉ်ထားကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"နိုင်ငံတကာခရီးသွားတွေအတွက် ဆွဲဆောင်မှုရှိစေဖို့နဲ့ မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်စေဖို့ရည်ရွယ်ပြီး ဒီစီမံကိန်းတွေကို ပြည်ထောင်စုအဆင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေနဲ့ ညှိနှိုင်းရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာရှိတဲ့ ရှေးဟောင်းမြို့တော်တွေမှာ စက်ဘီးနဲ့သွားလာလည်ပတ်လို့ရသလို ကျွန်တော်တို့မန္တလေးမှာလည်း အခုဆိုမြို့တော်စည်ပင်က သိပ္ပံလမ်းတစ်ဖက်မှာ စက်ဘီးလမ်းတွေ စပြီးလုပ်နေပါပြီ။ အဲဒီလိုပဲ မန္တလေးတောင်မှာ နေဝင်ဆည်းဆာကြည့်တဲ့ လူတွေများနေတဲ့အတွက် ပုဂံလို နေဝင်ဆည်းဆာဧရိယာတွေလုပ်ပေးဖို့ ညှိနှိုင်းနေပါတယ်"ဟု ၎င်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

စီမံကိန်းများတွင် ပါဝင်သည့် မန္တလေးမြို့ရှိ ရှေးဟောင်းနယ်မြေများဖြစ်သော ကုသိုလ်တော်ဘုရားတွင် အများသုံးသန့်စင်ခန်းများ ဆောက်လုပ်ရန် ရှေးဟောင်းသုတေသနနှင့် ညှိနှိုင်းလျက်ရှိပြီး မင်းကွန်းတွင် ဆိပ်ခံတံတားနှင့် မန္တလေး မရမ်းခြံဆိပ်ကမ်းတွင် ကမ္ဘာလှည့်ခရီးသွားဆိပ်ကမ်းတစ်ခု တည်ဆောက်ရန်စသည့်လုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၀၀၀၀ | - | ၉၃၀၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၀၀၀၀ | - | ၉၃၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၅/၇၅၀ ကျပ်၊ | ၇၉၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၀/၇၁၅ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၅/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၆. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅. ၈၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၀၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၆၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၅၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၀. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၃၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၅. ၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

✪ ရှေ့ဖုံးမှ

သို့ရာတွင် ပြောင်းလဲလာသော အခြေအနေများအား ထင်ဟပ်စေရန်နှင့် ပိုမိုထိရောက်မှုရှိစေရန် ကုလသမဂ္ဂအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂနေ့အခါသမယမှာ ကုလသမဂ္ဂပဋိညာဉ်ပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် ယုံကြည်မှုအား ထပ်လောင်းအတည်ပြုလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆောင်ပုဒ်မှာ **"ရေရှည်တည်တံ့ခိုင်မြဲသော ကမ္ဘာပေါ်ရှိ လူသားများအားလုံးအတွက် ငြိမ်းချမ်းမှုနှင့် သင့်လျော်သည့် လူနေမှုဘဝရရှိရေး ပြည်သူများကို အလေးပေး"** ဟူ၍ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်သည် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက် တွန်းအားတစ်ရပ်ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယင်း၏အခြေခံမူများနှင့် ကျင့်ဝတ်များကို လက်ကိုင်ပြုလျက် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အိမ်ရှင်နိုင်ငံ၏ ဦးစားပေးချက်များနှင့် လျော်ညီစွာ ဆက်လက်ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနည်းတူ သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းရေး ကတိကဝတ်အဖြစ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာပါရီသဘောတူညီချက်ကို အတည်ပြုပါဝင်ကြောင်းနှင့် ကျိုတိုနောက်ဆက်တွဲစာချုပ်၏ ဒိုဟာပြင်ဆင်ချက်ကို လက်ခံကြောင်း စာချွန်လွှာတို့ကို ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကာလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ပေးအပ်အကြောင်းကြားခဲ့ပါသည်။ ထို့ပြင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားကြောင်းပြသသည့်အနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ၆-၁၀-၂၀၁၇ ရက်တွင် အတည်ပြုပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များအား ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နုနယ်သေးသည့် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရလျက်ရှိသော်လည်း အစိုးရအနေဖြင့် အဆိုပါစိန်ခေါ်မှုများကို အောင်မြင်စွာ ဖြေရှင်းကျော်လွှားရေးအတွက် ပြည်သူများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုနှင့် နိုင်ငံတကာမှ မိတ်ဆွေများ၏ စဉ်ဆက်မပြတ် ကူညီထောက်ပံ့မှုများဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအနေဖြင့် လူသားအားလုံးအတွက် ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုရှိပြီး သာယာဝပြောသောကမ္ဘာကြီး ဖန်တီးပေးရန် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်မှန်းလျက် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂနေ့အား ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Soltan Bin Saad Al Muraikhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei AL- Emadi လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်၏ ကုလသမဂ္ဂနေ့သဝဏ်လွှာ

**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကျွန်ုပ်တို့၏ကမ္ဘာသည် စိုးရိမ်ဖွယ် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေပါသည်။

ပဋိပက္ခများနှင့် မညီမျှမှု ကျယ်ပြန့်လာခြင်း၊ ရာသီဥတုဆိုးရွားလာခြင်း၊ သည်းခံမှုတရား ခေါင်းပါးလာခြင်းနှင့် ချူကလီးယားလက်နက်များအပါအဝင် လုံခြုံရေးခြိမ်းခြောက်ခံရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကျွန်ုပ်တို့၌ ငွေကြေးဥစ္စာနှင့် နည်းလမ်းများရှိပြီးဖြစ်ရာ လိုအပ်နေသည်မှာ ဆောင်ရွက်လိုသည့် စိတ်ဆန္ဒသာဖြစ်ပါသည်။

ကမ္ဘာ့ပြဿနာများသည် နယ်စည်းမခြား ကျော်လွန်ဖြစ်ပွားလျက်ရှိရာ ကျွန်ုပ်တို့၏ အသိစိတ်ကို ပြုပြင်ပြောင်းလဲရေးအတွက် ကျွန်ုပ်တို့ကြားရှိ ကွဲပြားခြားနားမှုများအပေါ် ကျော်လွှားရမည်ဖြစ်ပါသည်။

ကမ္ဘာ့ပြည်သူများသည် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ အားလုံးပြည့်စုံစွာ ခံစားရချိန်တွင် ငြိမ်းချမ်းပြီး တရားမျှတ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသည့်ကမ္ဘာကြီးကို တည်ဆောက်လိမ့်မည်ဖြစ်ပါသည်။

ကုလသမဂ္ဂနေ့အခါသမယတွင် ကျွန်ုပ်တို့ ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် ယခု မျှော်မှန်းချက်ကို လက်တွေ့ဧကန်ဖြစ်စေရေးအတွက် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ **ကျေးဇူးတင်ပါသည်။**

# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော် ဆေးဝါးကုသပေးနေမှု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြည့်ရှုအားပေး

**သရက်ချောင်း အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ တတိယမြောက်နေ့ ကျန်းမာရေးအလှူတော် ဆေးဝါးကုသပေးနေမှုအခြေအနေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် လာရောက်ကြည့်ရှုအားပေးသည်။




ထိုသို့ ကြည့်ရှုရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ဆေးကုသဌာနအသီးသီးသို့ လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကား ပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် သရက်ချောင်းမြို့ရှိ ရှင်ကိုးရှင်သမိုင်းဝင် ရှင်တောင့်ပုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများ လှူဒါန်းကာ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

❖ နိုင်ငံတော်မှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂါရဝပြုတွေ့ဆုံရာတွင် အောင်လအန်ဆန်းနှင့်အတူ ၎င်း၏လေ့ကျင့်ဖက် (sparring partner) ဖြစ်သော အမေရိကန်နိုင်ငံသား Mr. Nchukwi Tafon Ndi၊ မန်နေဂျာဖြစ်သူ ဦးဖုန်းကျော်မိုးမြင့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်)နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ ပါဝင်တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လာရောက်တွေ့ဆုံဂါရဝပြုသူ အောင်လအန်ဆန်းအား ယခုကဲ့သို့ မူလမြန်မာနိုင်ငံသားတစ်ဦးဖြစ်သူက လာရောက်တွေ့ဆုံဂါရဝပြု၍ အထူးဝမ်းမြောက်ပါကြောင်း၊ မိမိအပါအဝင် မြန်မာနိုင်ငံသားများအနေဖြင့် နိုဝင်ဘာ ၃ ရက်တွင် လာရောက်ယှဉ်ပြိုင်မည့် One Championship ပြိုင်ပွဲတွင် အနိုင်ရရှိရန်အတွက် ဆုတောင်းမေတ္တာများပို့သလျက်ရှိပြီး အနိုင်ရရှိ၍ အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အောင်လအန်ဆန်းကလည်း မိမိအနေဖြင့် ငယ်စဉ်တောင်သူဘဝမှ ယခုကဲ့သို့ လက်ရွေးစင်အားကစားသမားဖြစ်လာစေရန် အဆင့်ဆင့်ကြိုးပမ်းအားထုတ်ကြိုးစားလာပုံကို တင်ပြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မည်သည့်နယ်ပယ်တွင်ဖြစ်စေ ဤကဲ့သို့ အောင်မြင်မှုရရှိနိုင်ရန် ကြိုးစားအားထုတ်လျှင် ရရှိနိုင်ပါကြောင်း၊ ကြိုးစားအားထုတ်ရာတွင် တစ်ကြိမ်တည်းဖြင့် အောင်မြင်မှုကို မရရှိနိုင်သော်လည်း အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်၍ ဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့်ကြိုးစားပါက အောင်မြင်မှုကို ရရှိမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ပြောကြားသည်။

အောင်လအန်ဆန်းနှင့် ၎င်း၏လေ့ကျင့်ဖက်ဖြစ်သူတို့သည် ယနေ့နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံမှရောက်ရှိ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လာရောက်ဂါရဝပြုခြင်းဖြစ်ပြီး ယနေ့ညနေပိုင်းတွင် အမေရိကန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ အောင်လအန်ဆန်းနှင့်အဖွဲ့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အားကစားပြတိုက်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအပါအဝင် Sports Complex ကို လိုက်လံပြသရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဏာရညွန့်ပေါင်းအဖွဲ့ ရွေးကောက်ပွဲတွင် အောင်ပွဲခံခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဝန်ကြီးချုပ် အာဘေး လမ်းပွင့်




**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဘက်မှ ထောက်ခံသူအမတ်လောင်းများ ရွေးချယ်တင်မြှောက်ခံရခြင်းနှင့်အတူ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အောင်ပွဲခံနိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ အမေရိကန်က ရေးဆွဲပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ ဝန်ကြီးချုပ် အာဘေး၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရေးအတွက် သဘောထားအမြင်ကွဲလွဲနေသော ပြည်သူကို ၎င်းက ဆွဲဆောင်စည်းရုံးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဘက်မှ ထောက်ခံသော နိုင်ငံရေးပါတီများက အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပသော အောက်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာ ၈၀ ရာခိုင်နှုန်းနီးပါးကို ရရှိခဲ့ကြကြောင်း သတင်းဌာနများ၏ လေ့လာချက်အရ သိရသည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ရွေးကောက်ပွဲ၌ တောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည်။

ဝန်ကြီးချုပ်အာဘေးက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အဆိုပြုခဲ့ခြင်းကို အဓိကဆန့်ကျင်သည့် အုပ်စုမှာ ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရက်တစ်ပါတီ(စီဒီပီဂျေ)ပါတီဖြစ်သည်။ ယင်းပါတီမှာ အသစ်ဖွဲ့စည်းခဲ့သည့် ပါတီငယ်လေးဖြစ်သည်။

အောက်လွှတ်တော်တွင် အမတ်နေရာ ၄၆၅ နေရာရှိသည့်အနက် အမတ်နေရာ ၃၁၃ နေရာကို အာဏာရညွန့်ပေါင်းအဖွဲ့က ရရှိလိုက်ပြီဖြစ်ရာ အမတ်နေရာ သုံးပုံနှစ်ပုံကျော်ဖြစ်သဖြင့် အောက်လွှတ်တော်တွင် အများစုအနေအထားကို ရရှိသည်။ စီဒီပီဂျေပါတီမှာမူ အမတ်နေရာ ၅၅ နေရာကိုသာ ရရှိသည်။

တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေး၏ ပါတီသစ်ဖြစ်သော မျှော်လင့်ချက်ပါတီအပါအဝင် အခြားနိုင်ငံရေးပါတီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် မိမိလိုလားကြောင်း ဝန်ကြီးချုပ်အာဘေးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

# အမေရိကန် နျူကလီးယားဗုံးကြဲလေယာဉ်များကို စစ်အေးကာလနောက်ပိုင်း ပထမဆုံးအကြိမ် ၂၄ နာရီ တပ်လှန့်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

စစ်အေးကာလ ပြီးဆုံးခဲ့ချိန်နောက်ပိုင်း နျူကလီးယား လက်နက်တပ်ဆင်ထားသော အမေရိကန်ဗုံးကြဲလေယာဉ်များကို ပထမဆုံးအကြိမ် ၂၄ နာရီ တပ်လှန့်ထားမည် ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကင်ဂျုံအန်း ဦးဆောင်သည့် မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေစဉ်အတွင်း အမေရိကန်လေတပ်မှ နျူကလီးယား ဗုံးကြဲလေယာဉ်များအား ၂၄ နာရီ တပ်လှန့်ထားမှုကို အမေရိကန်လေတပ်က အမိန့်ထုတ်ပြန်ဖွယ်ရှိကြောင်း၊ ယင်းအမိန့်ထုတ်ပြန်ခဲ့ပါက ယင်းမှာ စစ်အေးကာလ ပြီးဆုံးခဲ့ချိန်နောက်ပိုင်း ဘီ-၅၂ ဗုံးကြဲလေယာဉ်များကို စစ်ပွဲအတွက် အသင့်ရှိမှုဖြစ်စေမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။



အဏုမြူလက်နက်များ တပ်ဆင်ထားသည့် အမေရိကန်ဗုံးကြဲလေယာဉ်များသည် အမိန့်တစ်စုံတစ်ရာရရှိပါက ၎င်းတို့ တည်ရှိရာနေရာမှ ချက်ချင်းပျံတက်သွားမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်း လုပ်ဆောင်မှုသည် မည်သည့်ဖြစ်ရပ်အတွက် ဆိုသည်ကိုမူ တိတိကျကျ စီစဉ်သတ်မှတ်ထားခြင်းမရှိသော်လည်း ကမ္ဘာလုံးဆိုင်ရာ အခြေအနေအတွက်ဖြစ်ကြောင်း အမေရိကန်လေတပ်စစ်ဦးစီးချုပ် ဒေးဗစ် ဂိုးလ်ဖင်းက ပြောကြားသည်။

တပ်လှန့်အမိန့်ကို ထုတ်ပြန်ခြင်း မရှိသေးကြောင်း၊ သို့သော် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်အနေဖြင့် ၎င်း၏ ဗုံးကြဲလေယာဉ်များအား ၂၄ နာရီ တပ်လှန့်မှုပြုလုပ်ရန် အကြောင်းသုံးရပ်ရှိကြောင်း၊ ၎င်းတို့မှာ မြောက်ကိုရီးယားက နျူကလီးယားလက်နက်များဖြင့် ကျူးကျော်မှုပြုလုပ်ခြင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ကင်ဂျုံအန်း၏ အုပ်စိုးမှုကို ထိပ်တိုက် ရင်ဆိုင်ချဉ်းကပ်ခြင်းနှင့် ရုရှား၏ လက်နက်ကိုင်တပ်ဖွဲ့များ လှုပ်ရှားမှု ရှိလာခြင်းတို့ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်၏ အခြေအနေသည် အကဲဆတ်မခံနိုင် အခြေဆိုက်နေသည့်အတွက် အဏုမြူစစ်ပွဲ အချိန်မရွေး ဖြစ်ပွားနိုင်သည်ဟု မြောက်ကိုရီးယားနိုင်ငံက လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်နီးပါးက သတိပေးခဲ့ပြီးနောက် အမေရိကန်က အဏုမြူဗုံးကြဲလေယာဉ်များကို ၂၄ နာရီ တပ်လှန့်ထားမည့် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ **ရိုက်တာ။**

■

## အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များ ပူးပေါင်းစစ်ဆင်ရေးတွင် လက်နက်ကိုင်စစ်သွေးကြွ ငါးဦး သေဆုံး၊ ၁၃ ဦး ဖမ်းဆီးရမိ

**ကဘူး အောက်တိုဘာ ၂၃**

အာဖဂန်နစ္စတန်နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့များက နိုင်ငံအရှေ့ပိုင်း ဂါဇနီပြည်နယ်တွင် အထူးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ရာ လက်နက်ကိုင်စစ်သွေးကြွငါးဦးသေဆုံးပြီး ၁၃ ဦးကို ဖမ်းဆီးရမိကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၂၂ ရက် ညတွင် အာဖဂန်နစ္စတန် အထူးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နေတိုးအဖွဲ့က ဦးဆောင်သော တပ်ဖွဲ့များနှင့် ပူးပေါင်း၍ ဂါဇနီပြည်နယ် နာဝါခရိုင်တွင်းမှ ခဝီနာဂွန်ဒီနှင့် တန်ကီကျေးရွာတို့တွင် အထူးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြပြီး စစ်ရေးအရ စီးနင်းမှုများအတွင်း ပူးပေါင်းတပ်ဖွဲ့များက လက်နက်ခဲယမ်းများကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိကြောင်း ဖော်ပြသည်။

စီးနင်းမှုတွင် အာဖဂန်နစ္စတန် အထူးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးမှာ အပြန်အလှန်ပစ်ခတ်မှုများအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တာလီဘန်စစ်သွေးကြွများနှင့် အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏ နိုင်ငံတစ်ဝန်းတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ တိုးမြှင့်ရင်ဆိုင်နေရခြင်းကြောင့် စစ်ပန်းနေသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်ရေးများ တိုးမြှင့်လုပ်ဆောင်နေရသည်။ သို့သော် လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကို စစ်သွေးကြွများက တန်ပြန်လုပ်ဆောင်နေကြသည်။

လွန်ခဲ့သည့် ရက်သတ္တ နှစ်ပတ်အတွင်းက တာလီဘန်နှင့် အိုင်အက်စ်အဖွဲ့တို့မှ တိုက်ခိုက်ရေးသမားများ၏ အစီအရီတိုက်ခိုက်မှုများကြောင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ သေကျေဒဏ်ရာရမှုအရေအတွက် တိုးမြင့်လာခဲ့သည်။ **ဆင်ဟွာ။**

# မြို့တော်ပေကျင်း၌ လျှပ်စစ်ဘတ်စ်ကား စတင်ပြေးဆွဲပြီ



**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ လျှပ်စစ်ဘတ်စ်ကားများကို အောက်တိုဘာ ၂၂ ရက်မှစ၍ ပြေးဆွဲလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လျှပ်စစ်ဘတ်စ်ကားများကို ပထမအသုတ်အနေဖြင့် ၁၀ စီး ပြေးဆွဲစေမည်ဖြစ်ကြောင်း၊ ဘတ်စ်ကားမှာ အလျား ၁၈ မီတာ အရှည်ရှိပြီး ကိုယ်ထည်ပေါ်တွင် "တရုတ်နီ"ဟူ၍ ရေးသားဖော်ပြထားကြောင်း၊ ဘတ်စ်ကား၏ ကြမ်းပြင်မှာ ကျယ်ဝန်းပြီး လူသွားစင်္ကြံလမ်း ပါရှိကြောင်း ပေကျင်းပြည်သူ့ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လျှပ်စစ်ဘတ်စ်ကား၏ ဘက်ထရီကို ပြန်လည်ဓာတ်အားဖြည့်တင်းရေးစခန်းတွင် လျင်မြန်စွာအားဖြည့်နိုင်ကြောင်း၊ ဘတ်စ်ကားတစ်စီး ဓာတ်အားဖြည့်ချိန်မှာ ၁၅ မိနစ်မျှသာ ကြာမြင့်မည်ဖြစ်ကြောင်း၊ တစ်ကြိမ်ဓာတ်အားဖြည့်ထားလျှင် ကီလိုမီတာ ၁၃၀ အထိ မောင်းနှင်နိုင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ယခုနှစ်ကုန်ထက် နောက်မကျဘဲ မြို့တော်ပေကျင်းရှိ လမ်းများပေါ်တွင် လျှပ်စစ်ဘတ်စ်ကားစီးရေ ၄၅၀၀ ထက်မနည်း ရှိလာမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ။**

# နိုင်ငံ၏ဝင်ငွေများကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေထဲသို့ ပြည့်ဝစွာ ရောက်ရှိစေရန် လိုအပ်




**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ဘဏ္ဍာနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်သည့်ကိစ္စ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ချက်အစီရင်ခံစာ၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ခေါင်းဆောင်သည့် မြန်မာ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် မြို့များ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းတို့ကိုတင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်ပြောင်းလဲ ပြင်ဆင်သတ်မှတ်သည့်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သောင်းစိန်က ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြီးလှသည့် စနစ်တစ်ခုကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက ပြည်ပမှကျွမ်းကျင်သည့် စီးပွားရေးပညာရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဘတ်ဂျက်ရေးဆွဲရာတွင် တာဝန်ရှိသူများ၊ ဘတ်ဂျက်ကို ကိုင်တွယ်အသုံးပြုသည့် ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ အငြိမ်းစားယူသွားကြသည့် အတွေ့အကြုံရှိသူ ဝန်ထမ်းဟောင်းများနှင့် အခြားသော ပညာရှင်များပါဝင်ပြီး အပြန်အလှန်၊ အကျေအလည် ဝိုင်းဝန်းစဉ်းစားသုံးသပ်ပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း။

ဘတ်ဂျက်ကာလ ပြောင်းလဲပြင်ဆင်သတ်မှတ်ပါက အစိုးရတစ်ရပ်အနေဖြင့် ဒုတိယသက်တမ်းကာလကို ဆက်လက်တာဝန်ထမ်းဆောင်ရလျှင် အခက်အခဲမရှိနိုင်သော်လည်း အစိုးရသစ်တစ်ခု တက်လာပါက ယခင်အစိုးရ ရေးဆွဲအတည်ပြုထားသည့် ဘတ်ဂျက်ကို ပြင်ဆင်ခြင်း၊ ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်း ပြုလုပ်လာပါက လက်ရှိအစိုးရလွှဲပြောင်းစဉ်ကထက်ပင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ နှောင့်နှေးကြန့်ကြာလာနိုင်ကြောင်းကိုလည်း သုံးသပ်ရန် လိုအပ်ပါကြောင်း။

၄၃ နှစ်ကြာ ကျင့်သုံးခဲ့သည့် ဘဏ္ဍာနှစ်ကို မဖြစ်မနေပြောင်းလဲ ကျင့်သုံးမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနများအနေဖြင့် လက်ရှိ အသုံးပြုနေသည့် ဘဏ္ဍာနှစ်၏ အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်သူများ၊ အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူများဖြင့် အချိန်ယူ ဆွေးနွေးဝိုင်းဝန်း အဖြေရှာပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်းနှင့် ရေရှည်အသုံးပြုခဲ့သည့် စနစ်တစ်ခုကို အလောသုံးဆယ်ပြောင်းလဲရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ဘောဂဗေဒ)၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသောင်းထိုက်စိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုငွေပြတိုင်း ပြည်တွင်း၊ ပြည်ပမှ ချေးယူနေခြင်းကို အားကိုးနေမည့်အစား နိုင်ငံ၏ဝင်ငွေများကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေထဲသို့ ပြည့်ဝစွာ ရောက်ရှိစေရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ချေးငွေများကို အားကိုးနေခြင်းမျိုးမဖြစ်သင့်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံဖော်ဆောင်နေသည့်အချိန်တွင် အခွန်ငွေအပြည့်အဝ ရရှိရေး၊ အခွန်ထမ်းများ အခွန်ငွေအပြည့်အဝ ပေးဆောင်ရေး၊ အခွန်ရှောင်၊ အခွန်လျှော့ဆောင်ခြင်းများ မရှိစေရေးစသည်တို့ကို အလေးပေးလုပ်ဆောင်ခြင်းဖြင့် အခွန်ငွေအပြည့်အဝရရှိရေး ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ပြည်သူ့အခွန်များ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကို ပြည့်ဝစွာ ရောက်ရှိရေးအတွက် တာဝန်ကိုလုပ်ပိုင်ခွင့်ထင်ပြီး အကျင့်ပျက်ခြစားနေဆဲ ဖြစ်သည့် အခွန်ဝန်ထမ်းအချို့ကိုလည်း ထိရောက်စွာအရေးယူရန် လိုအပ်ပါကြောင်း။

နှစ်စဉ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုငွေဖြစ်သည့်အခါတိုင်း ယင်းလိုငွေကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်း၊ ပြည်ပက ငွေချေးယူမှုကို နည်းနိုင်သမျှနည်းစေရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကို ဝင်ရောက်လာမည့်ဝင်ငွေများကို ပြည့်ဝစွာရောက်ရှိရေးသည် လွန်စွာအရေးကြီးသကဲ့သို့ ပြည်သူ့ဘဏ္ဍာငွေများ အလဟဿမဖြစ်စေရေးအတွက် ဘတ်ဂျက်ခွဲဝေသတ်မှတ်ရာတွင် တိကျမှန်ကန်ပြီး လေလွင့်မှုမရှိစေရေးနှင့် လုပ်ငန်းများ အကောင်အထည်ဖော်သည့်အခါတွင်လည်း အရည်အသွေးပြည့်ဝရန်၊ အဂတိများကင်းစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြီးကြပ်ကွပ်ကဲရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ဘောဂဗေဒ)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင်နှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ**တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ကုန်သွယ်မှုအခြေအနေ၊ နိုင်ငံခြားငွေပေးငွေယူ စာရင်းအခြေအနေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေတို့ကို လေ့လာခြင်းသည် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်အသက်ဝင်သည့် အစိုးရသစ်အတွက် ကုန်သွယ်မှုနှင့် နိုင်ငံခြားငွေရှာဖွေခြင်းနှင့်ဆိုင်သည့် ပေးထားချက်များကို လေ့လာခြင်းလည်းဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ အားကောင်းခိုင်မာလာသည့်အတွက် အခြားနိုင်ငံခြားငွေကြေးများကဲ့သို့ မြန်မာကျပ်ငွေတန်ဖိုး အထိုက်အလျောက် ကျဆင်းခဲ့သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာကျပ်ငွေ ဖောင်းပွမှုနှုန်း ပိုမိုမြင့်မားခြင်းနှင့် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ရရှိနိုင်သည့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ ထိုက်သင့်သလောက် မရရှိသေးသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ မြင့်မားခြင်းများကို ရှောင်ရှားနိုင်ရန် နိုင်ငံခြားသုံးငွေ ဈေးပြိုင်လေလံမှတစ်ဆင့် အမေရိကန်ဒေါ်လာကို ပုဂ္ဂလိကဘဏ်များနှင့် ရောင်းဝယ်ဆောင်ရွက်ပေးနေသော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အသားတင်ရောင်းချမှုပမာဏ အမေရိကန်ဒေါ်လာ ၉၈ သန်းရှိခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုအခြေအနေ၊ နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေများအရ မြန်မာကျပ်ငွေအားကောင်းခိုင်မာရန် မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေနိုင်စွမ်း မြင့်တက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားငွေရှာဖွေနိုင်စွမ်းမြင့်တက်ရန် ပို့ကုန်ကဏ္ဍမြင့်တက်ဖို့ လိုအပ်ပါကြောင်း၊ ပို့ကုန်ကဏ္ဍမြင့်တက်ရန်အတွက် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်သည့် ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ ယခုအခြေအနေများကို အစိုးရသစ်အနေဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ် ထိထိရောက်ရောက် မြေတောင်မြှောက်နိုင်ရန် တိကျရေရာသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးမူဝါဒများကို ချမှတ်ပြီး အစွမ်းကုန်အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ဘောဂဗေဒ)နှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ရွယ်ချက် ကိုးချက်ထဲမှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးလာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်မထိခိုက်ရေး ရည်မှန်းချက်များသည် လက်တွေ့တွင် အားနည်းနေသည်ကို တွေ့ရသည့်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နည်းလမ်းရှာဖွေသင့်သည်ဟု အကြံပြုလိုပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံ ၄၅ နိုင်ငံရှိသည့်အနက် တရုတ်၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအားလုံး၏ ၆၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုခဲ့သည့်လုပ်ငန်းအသစ် ၅၁ ခု ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၇၇၀ ဒသမ ၃၂၅ သန်းနှင့် ငွေကျပ် ၁၄၅၉ ဘီလီယံခန့်ရှိပြီး လုပ်ငန်းဟောင်း ၁၈ ခု၏ ထပ်တိုးရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၁၈ သန်းနှင့် ငွေကျပ် ၁၁၄ ဘီလီယံခန့် ခွင့်ပြုခဲ့သည်ကို သိရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ လုပ်ငန်း ၁၁ မျိုးတွင် အိမ်ခြံမြေ၊ ကုန်ထုတ်လုပ်မှု၊ ပို့ဆောင်ရေးနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းများတွင်သာရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအများဆုံးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်သောကြောင့် ပိုမိုရင်းနှီးမြှုပ်နှံရန် နည်းလမ်းများရှာသင့်သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှဒေါ်ချိုချို၊ ရန်ကုန်တိုင်းဒေသကြီးဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ဘောဂဗေဒ)၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းနှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို အောက်တိုဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံဖော်ဆောင်နေသည့်အချိန်တွင် အခွန်ငွေအပြည့်အဝ ရရှိရေး၊ အခွန်ထမ်းများ အခွန်ငွေအပြည့်အဝပေးဆောင်ရေး၊ အခွန်ရှောင်၊ အခွန်လျှော့ဆောင်ခြင်းများ မရှိစေရေးစသည်တို့ကို အလေးပေးလုပ်ဆောင်ခြင်းဖြင့် အခွန်ငွေအပြည့်အဝ ရရှိရေး ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ပြည်သူ့အခွန်များ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေထဲကို ပြည့်ဝစွာရောက်ရှိရေးအတွက် တာဝန်ကိုလုပ်ပိုင်ခွင့်ထင်ပြီး အကျင့်ပျက်ခြစားနေဆဲဖြစ်သည့် အခွန်ဝန်ထမ်းအချို့ကိုလည်း ထိရောက်စွာအရေးယူရန်လိုအပ်**

# ဘွဲ့ရ အလုပ်လက်မဲ့ဟုဆိုသော်လည်း

—— သရက်တန်းစိုးရွှေ(စိတ်ပညာ)

ဘွဲ့ရ အလုပ်လက်မဲ့ဆိုသော စကားလေးကို ရင်ထဲတွင် ငယ်စဉ်ကတည်းက စွဲနေခဲ့ပေသည်။ စွဲနေသည့်အဓိကအကြောင်းအရင်းမှာ ဘီအီးဒီအောင်သိုက်၏ပြဇာတ်တွင် အမြဲကြားနေရသည့်အတွက်ကြောင့်ပင်ဖြစ်သည်။ ဘွဲ့ရ အလုပ်လက်မဲ့၊ B.A အလုပ်လက်မဲ့၊ အလုပ်အတွက် အင်တာဗျူးထိုင်ရ လွန်းလို့ လူတောင် ကုလားထိုင်ရုပ်ပေါက်နေပြီဆိုသော အပြောလေးများကို သဘောကျခဲ့ပေသည်။ ထိုပြဇာတ်များ ခေတ်စားသည့်ကာလမှ ယနေ့အထိတိုင် ဘွဲ့ရအလုပ်လက်မဲ့ဆိုသောအခြေအနေများကို မြင်တွေ့နေရမြဲပင်ဖြစ်သည်။

ပညာရှင်များ၏အဆိုအရ အလုပ်သမားဈေးကွက် အပြောင်းအလဲများနှင့်အတူ ပုံသေနည်းများ ပြောင်းလဲလာခြင်းဖြစ်သည်ဟု ဆိုထားသည်။ ရှေးခေတ်ကာလက ပညာတတ်တစ်ယောက်၏ အနာဂတ်တွင် တိကျသော ပုံသေနည်းတစ်ခုရှိနေသည်။ ဘီအေအောင်လျှင် မြို့အုပ်မင်းဖြစ်မည်ဆိုသော ပုံသေနည်းပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ရာထူးအဆင့်ဆင့်တက်သွားသည့် ပုံသေနည်းဖြစ်ပြီး ထိုခေတ်၏နောက်တွင် လျင်မြန်စွာပြောင်းလဲသွားသော ပုံသေနည်းအရ ဘွဲ့ရလျှင်စာရေးဖြစ်သည်ဆိုသောအဆင့်သို့ လျောဆင်းသွားခြင်းပင်ဖြစ်သည်။ ဘွဲ့ရ စာရေးအဆင့်မှ ဘွဲ့ရ လယ်သမား၊ ဘွဲ့ရ လက်သမား၊ ဘွဲ့ရပန်းရန်၊ ဘွဲ့ရ ကုန်ထမ်း၊ ဘွဲ့ရ လုံခြုံရေးမှ ဘွဲ့ရအလုပ်လက်မဲ့တို့ဖြစ်သွားခဲ့ခြင်းပင်ဖြစ်သည်။

ယခင်ခေတ်အခါက ဘွဲ့ရပညာတတ်နည်းပါးသည့်အတွက် အလုပ်နေရာပေါများနေပြီး ယခုခေတ်အခါတွင် ဘွဲ့ရပညာတတ်ပေါများလာသည့်အတွက် အလုပ်နေရာနည်းပါးလာခြင်းပင်ဖြစ်သည်။ အချို့ဆိုလျှင် အပြောင်သဘောဖြင့် ဘွဲ့ရ ပညာမတတ်ဟုပင် ပြောဆိုနေတတ်ပေသည်။ ဘွဲ့လက်မှတ်ကိုင်ကာ အလုပ်လျှောက်ရုံမျှဖြင့် အလွယ်တကူ အလုပ်မရနိုင်တော့ပေ။ အခြေခံကွန်ပျူတာတတ်ခြင်း၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောမှအစ လုပ်ငန်းအတွေ့အကြုံများပါ လိုအပ်လာပေသည်။ ဘွဲ့ရတစ်ဦးအတွက် ပုဂ္ဂလိကလုပ်ငန်းတစ်ခုတွင် အလုပ်စတင်ဝင်ရောက်ချိန် အများစုပေးသော လစာမှာ အခြေခံလစာ တစ်သိန်းငါးသောင်းမှ စတင်ပေးကြမြဲပင်ဖြစ်သည်။ သတ်မှတ်ထားသော အနည်းဆုံးလုပ်ခလစာနှင့်တွက်ချက်ကာ တစ်သိန်းကျော်မျှသာပေးကာ ခေါ်နေသည်များကိုလည်း တွေ့မြင်နေရပေသည်။ မိဘလုပ်စာ မိဘရှာဖွေထားသောငွေကြေးဖြင့် ပညာသင်ကာ လွယ်လွယ်သုံးဖြုန်းလာသူများအဖို့ အခြေခံလစာကို သိသမျှ မတန်ဟုတွက်ဆကာ အလုပ်များမှာ ရတာမလိုခြင်း၊ လိုတာမရခြင်းများ ဖြစ်နေပေသည်။

နယ်ဘက်မှလူငယ်များမှာ ငွေများကို အတိုးဖြင့်ချေးခြင်း၊ ကိုရီးယားဘာသာစကားသင်တန်းတက်ခြင်းများ၊ အခြား ဘာသာစကားသင်တန်းများတက်ကာ ပြည်ပထွက်ရေးကိုသာ အလေးထားနေတတ်ကြပေသည်။ ပြည်ပထွက်ကာ အလုပ်လုပ်သူများ၏ အိမ်များမှာ နှစ်အပိုင်းအခြားတစ်ခုအတွင်း တိုက်တာများအဖြစ် ပြောင်းလဲသွားသည်ကိုလည်း မြင်းခြံနယ်နှင့် အခြားနယ်များတွင် တွေ့မြင်နေရပေသည်။ သို့အတွက် လူငယ်များ ပြည်ပထွက်ကာ အလုပ်လုပ်ရေး ပိုမိုအားသန်လာကြပေသည်။ ပြည်ပမှ ပြန်လာလျှင်လည်း ပြည်တွင်းမှပေးသောလစာဖြင့် အလုပ်မလုပ်ချင်သည့်ရောဂါ ရလာမြဲပင် ဖြစ်သည်။

***အချို့ဆိုလျှင် အပြောင်သဘောဖြင့် ဘွဲ့ရ ပညာမတတ်ဟုပင် ပြောဆိုနေတတ်ပေသည်။ ဘွဲ့လက်မှတ်ကိုင်ကာ အလုပ်လျှောက်ရုံမျှဖြင့် အလွယ်တကူ အလုပ်မရနိုင်တော့ပေ။***

ဘွဲ့ရတိုင်း အလုပ်လက်မဲ့ဖြစ်နေခြင်း မဟုတ်ပါချေ။ မိမိ၏ခံယူမှုသဘောထားအရ အလုပ်လက်မဲ့ဖြစ်သွားခြင်းများလည်း ကြုံတွေ့နေရပေသည်။ အလုပ်ရှိသည့်အခါတွင်လည်း နှစ်ပေါင်းများစွာ လုပ်ငန်းရှင်များ၏ ခေါင်းပုံဖြတ်ခြင်းများ ခံခဲ့ရသည်များလည်း ရှိနေပေသည်။ ပွင့်လင်းမြင်သာကာ ခေတ်မီလာသည့်ကာလရောက်သည့်တိုင်အောင် အလုပ်ရှင်၊ အလုပ်သမားပြဿနာများက ဖြစ်နေမြဲပင်ဖြစ်သည်။ ဘွဲ့ရများ နှစ်စဉ် မြောက်မြားစွာ ပေါ်ထွက်လာသလို အလုပ်နေရာများစွာကိုလည်း ခက်ခက်ခဲခဲတိုးနေရဦးမည် ဖြစ်သည်။ သာမန်ဘွဲ့လက်မှတ် ကိုင်ထားရုံနှင့် မပြီးတော့ဘဲ အခြားသင်တန်းများစွာ၏အကူအညီလည်း လိုအပ်လာသည့် ခေတ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ဘွဲ့ရအလုပ်လက်မဲ့ဝေဒနာများကို အဖြေရှာဖို့ လိုအပ်လာပြီဖြစ်သည်။ အဓိအားဖြင့် အခြေခံစိတ်ဓာတ်များကို စတင်ပြောင်းလဲပစ်ရမည်ဖြစ်သည်။ ဘွဲ့ရအလုပ်လက်မဲ့ဖြစ်ခြင်းများ၏ အဓိကအကြောင်းအရင်းမှာ ဘွဲ့ရဆိုသော ဂုဏ်တစ်ခုဖြင့် ဘောပင်ကိုင်ကာ လုပ်ကိုင်ရသည့်အလုပ်များ၊ သက်သောင့်သက်သာလုပ်ကိုင်ရမည့်အလုပ်များ၊ အစိုးရဝန်ထမ်းများ၊ စာရေးများအဖြစ် အနိမ့်ဆုံးမှန်းထားသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ ဘွဲ့ရပညာတတ်များကို အမိတက္ကသိုလ်မှ ဘွဲ့နှင်းသည့်အခါ ကတိတစ်ခုတောင်းခံကာ ဆုံးမပေးလိုက်မြဲပင်ဖြစ်သည်။ “ဘွဲ့ရပညာတတ်နှင့်လျော်ညီစွာ ပြုမူကျင့်ကြံ ပြောဆိုနေထိုင်ပါမည်လော”ဟူ၍ပင်ဖြစ်သည်။ ဘွဲ့ရသူတိုင်း ပြုမူကျင့်ကြံနေထိုင်ပါမည်ဟု ကတိပေးလာမြဲပင်ဖြစ်သည်။

ပေးခဲ့သောကတိကို သတိရသင့်ပါချေပြီ။ ဘွဲ့ရပညာတတ်ခြင်းဆိုသည်မှာ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်းပင်ဖြစ်သည်။ သင်ကြားနည်းစနစ်များ၊ သင်ယူနည်းစနစ်များ၊ မိမိပညာများကို အသုံးဝင်အောင် အသုံးချနည်းများကို လမ်းညွှန်လိုက်ပြီးသားပင်ဖြစ်သည်။ ဘွဲ့ရကာ အလုပ်မရရုံဖြင့် စိတ်ဓာတ်ကျနေစရာ အကြောင်းမရှိပါချေ။ ကြိုးစားသူတိုင်းအတွက် နေရာဆိုသည်မှာ ရှိနေစမြဲပင်ဖြစ်သည်။ စာရေး မဖြစ်ရ၍ စိတ်ညစ်စရာ မလိုပါချေ။ လူတိုင်း စာရေးဖြစ်နေလျှင် ကိုယ့်စာရင်းကိုယ်သာ မှတ်နေရုံရှိပေလိမ့်မည်။ ဝန်ထမ်းမဖြစ်ရ၍ စိတ်ညစ်စရာမလိုပါချေ။ လူတိုင်း ဝန်ထမ်းချည်းဖြစ်နေ၍ မရပါချေ။ တာဝန်အသီးသီး လုပ်ငန်းအထွေထွေ ကဏ္ဍများစွာ ကျန်ရှိနေမြဲပင်ဖြစ်သည်။

အားငယ်သော အတွေးအစား အားကြွယ်သော အတွေးများ အစားထိုးရပေမည်။ စိတ်ဓာတ်ကျခြင်းအစား စိတ်ဓာတ်တက်ကြွခြင်းများကို ဖြည့်စွက်ပေးရပေမည်။ သူများက ကိုယ့်ကိုခိုင်းစေသော ကျွန်ဘဝထက် ကိုယ်က ကိုယ့်ကိုယ်ကိုယ် ခိုင်းနိုင်သော သခင်ဘဝကို အားကျဂုဏ်ယူရမည်ဖြစ်ပေသည်။ မကောင်းတာ လုပ်ရမည်ကိုသာ ရှက်ရမည်။ မကောင်းတာ တွေးတောကြံစည်လုပ်ကိုင်ခြင်းကိုသာ ရှက်ရမည်ဖြစ်သည်။ သို့အတွက် ဘွဲ့ရ အလုပ်လက်မဲ့ဟုဆိုသော်လည်း တိုးတက်နိုင်သည့်စွမ်းအားများ သူဌေးဖြစ်နိုင်သည့် အရည်အချင်းများရှိနေသည်ဆိုသည်ကို ယုံကြည်ရင်း တက်ကြွနိုးကြားခြင်းများဖြင့် စတင်ချီတက်သင့်လှပါပေသည်။ ။

# အိန္ဒိယက လက်မခံတော့သည့် လက်ကျန်ပဲစင်းငုံများကို မုံရွာကြာဆံစက်များက ဖြုန်းပေးနေ

မုံရွာ အောက်တိုဘာ ၂၃

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲစသည်တို့ တင်သွင်းမှုကန့်သတ်လိုက်ပြီးနောက်ပိုင်းတွင် ပဲစင်းငုံအများအပြား လက်ကျန် ကျန်ရှိနေရာ မုံရွာမြို့တစ်မြို့တည်းကသာ ထုတ်လုပ်တင်ပို့နေရသော ကြာဆံလုပ်ကိုင်သူများက ပဲစင်းငုံကို ဒေသတွင်းသုံးအဖြစ် ယခင်ကထက် ထက်ဝက်ပိုသုံးကာ ကြာဆံများထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း မုံရွာစက်မှုဇုန်ဥက္ကဋ္ဌ ကြာဆံလုပ်ငန်းလုပ်ကိုင်သူ ဦးဝေတင့်ထံမှ သိရသည်။

“ကြာဆံစက်တွေအနေနဲ့ ပဲစင်းငုံကို ပိုပြီးသုံးပေးကြဖို့ သက်ဆိုင်ရာက မေတ္တာရပ်ခံလာပါတယ်။ လက်ရှိ ကြာဆံစက်တိုင်းမှာ ပဲစင်းငုံသုံးနေပါတယ်။ ကြာဆံစက်တွေက မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ ဘာပဲဖြစ်ဖြစ်သုံးလို့ရတယ်။ လက်ရှိ အိန္ဒိယကိုမသွားနိုင်တဲ့ ပဲတွေ ဖြုန်းပေးနေပါတယ်။ အကုန် မကုန်တောင် တစ်ဝက်တော့ ကုန်ပါတယ်။ စက်မှုဇုန်ထဲက ပဲခွဲစက်တွေစမ်းပြီး ပဲစင်းငုံကို ခွဲနေပါပြီ။ ပဲကြော်ဖိုတွေကလည်း ပဲစင်းငုံကြော်ဖို့စမ်းနေပါတယ်”ဟု ဦးဝေတင့်က ပြောသည်။

မုံရွာကြာဆံစက်တွင် လုပ်ကိုင်နေသောလုပ်သားတစ်ဦးက “နဂိုက တစ်အိတ်လောက်သုံးနေရာက အခု နှစ်အိတ်သုံးနေတဲ့အတွက် ထက်ဝက်လောက် ပိုသုံးလာပါတယ်။ အရင် ၁၀ ရာခိုင်နှုန်းသုံးတယ်ဆို အခု ၂၀ ရာခိုင်နှုန်းသုံးနေပါတယ်။ ရာသီဥတုအေးတဲ့ ဆောင်းရာသီဆိုရင် ပဲစင်းငုံကို ကြာဆံသမားတွေ ပိုသုံးလို့ရပါတယ်။ သုံးဖို့လည်းရှိပါတယ်။ နည်းပညာအရ ကြာဆံထုတ်တဲ့နေရာမှာ ကုလားပဲကတော့ အဓိကပါ”ဟု ပြောပြသည်။

မုံရွာကြာဆံစက်ပိုင်ရှင်တစ်ဦးက ပဲစင်းငုံနှင့် ကုလားပဲကို နှိုင်းယှဉ်ရှင်းပြရာတွင် “ပဲစင်းငုံအရည်အသွေးကတော့ ကုလားပဲကိုမမီဘူး။ ပဲစင်းငုံတွေကို အချိုးညီညီသုံးတာဖြစ်တဲ့အတွက် ပဲစင်းငုံကထုတ်တဲ့ ကြာဆံတွေဟာ အရည်အသွေး ထိခိုက်တာတွေမရှိပါဘူး။ ပဲစင်းငုံကို သုံးမရတဲ့အထိ ညံ့ရင်တော့ မသုံးပါဘူး။ အခုဟာက ဈေးကွက်အတွက် အရည်အသွေးကောင်း ကြာဆံထွက်တဲ့အတွက် သုံးနေကြတာပါ”ဟု ရှင်းပြသည်။ စားသုံးသူများအနေဖြင့် ကြာဆံတွင် စားတော်ပဲပါသလို ကုလားပဲလည်းပါပြီး ပဲစင်းငုံလည်းပါသည့်အတွက် အရသာပြောင်းလဲမှုမရှိကြောင်း သိရသည်။ ယခင်က ပဲစင်းငုံဈေးသည် ကုလားပဲဈေးထက် မြင့်သည့်အတွက် ကြာဆံထဲတွင် ပဲစင်းငုံပါဝင်မှုမရှိခဲ့ရာမှ နောက်ပိုင်းတွင် ပဲစင်းငုံဈေးသည် ကုလားပဲဈေးအောက်ရောက်သွားခြင်းကြောင့် ပဲစင်းငုံကို ကြာဆံထုတ်ရာတွင် ထည့်သွင်းအသုံးပြုလာခြင်းဖြစ်သည်။ ပဲစင်းငုံပါသည့် ကြာဆံဈေးနှင့် ကုလားပဲနှင့်လုပ်သည့် ကြာဆံဈေးနှုန်းမှာ ဈေးအတူတူပင်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

ဖတ်စရာ မှတ်စရာ

# ဟိုဘက်ကမ်းက မီးထိန်ထိန် ဒီဘက်ကမ်းက မီးထိန်ထိန်

ကျွန်မတို့ နေ့စဉ်အသုံးပြုနေတဲ့စွမ်းအင်တွေထဲမှာ နေစွမ်းအင်၊ လေစွမ်းအင်၊ စက်စွမ်းအင်၊ အဏုမြူစွမ်းအင် စသည်ဖြင့် ထင်ရှားသည့်စွမ်းအင်တွေရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ နေ့စဉ်အသုံးပြုနေတဲ့စွမ်းအင်ကို ရေအားလျှပ်စစ်ကနေ အဓိကထုတ်လုပ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအင်ကို ၄၀ ရာခိုင်နှုန်းသာ အသုံးပြုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသတွေမှာ ပင်မဓာတ်အားပေးလိုင်းများ မဆက်သွယ်နိုင်သေးတာကြောင့် လျှပ်စစ်မီးမပေးနိုင်သေးတဲ့ဒေသတွေ ရှိနေပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုနိုင်အောင် ဆောင်ရွက်ကြပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ဆိုတာ လုံးဝမကုန်ခန်းနိုင်တဲ့ စွမ်းအင်တွေဖြစ်နေတဲ့ နေရောင်ခြည်မှရသောစွမ်းအင်၊ လေမှရသော စွမ်းအင် စသည်တို့ဖြစ်ပါတယ်။ နေရောင်ခြည်မှာပါတဲ့ ဖိုတွန် အမှုန်လေးတွေကို ဆိုလာပြားပေါ်ကျရောက်စေပြီး ၎င်းမှ တိုက်ရိုက်လျှပ်စီးထုတ်ပေးခြင်းဖြင့် အိမ်သုံးဆိုလာမီးကို ရရှိနိုင်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၃၈၉၉ ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသများမှာ နေထိုင်ကြပါတယ်။ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် မီးလင်းရေးကလည်း များစွာအထောက်အကူပြုပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (NEP)ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်ချေးငွေ၊ ပြည်သူအချိုးကျထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ကွာဝေးသော ကျေးရွာ(သို့) နောင် (၁၀)နှစ်အထိ လျှပ်စစ်မီးမရရှိနိုင်သောကျေးရွာများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများအတွက် ဧရာဝတီမြစ်အတွင်းရှိ ကျွန်းရွာများ၊ မြို့နှင့် အလွန်အလှမ်းဝေးကွာသောဒေသများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

Mini-Grid ဆောင်ရွက်လိုသော ဧရိယာများရှိပါက နောင် ၁၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အား မရောက်သောကျေးရွာများဖြစ်ရပြီး ပြန်လည်ပြည့်ဖြိုးစွမ်းအင်အရင်းအမြစ် တစ်နှစ်ပတ်လုံးရရှိနိုင်သည့်ဒေသများကို ဆောင်ရွက်ပေးပါတယ်။

ကျွန်မတို့နိုင်ငံအတွက် အဓိက ဆန်၊ စပါးစိုက်ပျိုးသည့် မြန်မာနိုင်ငံ၏ စပါးကျီဟုခေါ်တွင်သော ဧရာဝတီတိုင်းဒေသကြီးမှာ ကျေးရွာပေါင်း ၁၁၉၅၃ ရွာ ရှိပါတယ်။ ကျေးရွာအများစုမှာ ရေလမ်းခရီးဖြင့် သွားလာဆက်သွယ်ရသော ကျေးရွာများဖြစ်ပါတယ်။ ဒါကြောင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအား အဓိကအထောက်အကူပြုသည့် မီးလင်းရေးအတွက် တစ်အိမ်သုံးဆိုလာမီးတပ်ဆင်ရေး အမျိုးသားလျှပ်စစ်အားရရှိရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဆိုလာအသေးစားစနစ်အသုံးပြုနိုင်မှု (ဝပ် ၆၀) တပ်ဆင်ပါက အသုံးပြုနိုင်မှုက မီးလုံး လေးနာရီ၊ တီဗွီ သုံးနာရီနှင့် ဖုန်းအားသွင်းနိုင်ခြင်း လေးနာရီအသုံးပြုနိုင်ပါသည်။ ဆိုလာအကြီးစားစနစ်(ဝပ် ၁၀၀) တပ်ဆင်ပါက မီးလုံး ငါးနာရီ၊ တီဗွီ လေးနာရီ၊ ပန်ကာ သုံးနာရီ၊ ဖုန်းအားသွင်းနိုင်ခြင်း လေးနာရီအသုံးပြုနိုင်ပါတယ်။ အရည်အသွေးပြည့်မီသော တစ်အိမ်သုံးဆိုလာစနစ်အား အိမ်တိုင်ရာရောက်တပ်ဆင်ပေးပါတယ်။ ထိုသို့ အိမ်တိုင်ရာရောက်တပ်ဆင်ပေးရုံမက မိမိကျေးရွာရှိ ကျောင်း၊ ဆေးပေးခန်း၊ လမ်းမီး၊ ဘာသာရေးအဆောက်အအုံများကို NEP စီမံကိန်းမှ အခမဲ့တပ်ဆင်ပေးပါတယ်။

ယခုဆိုလျှင် ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ NEP စီမံကိန်းဖြင့် ကျေးရွာ ၁၄၃ ရွာတွင် တစ်အိမ်သုံးဆိုလာမီးများ တပ်ဆင်နိုင်ခဲ့ပြီး ဆက်လက်တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်းလည်း သတင်းကောင်းပါးလိုက်ပါသည်။

အေးအေးကြူ(ကျေးလက်ဦးစီး)



# ရှေ့နေနှင့် သတိတမန်

## ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆောင်းပါးတွေ မတွေ့ဘူး။ ကြာပြီ"
"ခရီးသွားနေလို့ဗျ။ သတင်းခရီးပါ။"
"ဘယ်လို သတင်းခရီးလဲဗျ"
"သတိတမန်နဲ့ပတ်သက်နေပါတယ်။"
"ဘာကိုဆိုလိုတာလဲ"
"ဖတ်ကြည့်စို့ဗျ"


THE GLOBAL NEW LIGHT OF MYANMAR
UN envoy visits northern Rakhine

**ကုလသမဂ္ဂအဖွဲ့**

ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ သွားရောက်သည့်သတင်း (UN envoy visits northern Rakhine)ကို နိုင်ငံပိုင်သတင်းစာများတွင် မျက်နှာဖုံးသတင်းအဖြစ် ဖတ်ရသည်။

**လူသားချင်းစာနာ**

(၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေး။
(၂) ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေး။
(၃) ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည့်သတင်းပါ။ ကျွန်တော်သတင်းသမား မပျင်းအား၊ သတင်းခရီးအပြီးသွားရောက်၊ ပေါက်ရောက် အောင်မြင်၊ နယ်အစုံအလင်ဖြစ်ပါသည်။

**ဘာသာစုံ**

အစ္စလာမ်ဘာသာဝင်များ၊ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ မြန်မာကို ကမ္ဘာက အာရုံစိုက်နေချိန်တွင် ပကတိအခြေအနေသိကြပါစေ။ အကြမ်းဖက်မှု၊ အခက်အခဲ၊ လက်ရှိအခြေအနေ၊ လိုအပ်ချက်အဖုံဖုံ၊ စိုးရိမ်စိတ်၊ နိုင်ငံသားစိစစ်ရေး၊ အလိုတော်ပြည့်ဆရာတော်၏ ကူညီစောင့်ရှောက်မှု၊ ဒေသတည်ငြိမ်ရေး၊ မတူညီသည့်လူ့အဖွဲ့အစည်းသတင်းများ သတင်းမှန်၊ သတင်းစစ်၊ ခြေခြေမြစ်မြစ်သိရမည့်ကာလ၊ စေ့စေ့စပ်စပ် အလုပ်လုပ်ရမည့်အချိန်၊ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ရမည့်အချိန်။

**သတိတမန်ဖွင့်ဆိုချက်**

သတိ- အောက်မေ့ခြင်း၊ အမှတ်ရခြင်း။
- ရှေးလွန်လေပြီးတရားကို သတိတရားဖြင့် အောက်မေ့ခြင်း။
- တပ်သားစသည်တို့ ခြေစုံရပ်လျက်၊ ကိုယ်ကို မတ်မတ်ထား၍ လက်နှစ်ဖက်အောက်သို့ ဖြောင့်ဖြောင့်ချထားကာ အမိန့်ကို အာရုံစိုက်၊ နားစွင့်နေသော အနေအထား(မြန်မာအဘိဓာန်၊ အတွဲ-၄၊ စာ-၁၇၂)

တမန်- မင်းတစ်ပါးက မင်းတစ်ပါးထံသို့ စေလွှတ်စကားစေခိုင်းသူ။
- သူ့တိုင်းကားမှ ဘိုးများမင်းဟန်လက်ဆောင်မွန်နှင့် တမန်တံဆေး၊ သံ့သေးလာကြိုက်၊ ရောက်မဆိုက်ဝယ် (ဆိုစကား)
- စေလွှတ်ခံရသူ(သံ) (မြန်မာအဘိဓာန်၊ အတွဲ-၂၊ စာ-၈၃)

"သတိတမန်"၏ ဖွင့်ဆိုချက်ဖြစ်ပါသည်။ "သတိတမန် ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့အုပ်"ဟူသော မြန်မာ့ဆိုရိုးစကား လေးစားပါ၏။ အောက်မေ့ပါ၏။ သတိထားပါ၏။ မှတ်သားပါ၏။ လိုက်နာပါ၏။ ဆက်လက်တင်ပြပါရစေ။

**ရန်သူဟောင်းနှစ်ယောက်**

"ရာဇဝင်တွင်ရစ်မယ့်စကားဝိုင်းများ" (Kissinger Transcript) ဟူသော စာအုပ်ကို စာရေးဆရာကျော်ဝင်းက ၂၀၀၄ ခုနှစ်က ရေးသားပြုစုဘာသာပြန်ဖူးသည်။ ဟင်နရီကစ်ဆင်ဂျာကဲ့သို့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးအကြောင်း၊ ဥက္ကဋ္ဌကြီး မော်စီတုံး၊ ဝန်ကြီးချုပ် ချူအင်လိုင်း စသည့်တရုတ်ခေါင်းဆောင်ကြီးများ၊ အမေရိကန်သမ္မတ နစ်ဆင်ကဲ့သို့ ထင်ရှားသူများနှင့် စကားဝိုင်းဆွေးနွေးခန်းများအကြောင်း (မူရင်းအတိုင်း) ရေးသားတင်ပြခြင်းဖြစ်သည်။

**ရှေ့နေတစ်ယောက်ထွန်းပေါက်နမူနာ**

ရှေ့နေတစ်ယောက်အဖို့ နမူနာယူစရာတွေ ရှာဖွေရသည်။ စာအုပ်တွေ ဖတ်ရသည်။ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ ဘာပြောသလဲ။ ဘယ်လိုစကားပြောသလဲ။ ဘယ်လိုသံတမန် အခင်းအကျင်းခင်းသလဲ။ ဟာသဉာဏ် မည်သို့ရင့်သန်သလဲ။ ရန်သူဖြစ်သော်ငြား မိတ်ဆွေလား။ တိုင်းရေးပြည်ရေးဦးစားပေးပုံ၊ အပေးအယူ၊ အနစ်နာခံမှု၊ တစ်ထွာပြသော်လည်း တစ်တောင်မြင်။ ဤသို့ခံယူတွေး၍နမူနာယူ။ အောက်ပါစာပိုဒ်များဖတ်ကြည့်ရာ-

| | | |
|---|---|---|
| နေ့ရက် | - | ၁၉၇၂၊ ဖေဖော်ဝါရီ ၂၁ (တနင်္လာ) |
| အချိန် | - | နေ့လယ် ၂ နာရီ မိနစ် ၅၀ မှ ၃ နာရီ ၅၅ မိနစ် |
| နေရာ | - | ပီကင်းမြို့တော် ဥက္ကဋ္ဌ မော်စီတုန်း၏နေအိမ် (စကားဝိုင်း) |

နစ်ဆင် - ဥက္ကဋ္ဌကြီး စာသိပ်ဖတ်တယ်လို့ သိရတယ်။ ဝန်ကြီးချုပ်ရဲ့ အပြောအရဆိုလျှင် သူ့ထက်အများကြီး စာပိုဖတ်နိုင်တယ်. . . တဲ့။

မော်စီတုန်း - ခုလောလောဆယ်တော့ ဦးနှောက်စားနေပြီ သမ္မတကြီးရေ့။ မနေ့က လေယာဉ်ပျံပေါ်မှာ သမ္မတကြီးတင်လိုက်တဲ့ ပြဿနာလေ။ "ဒဿနရေးရာ" ဆွေးနွေးကြမယ်ဆို. . . ဟုတ်လား။

နစ်ဆင် - ဒီလိုပါ ဥက္ကဋ္ဌကြီးရယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးရဲ့ ကဗျာတွေကို ဖတ်ဖူးတယ်။ မိန့်ခွန်းတွေကိုလည်း လေ့လာဖူးတယ်။ ဒီကတည်းက ဥက္ကဋ္ဌကြီးဟာ တကယ်လို့ "ပရော်ဖက်ရှင်နယ် ဒဿနပညာရှင်"ဆိုတာ သိနေလို့ပါ။

မော်စီတုန်း - (ကစ်ဆင်ဂျာကိုကြည့်ရင်း) ဒီဘက်က ဒေါက်တာကဖလော်ဆော်ဖီ ပါမောက္ခနော်။

နစ်ဆင် - ဟုတ်ကဲ့။ ဒဿနရေးရာမှာ သူကျွမ်းပါတယ်။

ကစ်ဆင်ဂျာ - ကျွန်တော်ကျောင်းဆရာပါ ဥက္ကဋ္ဌကြီး။ ဟားဗက်မှာ ကျွန်တော်စာသင်ပါတယ်။ ကျွန်တော်ကိုင်ရတဲ့ အတန်းတွေမှာ ကျွန်တော်ညွှန်းလေ့ရှိတဲ့ စာအုပ်တွေက ဥက္ကဋ္ဌကြီးရဲ့ လက်ရွေးစင်ကျမ်းတွေပါ။

မော်စီတုန်း - ကျွန်တော့်စာတွေလား။ ဘာမှမဟုတ်ပါဘူးဗျာ။ မှတ်လောက်သားလောက်ဆိုလို့ တယ်မပါလှပါဘူး။

နစ်ဆင် - ဒါတော့ ကျွန်တော်လက်မခံဘူး ဥက္ကဋ္ဌကြီး။ ဒီစာတွေက တိုင်းပြည်ကြီးတစ်ပြည်ကို အကြီးအကျယ် ပြောင်းစေခဲ့ပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးကိုလည်း ကိုင်လှုပ်နိုင်ခဲ့ပါတယ်။ (စာ-၁၁)

**အခြားစကားဝိုင်းတစ်ခု**

ကစ်ဆင်ဂျာ- ပညာရေးဖလှယ်မှုအစီအစဉ်တွေ ကျွန်တော်တို့ လုပ်ကြတာပေါ့။ ဒါဆိုရင် တရုတ်လူငယ်တွေကို ကမ္ဘာကြီးနဲ့အဆက်ဖြတ်ထားလို့မဖြစ်ဘူး။ ပညာတော်သင်တွေထဲက အချို့လည်း တရုတ်ပြည်ပြန်ချင်မှ ပြန်လာမှာပေါ့။ ကိစ္စမရှိဘူး။ ခင်ဗျားတို့ အမေရိကန်တွေက တရုတ်တွေလို မဟုတ်ဘူးမို့လား။ နိုင်ငံခြားသားဆိုပြီး ခွဲခြားတာမျိုးမရှိဘူးမို့လား။ ကျွန်တော်တို့ လူမျိုးက အစွဲကြီးတယ်ဗျ။ ဟိုတုန်းက နိုင်ငံခြားရောက်သွားတဲ့ တရုတ်တွေဆိုရင် အဓိကဒေသခံဘာသာစကားကို မသင်ကြဘူး။ (စကားပြန် မစ္စတန်ဘက်လှည့်ရင်း) ဒီမိန်းကလေးရဲ့ အဘိုးဆိုရင် အင်္ဂလိပ်စာသင်ဖို့ ငြင်းခဲ့ဖူးတာပေါ့။ မျိုးဆက်ဟောင်း တရုတ်တွေက အတော်ခေါင်းမာတယ်ဗျ။ ကျွန်တော်တို့ အရွယ်တွေပေါ့။ ကွန်ဆာဗေးတစ်ဖြစ်တာပေါ့ဗျာ။ ခုခေတ် လူငယ်မျိုးဆက်သစ်တွေကတော့ ဒါမျိုးမဟုတ်တော့ပါဘူး။

ကစ်ဆင်ဂျာ- အမေရိကန်မှာတော့ အားလုံးလိုလို အင်္ဂလိပ်စကားပဲ ပြောကြပါတယ်။ (စာ-၄၃)

**နောက်စကားဝိုင်းတစ်ဝိုင်းမှာ**

မော်စီတုန်း- ကျွန်တော်သူ့ကို ပြောလိုက်တာ တစ်ခုပဲရှိသေးတယ်ဗျ။ ကျုပ်တို့ ခြောက်ယောက်လုံး မာ့စ်ဝါဒီမဟုတ်ဘူး လို့. . .။ (ရယ်သံများ) ဟုတ်တယ်လေ။ သူတို့က ကျွန်တော်တို့ကို "တရားသေသမား"တဲ့။ ကျွန်တော်တို့ကလည်း သူတို့ကို "ပြန်လည်ပြင်ဆင်ရေးသမား"တဲ့။ ဘယ်မှာ မာ့စ်ဝါဒီဟုတ်လို့တုန်း။ ကျွန်တော်ပြောတာက မဟုတ်ဘူးလား။ (နောက်ထပ်ရယ်သံများ)

ဒါပေမယ့် ကျွန်တော့်ကို ကိုယ်တိုင်လာတွေ့တာနဲ့ပဲ ကျွန်တော် လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပေးလိုက်ပါတယ်။ အနှစ်တစ်ထောင်လောက် လျှော့လိုက်မယ်လို့ (နောက်ထပ်ရယ်သံများ)။ နောက်ထပ်လာသေးတယ်။ ရိုမေးနီးယားက ဘော်ဒီလော့စကီး။ ဒီတစ်ခါလည်း အနှစ်တစ်ထောင်ထပ်လျှော့လိုက်ပါတယ်။ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲနော်။ ကျွန်တော်လည်း တတ်နိုင်သလောက်တော့ လျှော့တာပဲ။ တစ်ခါလျှော့ရင် အနှစ်တစ်ထောင်။ နည်းတာမှတ်လို့။ (အဆက်မပြတ်ရယ်သံများ)

အဲ. . . ချောင်ဆက်စကူးကိုယ်တိုင် နောက်တစ်ကြိမ်ထပ်လာသေးတယ်ဗျာ။ ဒီတစ်ခေါက်တော့ ပွင့်ပွင့်လင်းလင်း ပြောလိုက်တယ်ဗျာ။ "ခင်ဗျားဘာပြောပြော နောက်ထပ်တော့ မလျှော့နိုင်တော့ဘူး"လို့။ (အတောမသတ်သည့်ရယ်သံများ)

ကစ်ဆင်ဂျာ- (အားပါးတရရယ်ရင်း) ကောင်းလိုက်တာ။ တရုတ်ပြည်ရဲ့ နည်းဗျူဟာကို အတုခိုးရမယ်ဗျို့။

မော်စီတုန်း- အေးဗျာ စကားပြောရတာ သိပ်အားမရဘူး။ သွားနှစ်ချောင်းတောင် ကျိုးနေလို့။(စာ-၇၁)

**ယနေ့တိုင် ခေတ်မီဆဲ**

ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများမှာ လွန်ခဲ့သောအနှစ် ၄၀ ကျော်ကပါ။ ကျွန်တော်ရှေ့နေတစ်ယောက်အနေဖြင့်မူ မနေ့တစ်နေ့ကလိုပါပဲ။ မှတ်သားစရာ၊ အတုယူစရာအဖြစ် ယနေ့တိုင်ခေတ်မီဆဲပါ။ တွေးထင်ရစ်သည်ပါ။ ဘာကြောင့် သူတို့နိုင်ငံ့ခေါင်းဆောင်ဖြစ်ကြတာလဲ။ ဘာကြောင့် ကမ္ဘာကျော်နိုင်ငံခြားရေးဝန်ကြီး ဖြစ်ရတာလဲ။ ဘာကြောင့် ထူးချွန်ထက်မြက်ကြတာလဲ။ ဘာကြောင့် ရန်သူက မိတ်ဆွေဖြစ်နေတာလဲ။ သံခင်း၊ တမန်ခင်း စီးချင်းထိုးပွဲတွေမှာ လက်နက်မပါဘဲ နှုတ်မှုစွမ်းရည်ဖြင့်သာ ယှဉ်ပြိုင်နိုင်ကြတာ ဘာကြောင့်လဲ။ ရင်းရင်းနှီးနှီး ရန်ဖြစ်တာလေးကလည်း "ချစ်စရာပင်ကောင်းနေသေး"ဟု ကျွန်တော်တွေးမိသည်။ မြင်မိသည်။ စာရေးဆရာကျော်ဝင်း၏ ကျေးဇူးပါပဲ။




**ထားရှိရမည့် သတိတမန်**

ဤသို့ဖြင့် သတိတမန်အကြောင်း၊ ရာဇဝင်တွင်ရစ်မယ့် စကားဝိုင်းများအကြောင်း၊ ကုလသမဂ္ဂအဖွဲ့ မြန်မာပြည်ရခိုင်ဒေသသို့ လာရောက်လေ့လာသည့် သတင်းများအကြောင်း စာရှုသူဖတ်ပြီးပြီ။ အခြေခံအချက်ကဘာလဲ။

- ကျွန်တော်(ရှေ့နေ) ဘာပြောချင်တာလဲ။
- ကျွန်တော်တို့ထားရှိရမည့် သတိတမန်အကြောင်းပါပဲ။
- သတင်းမှားကို မစဉ်းစားဖို့
- သတင်းမှန်ကို မခွင်းမချန်ပြောကြားဖို့
- ဘက်လိုက်ခြင်းကို တိတိကျကျရှောင်ဖို့
- မီဒီယာ၏ အခန်းကဏ္ဍသည် ဒီမိုကရေစီနိုင်ငံများမှာ အရေးပါကြောင်း သဘောပေါက်ကြဖို့
- အချုပ်အခြာအာဏာပိုင်မှုကို အသိအမှတ်ပြုဖို့
- မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒကို လွတ်လပ်စွာ အကောင်အထည်ဖော်ဖို့
- ထိလွယ်ရှလွယ် ပြဿနာငယ်တွေကို ပြဿနာအကြီးကြီးမဖြစ်စေဖို့ စသည့် အခြေခံအချက်များကို ကျွန်တော်တင်ပြလိုရင်း ဖြစ်ပါသည်။
- ကျွန်တော် (ရှေ့နေ) ဉာဏ်မမီသော အရေးကြီးကိစ္စများလည်း ရှိနိုင်သေးသည်။ ဖြည့်စွက်ကူညီဆောင်ရွက်နိုင်ကြပါသည်။ သမာသမတ်ဖြစ်ဖို့ကတော့ အရေးကြီးပေလိမ့်မည်။

**နိဂုံး**

(၁) သတိတမန် ဉာဏ်မြေကတုတ်။
(၂) ပညာစွမ်း ချွန်းကဲ့သို့အုပ်။
(၃) မြန်မာ့ဆိုရိုးစကား ထင်ရှားလှသည်။
(၄) သတိဟူသည် ပိုသည်မရှိ။
(၅) သတိတမန်သည် မှန်ကန်ပါသည်။

ရှေ့နေအတွေး ဖေးမကူညီနိုင်ကြပါစေကြောင်း. . .။ ။

## ပြည်တွင်းရေးရာ

### ☆ မြန်မာ့ဒီရေတောမှ

အစည်းအဝေးတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၆) ဖြင့် အဖွဲ့ဝင် ၁၉ ဦးပါဝင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၁၀) ချက်ချမှတ်ခဲ့ပါကြောင်း၊ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ် ၃ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၉) ချက်ချမှတ်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် (၅)ချက်ချမှတ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၁၄ ချက်ရှိပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ငါးချက်ရှိပြီး ကျန် ကိုးချက်မှာ ဆောင်ရွက်ဆဲဖြစ်ပြီး အမြန်ပြီးမြောက်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်(၆)ရပ်ချမှတ်ခဲ့ပါကြောင်း၊ ယင်းအပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ လိုအပ်သည့်ဖွဲ့စည်းမှုတွင် အစိုးရဌာနကိုယ်စားလှယ်များနှင့် ပြင်ပမှပညာရှင်ကိုယ်စားလှယ်များပါဝင်သော ကျွမ်းကျင်မှုအဖွဲ့များ ဖွဲ့စည်းရန်နှင့် ဖွဲ့စည်းဆောင်ရွက်ပြီးပါက မိမိတို့ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် ပိုမိုမြန်ဆန်သွက်လက်လာမည်ဟု မျှော်လင့်ပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသဂေဟစနစ်များသည် ၎င်းတို့၏ ဂေဟစနစ်ဝန်ဆောင်မှုများအပါအဝင် အမျိုးမျိုးသောထုတ်ကုန်ပစ္စည်းများနှင့် မိမိတို့လူ့ဘောင်လောက၏ လူမှုစီးပွားဘဝကို များစွာအထောက်အကူပြုပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)က ပြုစုတင်ပြသည့် The Economics of Ecosystems and Biodiversity အစီရင်ခံစာဖော်ပြချက်အရ ကမ္ဘာကြီးက လူသားအားလုံးကိုပေးနေသည့် ဂေဟစနစ်ဝန်ဆောင်မှု စုစုပေါင်း၏ သုံးပုံနှစ်ပုံသည် ပင်လယ်နှင့် ကမ်းရိုးတန်း ဂေဟစနစ်များက ဖြစ်သည်ဟုသိရပါကြောင်း၊ ထို့ကြောင့် ၂၁ရာစု အစီအစဉ် (Agenda 21)၊ မိမိတို့လိုလားသည့်အနာဂတ်(The Future We Want)၊ ရေရှည်တည်တံ့စေသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals) စသည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်များနှင့် ရည်မှန်းချက်ပန်းတိုင်များတွင် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ရေးနှင့် စနစ်တကျစီမံအုပ်ချုပ်ရေးတို့ကို အလေးထားထည့်သွင်းစဉ်းစားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသသည် ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်ကြီး (Bay of Bengal Large Marine Ecosystem) တစ်ခုလုံး၏ ငါးပုံတစ်ပုံရှိပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝပြီး ရှည်လျားသည့်ကမ်းရိုးတန်းနှင့် ကျယ်ပြန့်သည့်ပင်လယ်ပြင်၊ ကျွန်းကြီးကျွန်းငယ်ပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစုစသည့် မြေပြင်ရေပြင်အခြေအနေများသည် သဘာဝကပေးထားသော နိုင်ငံ၏ အဖိုးတန်အမွေအနှစ်ဖြစ်ပါကြောင်း၊ EU-IMG အဖွဲ့၏ သုတေသနပြုချက်အရ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဒီရေတောဂေဟစနစ်များမှ ရရှိနေသည့် ကမ်းရိုးတန်းဒေသများကို အကာအကွယ်ပေးခြင်းနှင့် ငါး၊ ပုစွန်တို့ပေါက်ပွားရန် အစားအစာနှင့်နေရာပေးခြင်းစသည့်ဂေဟစနစ်ဝန်ဆောင်မှုနှစ်မျိုး၏ စီးပွားရေးအရတန်ဖိုး (Ecosystem Valuation) တွက်ချက်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိသည်ဟုဆိုပါကြောင်း၊ အဆိုပါတန်ဖိုးများကို ဖော်ပြပြောကြားရသည့်အကြောင်းမှာ ငွေကြေးတွက်ချက်မှုအရ ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးများကို သိရှိပြီး အလေးထားကာကွယ်ထိန်းသိမ်းရန်နှင့် သယံဇာတများကို စနစ်တကျအသုံးပြုသွားကြပြီး အနာဂတ်သားစဉ်မြေးဆက်ကို ဆက်လက်အမွေပေးနိုင်ရန်အတွက် ရေရှည်တည်တံ့သောနည်းဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း။

လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းချက်များနှင့် အခက်အခဲများရှိပါက ယင်းပြဿနာများကို ဖြေရှင်းရာတွင် ကြိုးကြပ်လမ်းညွှန်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အစည်းအဝေးများကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်းများမှတစ်ဆင့် ဒေသအလိုက် ဖြေရှင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ပိုမိုသိရှိလာခဲ့ပါကြောင်း၊ ပြဿနာများဖြေရှင်းနိုင်ရန်အတွက် ပြီးပြည့်စုံသည့် ပင်လယ်ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှု(Management)နှင့် သဘာဝသိပ္ပံ (Natural Science) ဆိုင်ရာအချက်အလက်များကို ပြည့်ပြည့်စုံစုံစုစည်းထားရန် လိုအပ်ပါကြောင်း၊ ထိုသို့သိရှိရန်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ ပြီးပြည့်စုံသည့် ဆန်းစစ်လေ့လာမှုလုပ်ငန်းကို အချိန်ကာလအလိုက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တက်ရောက်လာသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးက သတင်းအချက်အလက်များကို ပေါင်းစပ်စုစည်းပြီး တစ်နိုင်ငံလုံးအတွက် ပင်လယ်ကမ်းရိုးတန်းဒေသ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တစ်ခုတည်ထောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်က "Bay of Bengal Large Marine Ecosystem Project" က ထုတ်ဝေသော လက်ကမ်းစာစောင်တစ်ခုတွင် မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသ၌ လူတို့ကြောင့် သဘာဝသယံဇာတများ ဆုံးရှုံးပျက်စီးခြင်း (Human impacts lead to degradation and depletion of natural resources) ဆိုသည့် ခေါင်းစဉ်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင်ဖြစ်နေသည့် ပြဿနာများကိုဖော်ပြထားပါကြောင်း၊ အဆိုပါအချက်များမှာ ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် အပျက်အစီးများပြားသည့် နည်းလမ်းများအသုံးပြု၍ ငါးဖမ်းဆီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် ရေဆိုးများထုတ်လွှတ်ခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြောင့် ရေထုညစ်ညမ်းခြင်း၊ လူနေအိမ်ခြေနှင့် စက်မှုလုပ်ငန်းများမှ ရေဆိုးများထုတ်လွှတ်ခြင်း၊ နိုင်ငံခြားပို့ကုန်အတွက် ပုစွန်၊ ကဏန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများ တိုးပွားလာခြင်း၊ ယင်းဖော်ပြချက်များတွင် မပါဝင်သေးသော အခြားပြဿနာများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အခြေခံအဆောက်အအုံနည်းခြင်း၊ ရန်ပုံငွေလုံလောက်မှုမရှိခြင်းနှင့် ရေလုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းအရေအတွက်နည်းလာခြင်း စသည့် အချက်များကိုလည်း တွေ့ရှိရပါကြောင်း။

မိမိတို့အနေဖြင့် ယင်းပြဿနာများကို အတတ်နိုင်ဆုံးဖြေရှင်းကြရန် လိုအပ်ပါကြောင်း၊ ဖြေရှင်းရာတွင်လည်းတစ်ဌာန၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ အစိုးရဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အလေ့အထကောင်းကို အားကောင်းလာအောင် မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည့်အချက်မှာ ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို လုပ်ငန်းကဏ္ဍ ( Sectoral ) နှင့် ဒေသ (Regional) သီးခြားစီ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းမျိုးမဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းမှုများကို ပိုမိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးကို ညီညွတ်မျှတစေရန် လိုအပ်ပါကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို အောင်မြင်အောင်အကောင်အထည်ဖော်ရာတွင် အစိုးရဌာနများချည်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် မရှိမဖြစ်အရေးပါသည်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် လိုအပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်ရှိသည့်အနက် အချို့သောလုပ်ငန်းအဆင့်များကို အောက်ခြေကနေစတင်ရမည်ဆိုသည်ကို သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရသည့်အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသရှိ ကမ်းရိုးတန်းဂေဟစနစ်များ၏ အသိပညာပေးဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးတို့တွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးလှကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်နိုင်မင်းကျော်တို့က နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

### ○ ကျောဖုံးမှ

ဝန်ထမ်းများကိုတိုးချဲ့ခန့်အပ်လျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ ရုံးခွဲ ၁၅ ရုံးအနက် ၁၃ ရုံး ဖွင့်လှစ်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရုံးခွဲများကို ယခုနှစ်တွင် ဖွင့်လှစ်ရန်လျာထားကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံစာရင်းအင်းများအရ ဂျပန်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၁၁ -၂၀၁၂တွင် အမေရိကန်ဒေါ်လာ ၈၂၂ ဒသမ ၃၇၄ သန်းရှိရာမှ ၂၀၁၆-၂၀၁၇ တွင် အမေရိကန်ဒေါ်လာ ၂၀၃၁ ဒသမ ၇၉၁ သန်းရှိခဲ့ရာ ၂ ဒသမ ၅ ဆခန့်တိုးတက်ခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇တွင် ဂျပန်-မြန်မာ ကုန်သွယ်မှုမှာ မြန်မာနိုင်ငံစုစုပေါင်းကုန်သွယ်မှု၏ ခုနစ်ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ကနဦးပူးပေါင်းဆောင်ရွက်မှုအပိုင်း(၁)ကို ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကာလအတွင်း ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလွယ်ကူစွာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ အခွန်၊ အခြေခံအဆောက်အအုံ၊ ဗီဇာနှင့် နေထိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ယင်းအပြင်အပိုင်း(၂)ကို ၂၀၁၆ ခုနှစ် ဇွန်လမှစတင်ဆောင်ရွက်ခဲ့ ရာ နှစ်နိုင်ငံအကြား အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် စက်မှုမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ အခွန်ကိစ္စဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအဖွဲ့များအနက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် စက်မှုမူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဇာနည်မောင်)**

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ Mr. Irving Aw၊ ပါမောက္ခ Kimberley Brooks၊ Mr. Michael Oomn နှင့် Mr. Andrew Minto တို့ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ငွေခွန်ဥပဒေရေးဆွဲရေး ဆောင်ရွက်နေသည့်အခြေအနေများနှင့် ကော်မရှင်က ပူးပေါင်းကူညီနိုင်သည့် အခြေအနေများအပေါ် အပြန်အလှန်ဆွေးနွေးကြပြီး အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရသူများ ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများက မူလတန်းအဆင့်တွင် "ကျွန်ုပ်သိသမျှ ကုလသမဂ္ဂ"၊ အလယ်တန်းအဆင့်တွင် "ကုလသမဂ္ဂနှင့်မြန်မာနိုင်ငံ"၊ အထက်တန်းအဆင့်တွင် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုလသမဂ္ဂ၏အခန်းကဏ္ဍ" ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအနက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများဆွတ်ခူးရရှိကြသည့် ကျောင်းသား ကျောင်းသူများမှာ အောက်ပါအတိုင်းဖြစ်သည်-



**အထက်တန်းအဆင့် - ပထမဆု**

**မနှင်းအိဖြူ (ဘ)ဦးတင်မင်းခိုင်၊ နဝမတန်း အထက(၁) အမ်းမြို့၊ ရခိုင်ပြည်နယ်**



**အထက်တန်းအဆင့် - ဒုတိယဆု**

**မညိမ်းမှူးမှူး(ဘ)ဦးထိန်လင်း၊ နဝမတန်း အထက(၂) တောင်ဥက္ကလာပ ရန်ကုန်တိုင်းဒေသကြီး**



**အထက်တန်းအဆင့် - တတိယဆု**

**မသက်လျှာဖြူ (ဘ) ဦးထွန်းထွန်းကျော်၊ နဝမတန်း အထက(၂) လက်ပံတန်း ပဲခူးတိုင်းဒေသကြီး (အနောက်)**



**အလယ်တန်းအဆင့်- ပထမဆု**

**မနှင်းဝတ်ရည်အေး (ဘ)ဦးအေးကျော်၊ အဋ္ဌမတန်း အထက (၂) ပြွန်တန်ဆာ ပဲခူးတိုင်းဒေသကြီး(အရှေ့)**



**အလယ်တန်းအဆင့်- ဒုတိယဆု**

**မခင်သူသူဟန် (ဘ)ဦးသန်းဌေးအောင်၊ အဋ္ဌမတန်း အထက တွင်းကုန်း၊ ရေနံချောင်းမြို့နယ် မကွေးတိုင်းဒေသကြီး**



**အလယ်တန်းအဆင့်- တတိယဆု**

**မတော်မြာဦး(ဘ)ဦးဦးရယ်၊ အဋ္ဌမတန်း အလက ထေးငှားလျား၊ လွိုင်ကော်မြို့ ကယားပြည်နယ်**



**မူလတန်းအဆင့်-ပထမဆု**

**မောင်ကောင်းထက်ချာန် (ဘ)ဦးကျော်ခိုင်ဝင်း၊ စတုတ္ထတန်း အထက (၅) ရွှေဘိုမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး**



**မူလတန်းအဆင့်-ဒုတိယဆု**

**မသိမ့်ဂျူးဂျူးစံ(ဘ)ဦးမျိုးမင်းထိုက်၊ စတုတ္ထတန်း အထက ကျောက်တံခါး ပဲခူးတိုင်းဒေသကြီး(အရှေ့)**



**မူလတန်းအဆင့်-တတိယဆု**

**မကေရီမြင့်မိုရ်(ဘ)ဦးမျိုးမင်းစိုး၊ စတုတ္ထတန်း အထက တပ်ကုန်း နေပြည်တော်**

ဆုရကျောင်းသား ကျောင်းသူများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချီးကျူးဂုဏ်ပြုလွှာ၊ ဆုငွေများနှင့် ကုလသမဂ္ဂအထိမ်းအမှတ်ပစ္စည်းများကို ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ကျောင်းသား ကျောင်းသူများထံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ပေးအပ်ခဲ့သည်။

ကုလသမဂ္ဂနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ရှာရှည်ပြင်ကျေးရွာမှ လေပြင်းဒဏ်သင့်ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**စစ်တွေ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရှာရှည်ပြင်ကျေးရွာမှ လေပြင်းဒဏ်သင့် ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကယ်ဆယ်ရေးပစ္စည်းများနှင့် သောက်ရေသန့်များကို အောက်တိုဘာ ၂၂ ရက်က အချိန်မီထောက်ပံ့ပေးအပ်သည်။

အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် ရှာရှည်ပြင်ကျေးရွာမှ အိမ်ထောင်စု ၂၂ စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးကိုလေး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ သွားရောက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ Hygiene Kit ၂၂ ပုံး၊ ခြင်ထောင် ၂၂ လုံး၊ တာပေါ်လင်စ ၄၄ ချပ်နှင့် သောက်ရေသန့်များကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။

ရှာရှည်ပြင်ကျေးရွာတွင် အိမ်ခြေပေါင်း ၂၃၅ လုံးရှိပြီး စုစုပေါင်းပျက်စီးမှုမှာ နေအိမ် ၂၂ လုံးရှိခဲ့ရာ နေအိမ်ခုနစ်လုံး လုံးဝပြိုကျပျက်စီးသွားကြောင်းနှင့် နေအိမ် ၁၅ လုံးမှာ တစ်စိတ်တစ်ပိုင်း အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် KG စာသင်ကျောင်းဆောင်၊ အခြေခံမူလတန်းလွန်ကျောင်းဆောင်နှင့် ဆရာ ဆရာမများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများပါ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်(ကိုယ်ပွား)**

# တစ်ရွာလျှင် ရေချိုငါးကန်တစ်ကန်စီကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တိုင်းရင်းသားရွာပေါင်း ၈၂ ရွာတွင် တူးဖော်ပေးသွားရန် စီစဉ်ထား

**မောင်တော အောက်တိုဘာ ၂၃**

မောင်တောဒေသအတွင်း အကြမ်းဖက်ခံရပြီးနောက် ဒေသခံများ လတ်တလောစားသုံးမှုအဆင်ပြေစေရန်အတွက် ရေချိုငါးမွေးမြူရေး ကန်များကို တစ်ရွာလျှင် ရေချိုငါးကန်တစ်ကန်စီမံချက်ဖြင့် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တိုင်းရင်းသားရွာပေါင်း ၈၂ ရွာတွင် တူးဖော်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခုလက်ရှိ ကျေးရွာငါးရွာတွင် တစ်ကေငါးမွေးမြူရေးကန် တစ်ကန်စီ တူးဖော်၍ တစ်ကန်လျှင် ငါးကောင်ရေ ၅၀၀၀ ထည့်သွင်းပေးထားကြောင်းနှင့် ငါးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက်လည်း တင်ပြဆွေးနွေးထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် တိုင်းရင်းသားကျေးရွာများဖြစ်ကြသည့် ရွှေဗဟိုလ်၊ ခရေမြိုင်၊ ဖားဝပ်ချောင်း၊ အောင်ဇေယျ၊ မောရဝတီစသည့် ကျေးရွာငါးရွာတွင် ရေချိုငါးမွေးမြူရေးကန်များ တူးဖော်ပေးထားပြီး တစ်ကန်လျှင် ငွေကျပ် ၆၂ သိန်းခွဲခန့်ကုန်ကျကြောင်း သိရသည်။

အဓိကရည်ရွယ်ချက်မှာ ဒေသခံတိုင်းရင်းသားများ ငါးစားသုံးမှုဖူလုံရန်ဖြစ်ပြီး ဒေသငါးစားသုံးမှုဖူလုံပါက နိုင်ငံခြားတင်ပို့မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးကန်များမှ ရရှိလာသည့်ငါးများရောင်းရငွေကိုလည်း ကျေးရွာအတွက် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်သို့သာမက အာရပ်နိုင်ငံများသို့ပါ တင်ပို့နိုင်ရန်စီစဉ်လျက်ရှိကြောင်း မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ပြောကြားသည်။

တိုင်းရင်းသားကျေးရွာ ၈၂ ရွာတွင် အကောင်အထည်ဖော်ပေးမည့် ငါးကန်များအတွက် ငါးသားပေါက်များကို မြို့သူကြီး ရေချိုငါးသားဖောက်စခန်းမှ ထောက်ပံ့ပေးမည် ဖြစ်သော်လည်း ယင်းငါးသားဖောက် စခန်းမှာ သေးငယ်နေပြီး လုံလောက်စွာပေးနိုင်မည်မဟုတ်သဖြင့် တိုးချဲ့သွားရန် ပြည်နယ်အစိုးရအား တင်ပြထားကြောင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမ၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ စသည့် ငါးမျိုးများကို ဆေးထိုးသားဖောက်ကာ တစ်ကောင်လျှင် ငွေကျပ် ၃၀ ဝန်းကျင် ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် ငါးလုပ်ငန်း လုပ်ကိုင်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဌာနသို့တင်ပြဆွေးနွေး၍ လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

# မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ မျက်စိရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပသော (၂၉) ကြိမ်မြောက် မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံကို အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံသို့ တက်ရောက်ရန်အတွက် မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၂၇ ရက်မှစ၍ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးတွင် ပြုလုပ်ရမည်ဖြစ်ကြောင်း ညီလာခံဖြစ်မြောက်ရေး ကော်မတီက အသိပေးထားသည်။

**(သတင်းစဉ်)**

❒

# ပေါ်ဦးပေါ်ဖျား မိုးစပါးများ ဈေးကောင်းလျက်ရှိ

**ဖြူး အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် မိုးစပါးစိုက်ခင်းအချို့မှာ ရင့်မှည့်လျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ခြွေလှေ့၍ ကုန်သည်၊ ပွဲစားများက ကျေးရွာအရောက် ကွင်းဆင်းပြီး စပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀၀ ပေး၍ ဝယ်ယူနေကြသဖြင့် တောင်သူများဝင်ငွေကောင်းလျက်ရှိကြသည်။

ယခုနှစ်တွင် တောင်ငူခရိုင် ဖြူးမြို့နယ်တွင် မိုးစပါးစိုက်ဧကအများဆုံးစိုက်ပျိုးလျက်ရှိရာ စပါးအထွက်နှုန်းမှာလည်း အများဆုံးမြို့နယ်ဖြစ်၍ တောင်သူများမှာ အထူးဝမ်းသာကျေနပ်လျက်ရှိကြောင်း ဖြူးမြို့နယ် ဝဲကြီးကျေးရွာဒေသခံတောင်သူ ဦးဝင်းတင်ထံမှ သိရသည်။

**(ဖြူး)မြင့်ဦး**

❒

# မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ(၁၉၄၈-၁၉၆၂) သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ (၁၉၄၈-၁၉၆၂) သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့မှ ပညာရှင်များ၊ ပြင်ပပညာရှင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ သုတေသနစာတမ်းဖတ်ပွဲကျင်းပခြင်းဖြင့် ပြည်သူများကို သမိုင်းအသိအမြင်ရရှိစေရေးနှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းဖြစ်ပေါ်လာစေရေးမှာ ကွက်လပ်ဖြစ်နေသည်များကို ဖြည့်စွက်ရန်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း ဖြစ်ပေါ်ပြောင်းလဲခဲ့သည့် နိုင်ငံရေးဓလေ့၊ စီးပွားရေးဓလေ့၊ လူမှုရေးဓလေ့နှင့် ယဉ်ကျေးမှုဓလေ့များ ဖြစ်ပေါ်ပြောင်းလဲခြင်းသမိုင်းကို လေ့လာသုံးသပ်ရန်အတွက် မြန်မာ့ဓလေ့ဖြစ်ထွန်းမှုများ ခေါင်းစဉ်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အစောပိုင်းခေတ်ကာလများမှ ယနေ့ခေတ်ကာလအထိ ခေတ်အဆက်ဆက်တွင် စနစ်အမျိုးမျိုးပြောင်းလဲကျင့်သုံးရာမှတည်ရှိခဲ့သည့် အတွေးအခေါ်အယူအဆများကို မှန်မှန်ကန်ကန်သိရှိနိုင်ရန်နှင့် ယင်းခေတ်ကာလ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးစသည့် အပိုင်းများတွင် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းတို့ကို သုံးသပ်ဆင်ခြင်တွေးခေါ်၍ သင်ခန်းစာထုတ်တတ်ရမည်ဖြစ်ပြီး ရရှိသည့်သင်ခန်းစာများမှာ မိမိတစ်ကိုယ်တည်းအတွက် မဟုတ်ဘဲ နိုင်ငံတော်နှင့် အများအတွက် အလွန်အသုံးဝင်မှာဖြစ်ကြောင်း၊ သမိုင်းကြောင်း တစ်ခုတည်းကိုသာ သိရှိရန်မဟုတ်ဘဲ သမိုင်းအကြောင်းအရာပေါ်မူတည်ပြီး သင်ခန်းစာယူတတ်ကြရန်နှင့် နောင်လာနောက်သားခေတ်လူငယ်များကိုလည်း မိမိနိုင်ငံ၏သမိုင်းကြောင်းကို သိရှိရုံသာမက သမိုင်းကြောင်းမှ ဆောင်ရန်၊ ရှောင်ရန်များကို သင်ခန်းစာယူတတ်ကြရန်နှင့် စိတ်ဓာတ်အားဖြင့် အားတက်လာအောင် အတုယူဆောင်ရွက်ရန် လိုအပ်ကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါစာတမ်းဖတ်ပွဲကို ယနေ့မှစ၍ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတမ်းရှင် ၁၂ ဦးက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားတပ်ပေါင်းစုံညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များကို ဆန်းစစ်ခြင်း၊ ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲအား အကဲဖြတ်ခြင်း၊ မြန်မာ-ဂျပန်ဆက်ဆံရေး စစ်လျော်ကြေးပြဿနာအစရှိသဖြင့် နယ်ပယ်ပေါင်းစုံမှ အကြောင်းအရာများကို အသီးသီးဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

## ရွှေသောင်တွင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**အင်္ဂပူ အောက်တိုဘာ ၂၃**

အင်္ဂပူမြို့နယ် ရွှေသောင်ကျေးရွာတွင် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရွှေသောင်အခြေခံပညာမူလတန်း(လွန်)ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့သည်။

ယင်းနောက် အလှူရှင် ရန်ကုန်ယူနန်လူမှုကူညီရေးလူငယ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ကျေးရွာသားများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးမြင့်သူက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရွှေသောင်အမက(လွန်)ကျောင်းကို ယခင်သစ်သားအဆောက်အအုံအစား ယခုအလှူရှင် ရန်ကုန်ယူနန်လူမှုကူညီရေးလူငယ်အသင်းမှ အလျား ၁၃၁ ပေ × အနံ ၃၂ ပေရှိ အာစီ တစ်ထပ်ကျောင်းဆောင် တန်ဖိုးသိန်း ၇၀၀ ရှိ အဆောက်အအုံကို ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# သနပ်ခါးကို လွတ်လပ်စွာရောင်းဝယ်သယ်ဆောင်ခွင့် ပြုထားသော်လည်း ဖမ်းဆီးခံရမှုများရှိနေဆဲဖြစ်

**မုံရွာ အောက်တိုဘာ ၂၃**

သနပ်ခါးကို လွတ်လပ်စွာရောင်းဝယ်သယ်ဆောင်ခွင့်ပြုထားသော်လည်း ဖမ်းဆီးခံရမှုများ ရှိနေဆဲဖြစ်ကြောင်း အရာတော်မြို့နယ်မှ သနပ်ခါး တင်ပို့ရောင်းချနေသူတစ်ဦးထံမှ သိရသည်။

“စီးပွားရေး လုပ်ငန်းရှင်တွေနဲ့ တောင်သူတွေကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်တဲ့ သနပ်ခါး၊ ဝဥ နဲ့ ဖာလာတွေကို သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းတွေဖြစ်တဲ့အတွက် အခွန်ကောက်ခံတာ ကင်းလွတ်ခွင့်ပြုတဲ့အကြောင်း သယံဇာတနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သစ်တောဦးစီးဌာနက စက်တင်ဘာ ၂၅ ရက်က ထုတ်ပြန်ကြေညာထားပါတယ်။ ဒါပေမယ့် အောက်တိုဘာ ၂၀ ရက်အထိ ဖမ်းဆီးမှုတွေ ရှိနေတုန်းပါပဲ” ဟု သနပ်ခါးစိုက်ပျိုးတင်ပို့သူက ပြောပြသည်။

မုံရွာခရိုင် အရာတော်မြို့နယ် ရဲကျင်းကျေးရွာမှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဝင်တစ်ဦးကို ကညွတ်ကွင်းမြို့နယ်အတွင်းတွင် ရဲတပ်ဖွဲ့နှင့် သစ်တောက ဖမ်းဆီးသည့်အတွက် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

နိုင်ငံတော်က သနပ်ခါးကို လွတ်လွတ်လပ်လပ်ရောင်းဝယ်ခွင့်ပြုဖို့ ထုတ်ပြန်ခဲ့ပြီးနောက် အရာတော်သနပ်ခါးအသင်းဝင်တွေကို တရားဝင် သနပ်ခါးတင်ပို့ရောင်းချနိုင်ရန် စီစဉ်နေသော်လည်း အောက်တိုဘာ ဒုတိယပတ်က အရာတော်သနပ်ခါး အသင်းဝင်နှစ်ဦးကို မကွေးတိုင်းဒေသကြီး မင်းလှနှင့် နေပြည်တော်ရှိ သစ်တောနှင့် ရဲကဖမ်းရာ ဖြေရှင်းပေးခဲ့မှုလည်းရှိခဲ့ကြောင်း သိရသည်။

မုံရွာဒေသခံတစ်ဦးက လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိသည့် သနပ်ခါးကို ဖမ်းဆီးမှုများရှိနေသည့်အပေါ် ပြောပြရာတွင် “လွတ်လွတ်လပ်လပ်ရောင်းဝယ်လို့ရတယ်လို့ ထုတ်ပြန်ထားတာကို ဖမ်းတဲ့သူတွေအနေနဲ့ မသိသေးလို့လားဆိုတာ စဉ်းစားစရာပါ”ဟု ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■





# ရွှေစောလူးမြတ်စွာဘုရား အစဉ်အလာမပျက် မီးမျှောပွဲကျင်းပမည်

**အမရပူရ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဒုဋ္ဌဝတီမြစ်ကမ်းဘေး မိကျောင်းတက်ကျေးရွာရှိ ရွှေစောလူးမြတ်စွာဘုရားပွဲနှင့် မီးမျှောပွဲကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ မီးမျှောပွဲမကျင်းပမီ တရားပွဲကို အောက်တိုဘာ ၂၂ ရက်မှစတင်ကာ ရွှေစောလူးဘုရားတွင် တရားပွဲ ခုနစ်ညဆက်တိုက် ကျင်းပလျက်ရှိသည်။

ရွှေစောလူးဘုရားပွဲမှာ တန်ဆောင်မုန်းလဆန်း ၁၄ မှ ၁၅ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး မီးမျှောပွဲကို ဒုဋ္ဌဝတီမြစ်အတွင်း ညပိုင်းတွင်ကျင်းပကြသည်။ ၂၀၁၇ ခုနှစ် ရွှေစောလူးဘုရားပွဲ မီးမျှောပွဲတွင် ဆီမီး ၃၀၀၀ မျှောကာ ပူဇော်မည်ဖြစ်ပြီး မီးမျှောပွဲအတွက် ကျေးရွာသူ ကျေးရွာသားများ စုပေါင်းကာ မီးစာတိုင်များ စတင်ပြုလုပ်နေပြီဖြစ်သည်။

မီးစာတိုင်ပြုလုပ်ရန်အတွက် ဦးစွာဝါးများ ခုတ်ကာ ၁၃ လက်မအရွယ် ဝါးတုတ်ကလေးများအဖြစ်ခွဲပြီး အချောသပ်ပေးကြရသည်။ ဝါးတုတ်ငယ် အပေါ်ပိုင်းတွင် နှစ်ခြမ်းခွဲထားပြီး အောက်ပိုင်းတွင် ချွန်ပေးထားရကာ ဝါးတုတ်ငယ်ကလေးများ အပေါ်ပိုင်းတွင်ချည်ဖြင့် မီးစာပတ်ပေးကြရသည်။ အရန်သင့်ပတ်ထားသော မီးစာများ မီးစွဲစေရန်အတွက် ပွဲတော်မကျင်းပမီ နှစ်ရက်အလိုကပင် စားဆီများကို ဆီကန်အတွင်းထည့်ကာ ဆီစိမ်ပေးထားရသည်။ ဆီမီး ၃၀၀၀ အတွက် စားဆီ ပိဿာ ၃၀ ကုန်သည်။ မီးမျှောပွဲကျင်းပမည့်နေ့တွင် ဆီစိမ်ထားသည့်ကန်မှ မီးစာတိုင်များကို ဆယ်ယူကာ ဆီစစ်ပေးထားရပြီး မီးမျှောပွဲကျင်းပခါနီးတွင် ဓာတ်ဆီတစ်ဘူး၊ ဒီဇယ်တစ်ဂါလန် အသုံးပြုကာ မီးစာများမီးစွဲမှုမြန်ဆန်စေရန် ပက်ဖျန်းပေးရသည်။

မီးမျှောပွဲနေ့တွင် ဗုဒ္ဓရုပ်ပွားတော်မြတ်သုံးဆူကို ဒုဋ္ဌဝတီမြစ်အတွင်း ပင့်ဆောင်ကာ ကရဝိက်ဖောင်တော်ဖြင့် ကျောက်ဆူးချပင့်ဆောင်ထားရသည်။ မီးမျှောပွဲညတွင် ရေဆန်ဘက်အထိ စက်လှေများဖြင့်သွား၍ ဒုဋ္ဌဝတီမြစ်လယ်တွင်ကျောက်ချကာ မီးမျှောပွဲကျင်းပသည်။ ငှက်ပျောဖက်ကိုထပ်ပြီး မီးစာတိုင်ဝါးကို ထိုးဖောက်မီးထွန်းကာ မျှောကြရသည်။ မီးမျှောပွဲကျင်းပစဉ်တွင် ဒုဋ္ဌဝတီမြစ်အတွင်း ဆီမီးများ မြိုင်မြိုင်ဆိုင်ဆိုင် မျောပါသွားကြသည်။ မီးစာများမှာ ခန့်မှန်းခြေအနည်းဆုံး နှစ်မိုင်ကျော်အထိ မီးလင်းနေပြီး မီးမျှောပွဲမှ မျောပါလာသော ဆီမီးများကို ဒုဋ္ဌဝတီမြစ်ပေါ်ရှိ မြစ်ငယ်တံတားမှ စောင့်ကြည့်သူများဖြင့်လည်း စည်ကားသောပွဲတော်ဖြစ်ကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

## သစ်တောအုပ်ချုပ်မှု ကောင်းမွန်လာစေရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ဂန့်ဂေါ အောက်တိုဘာ ၂၃**

ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များမှ သစ်တောနှင့် သစ်ပင်ချစ်ခင်မြတ်နိုးသူများ၏ သစ်တောအုပ်ချုပ်မှုကောင်းမွန်လာစေရေး ခရိုင်အဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ အောင်စည်ဟိန်းမိုတယ်တွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် တာဝန်ရှိသူများ၊ သစ်တောနှင့် သစ်ပင်ချစ်မြတ်နိုးသူများ စုစုပေါင်းအင်အား ၃၀ တို့ တက်ရောက်ခဲ့ကြပြီး သစ်တောထွက်ပစ္စည်းဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် ပြည်သူတို့ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ သစ်တောအတွင်း သွားရောက်လေ့လာကြမည့် အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**(၄၆၅)**

# NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ UNFC တောင်းဆိုထားသည့် ရှစ်ချက်အနက် သဘောတူရန်ကျန်ရှိနေသည့် အချက်လေးချက်အား သတ္တမအကြိမ်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး



**ရန်ကုန် အောက်တိုဘာ ၂၃**

ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်ရှစ်ချက်အနက် ဆွေးနွေးရန်ကျန်ရှိသည့် အချက် လေးချက်ကို ဆက်လက်ဆွေးနွေးသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် တရားဝင် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ကျင်းပသည်။

ပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းက ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် DPN ဆွေးနွေးပွဲတွင် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်ရှစ်ချက်အနက် အချက်လေးချက်ကို နှစ်ဖက်သဘောတူညီမှုရရှိပြီးနောက် ဆွေးနွေးရန်ကျန်ရှိနေသည့် အချက်ငါးမှ ရှစ်အထိကို ဆက်လက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က "NCA ဟာ ငြိမ်းချမ်းရေးရဲ့ ပန်းတိုင်တစ်ခုမဟုတ်ပါဘူး။ NCA ဟာ ငြိမ်းချမ်းရေးရဲ့ တံခါးဝပါ။ ဒီနေရာမှာတစ်ခုပဲ ပြောလိုပါတယ်။ ကျွန်တော်တို့ ကမ္ဘာမှာပဲကြည့်ကြည့် အများက သူ့အခြေအနေ အချိန်အခါနဲ့ သဘောတူညီပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေကို သူ့အခြေအနေအချိန်အခါနဲ့အညီ လိုအပ်ရင်ပြင်ဆင်ဖို့ သက်မှတ်ထားတဲ့ နည်းလမ်းတွေနဲ့အညီ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ NCA ထဲမှာ ကိုယ်တိုင်ရေးဆွဲခဲ့သူတွေ နောက်ပိုင်းမှာ အခြေအနေ အကြောင်းအရာအမျိုးမျိုးကြောင့်လိုအပ်ချက်တွေရှိတယ်ဆိုရင် NCA ရဲ့ အပြင်ကနေလုပ်ဆောင်လို့မရပါဘူး။ NCA အတွင်းထဲကို ဝင်လာပြီးတော့ ညီညီညွတ်ညွတ် မျှမျှတတနဲ့ အားလုံးတိုင်ပင်ပြီး ဆောင်ရွက်ကြပါလို့ ကျန်နေတဲ့အဖွဲ့အစည်းတွေအားလုံးကို ဒီနေရာကနေ မေတ္တာရပ်ခံပြီးတော့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ အစိုးရဘက်အခြမ်းကမဟုတ်ဘဲနဲ့ NCA ထဲမှာ ပါဝင်လက်မှတ်ရေးထိုးထားသူတွေကလည်း ဒီလိုသဘောထားရှိပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ DPN နဲ့ PC နဲ့ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတွေပါ ထည့်ပေါင်းရင် အမြောက်အမြားကို ဆွေးနွေးခဲ့ကြပါတယ်။ နှစ်ဖွဲ့ဆိုပေမယ့် တစ်ဖွဲ့တည်းလိုပဲ အားလုံးကိုနားလည်သိရှိခံစားနိုင်ကြပြီဖြစ်တယ်လို့ ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကြီးရဲ့ ငြိမ်းချမ်းရေးရရှိဖို့ရာ အခြေခံကစပြီးတော့ UNFC အဖွဲ့ကြီးပါဝင်လာတဲ့ အောင်မြင်တဲ့ ဆွေးနွေးပွဲကြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ထို့အတူပဲ တိုင်းရင်းသားအဖွဲ့အစည်းတွေကလည်း မိမိတို့ဘက်အခြမ်းမှာ ညှိနှိုင်းစရာရှိတာကို အောင်မြင်အောင် ဆွေးနွေးညှိနှိုင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်"ဟု ပြောကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA)တွင်ပါဝင်သော အချက်များအပေါ် တပ်မတော်အနေဖြင့် မဟာဗျူဟာ သတ်မှတ်ပေးထားသည့်အတိုင်း အစဉ်တစိုက်လိုက်နာဆောင်ရွက်နေကြောင်း၊ NCA တွင်ပါဝင်သော အချက်များသည် ပြည့်စုံကြောင်း၊ NCA တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ( UPDJC) နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဟူ၍ နှစ်ပိုင်းရှိပါကြောင်း၊ ယင်းတို့တွင် လုပ်ထုံးလုပ်နည်း ( SOP)များ၊ လုပ်ငန်းလမ်းညွှန် (ToR)များ ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

သို့သော် NCA တွင် SOP နှင့် ToR များမရှိသော်လည်း အခြေခံဖြစ်ပြီး လက်တွေ့လုပ်ဆောင်လာသည့်အပိုင်းအား SOP / ToR များဖြင့် ဆုံးဖြတ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၊ NCA ပါ အခြေခံအချက်များမကြိုက်လျှင် ToR နှင့် SOP များအား ပြင်ဆင်နိုင်ကြောင်း၊ အလားတူ NCA ပါ အခြေခံအချက်များအပေါ် အချို့သောအချက်များကို ညှိနှိုင်းဆောင်ရွက်၍ရကြောင်း၊ NCA စာချုပ်အား အသုံးပြုအကောင်အထည်ဖော်မှုသည် ယခုအခါတွင် နှစ်နှစ်ခန့်သာရှိကြောင်း လာမည့်ရက်သတ္တပတ်တွင် JMC နှင့်ပတ်သက်၍ အားသာချက်အားနည်းချက်များအပေါ် ပြန်လည်လေ့လာသုံးသပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ NCA သည် အချိန်ယူကာ မတူကွဲပြားသော အဖွဲ့အစည်းများအကြား အကျေအလည်ဆွေးနွေးထားသည့် သဘောတူညီမှုဖြစ်သောကြောင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ DPN နှင့် ယခုတွေ့ဆုံဆွေးနွေးမှုတွင် တိုးတက်ကာ သဘောတူညီမှုရလိုကြောင်း ဆွေးနွေးပြောကြားသည်။

နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)ခေါင်းဆောင် ခူဦးရယ်က NCA ပါ ပြဋ္ဌာန်းချက်တချို့သည် အနည်းငယ်အားနည်းနေပြီး နှစ်ဖက်အဖွဲ့အစည်းများအကြား အပြေအလည် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေသေးသောကြောင့် NCA တွင် မပါဝင်လာနိုင်ခြင်းဖြစ်ကြောင်း၊ အဆိုပါအားနည်းချက်များကို အားသာချက်ဖြစ်အောင် ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် အားကောင်းလာစေရန်အတွက် UNFC သည် အဆိုပြုချက် ရှစ်ချက်ဖြင့် ဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ ထိုအချက်ရှစ်ချက်အား ဆွေးနွေးလာသည်မှာ ယခုဆိုလျှင် ၁၅ လကျော် ကြာမြင့်စွာဆွေးနွေးလာမှုအပေါ် နည်းစနစ်ပိုင်း လွဲချော်မှုများ၊ အားနည်းမှုများ ရှိနေခြင်းကြောင့်လားဟု သုံးသပ်မိကြောင်း၊ သို့သော် နှစ်ဖက်လက်ခံနိုင်သော လမ်းကြောင်းပေါ်သို့ရောက်ရန် အတူတကွ လျှောက်လှမ်းအဖြေရှာခဲ့ကြောင်း၊ DPN အနေဖြင့် ယခုထက် ကောင်းမွန်သောနည်းလမ်းများဖြင့်သွားရန် ဆန္ဒရှိကြောင်း။

PC နှင့် DPN တို့ တွေ့ဆုံဆွေးနွေးမှုများတွင် တချို့သော ကိစ္စရပ်များသည် နှစ်ဖက်သဘောတူဆုံးဖြတ်၍ မရနိုင်သည့်ကိစ္စရပ်များရှိနေသည်ကို သိရှိရ၍ နောက်တစ်ကြိမ် ပိုမိုကောင်းမွန်သောနည်းလမ်းသစ် တစ်ခုကို UPDJC သို့ အဆိုပြုခဲ့ကြောင်း၊ ယခုအကြိမ်ဆွေးနွေးမှုသည် နှစ်ဦးနှစ်ဖက် အလျှော့အတင်း သဘောတူညီမှုရရှိပြီး လမ်းကြောင်းပေါ်ရောက်ရှိအောင် သွားလိုကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးမှုတွင် နံပါတ်ငါးမှစတင်၍ နံပါတ်ခုနစ်အထိ အချက်သုံးချက်ကို ဆွေးနွေးနိုင်ခဲ့သည်။ စတင်ဆွေးနွေးသည့် နံပါတ်ငါးအချက်သည် ညှိနှိုင်းဆွေးနွေးနိုင်ရန် အခြေခံအချက်များရရှိပြီးဖြစ်ကာ နံပါတ်ခြောက်အချက်သည်လည်း ပြေလည်မှုရရှိထား၍ နံပါတ်ခုနစ် အဆုံးသတ်ရန် အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရသည်။

သဘောတူညီမှုရရှိဆွေးနွေးလျက်ရှိသည့် နံပါတ် ငါးအချက်သည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာ အပါအဝင် နှစ်ဖက်တပ်များ လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာ ကျင့်ဝတ် (CoC)၊ စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (ToR)တပ်နေရာချထားရေးကို ကြိုတင်သဘောတူ ညှိနှိုင်းမှုရယူရန်ဖြစ်ပြီး နံပါတ်ခြောက်သည် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတွင် နှစ်ဖက်သဘောတူလက်ခံသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များ ပါဝင်ရန်ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ဦးနိုင်ငံလင်း၊ ဦးအောင်ကြည်၊ ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦး၊ ဦးအေးလွင် (နည်းပညာအထောက်အကူပြု)၊ ဦးမိုးဇော်ဦး၊ ဦးမောင်မောင်အေးတို့တက်ရောက်ပြီး DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်၊ ဒုတိယအဖွဲ့အခေါင်းဆောင် နိုင်အောင်မငေး၊ ဦးထွန်းဇော်၊ ဦးဘုန်းနိုင်၊ ဦးမင်းထွန်း၊ နာဗစ်ဘွန်တို့ တက်ရောက်သည်။

လေ့လာသူများအဖြစ် ပဒိုရွှေမောင်(KNU)၊ စိုင်းငင်း (RCSS)၊ ရဲဘော်သံခဲ (ABSDF)တို့ တက်ရောက်ကြပြီး အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) ဆွေးနွေးရန် ကျန်ရှိနေသည်များကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ပျဉ်းမနားမြို့မှ ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ သရုပ်ပြသ

**နေပြည်တော် အောက်တိုဘာ ၂၃**

ဘောလုံးအားကစားနည်းကို ပိုမိုစိတ်ဝင်စားလာစေရန် ယနေ့နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနားမြို့ရှိ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ ပါဝင်သရုပ်ပြသခဲ့သည်။ နာမည်ကြီး လက်ရွေးစင်ဘောလုံးသမားဟောင်းများဖြစ်သည့် မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်းနှင့် ထွန်းထွန်းဝင်းတို့ အပါအဝင် လက်ရှိမြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူတို့က လူငယ်ကစားသမားများနှင့်အတူ ပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး အဆိုပါကွင်းကို ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းက အကုန်အကျခံကာ ကျန်စစ်သား မြန်မာ မြက်ခင်းတုရောင်းဝယ်ရေးက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။



မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်း မျိုးလှိုင်ဝင်း သရုပ်ပြပွဲကစားနေစဉ်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများသည် ကျောင်းသားလူငယ်များအား ဘောလုံးနှင့်ပတ်သက်သည့် မေးခွန်းများမေးမြန်းခဲ့ပြီး မြန်မာအသင်းဂျာစီများ အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့သည်။

"ဒီကျောင်းကို တည်ဆောက်ပေးခဲ့တဲ့ စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေနဲ့ ပျဉ်းမနားမြို့နယ်က လူငယ်တွေ ဘက်စုံတိုးတက်ဖို့ဆောင်ရွက်ပေးနေပါတယ်။ အစိုးရကျောင်းတွေမှာ ကျောင်းဆောင်သစ်တွေ တည်ဆောက်ပေးတိုင်း အားကစားခန်းမတွေ ထည့်သွင်းတည်ဆောက်ပေးခဲ့ပါတယ်။ ဥက္ကဋ္ဌအနေနဲ့ ဒီကလူငယ်တွေပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ အားကစားကဏ္ဍလေးခုစလုံးမှာ တိုးတက်အောင်မြင်လာဖို့ အစီအစဉ်တွေချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပြီး အစိုးရကျောင်းတွေအပြင် ပုဂ္ဂလိကကျောင်းတွေမှာပါ အားကစားခန်းမတွေ၊ ကွင်းတွေထည့်သွင်းတည်ဆောက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ ဖူဆယ်ဘောလုံးကွင်း တည်ဆောက်ပြီးစီးသွားပြီ ဖြစ်တာကြောင့် မူလတန်းအဆင့်ကစပြီး အထက်တန်းအဆင့်ထိ ဘောလုံးပြိုင်ပွဲတွေ ကျင်းပသွားမှာပါ။ ပြိုင်ပွဲတွေများလာမှ လူငယ်ကစားသမားကောင်းတွေ ထွက်ပေါ်လာမှာပါ။ ကျွန်တော်တို့အနေနဲ့ ပညာရေးရော အားကစားပါ ကျွမ်းကျင်တဲ့သူတွေ အများကြီးမွေးထုတ်ပေးချင်ပါတယ်" ဟု ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဦးကောင်းထက်အောင်က ပြောကြားသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မိတ္ထီလာ-တောင်ကြီး ကားလမ်းပေါ်ရေကျော် မော်တော်ယာဉ်သွားလာမှု ယာယီပိတ်ထားဆဲဖြစ်

**မိတ္ထီလာ အောက်တိုဘာ ၂၃**

မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်တွင် ရေကျော်နေခြင်းကြောင့် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်ခွင့်ကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းအချိန်အထိ ယာယီပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ်ထဲမှာပါဝင်တဲ့ ပျဉ်သာ-ကျိတ်ပုလဲကျေးရွာလမ်းဆုံအနီးနဲ့ မိတ္ထီလာမြို့ရှောင်လမ်းဆုံတဲ့နေရာကစပြီး မိတ္ထီလာ-တောင်ကြီး ကားလမ်းပေါ်ကနေ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ဖြတ်သန်းသွားလာခွင့် ပိတ်ထားပါတယ်။ မိုးအဆက်မပြတ်ရွာသွန်းပြီး မင်းလှကန်အနီးက မိတ္ထီလာ-တောင်ကြီး ကားလမ်းပေါ်မှာ ရေကျော်နေတာကြောင့် အခုလိုကားလမ်းကို ယာယီပိတ်ထားတာ ရက်သတ္တ တစ်ပတ်နီးပါးရှိသွားပါပြီ။ တောင်ကြီးဘက်ကလာတဲ့ မော်တော်ယာဉ်ကြီးငယ်တွေနဲ့ တောင်ကြီးဘက်ကိုသွားမယ့် မော်တော်ယာဉ်ကြီးငယ်တွေက လတ်တလောမှာတော့ သပြေဝကျေးရွာလမ်းဆုံအနီးမှ တစ်ဆင့် သပြေဝ-သာစည်ကားလမ်းမအတိုင်း ဖြတ်သန်းမောင်းနှင်နေပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာလဆန်းကပိုင်းမှစပြီး မိုးအဆက်မပြတ်ရွာခြင်းကြောင့် မိတ္ထီလာ-တောင်ကြီး ကားလမ်းပေါ်တွင် ရေကျော်ခြင်းများဖြစ်ပေါ်ရာ သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာအနီးရှိ မိတ္ထီလာ-တောင်ကြီး ကားလမ်းမ ယာဘက်ဘေးတွင် လမ်းပခုံး သားတချို့ ရေတိုက်စားခြင်းကြောင့် ပျက်စီးပြိုကျနေသည်။ မော်တော် ဆိုင်ကယ်များကိုမူ ယင်းလမ်းပေါ်မှ ဖြတ်သန်းသွားလာခွင့်ပြုထားကာ ယင်းလမ်းမှတစ်ဆင့် မင်းလှကန်ဘောင်လမ်းပေါ်မှ ရှောင်ကွင်းဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရဲကင်းအတွင်းသို့ ဓားကောက်ကိုင်ပြေးဝင်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးကို ပစ်ခတ်ဖမ်းဆီး

၂၀-၁၀-၂၀၁၇ ရက်နေ့ ၀၈၁၅ ချိန် မောင်တောမြို့နယ် နယ်မြေ(၃)ကွမ်းသီးပင်ချောင်းဝကင်းစခန်းအတွင်းသို့ ဓားကောက်ကိုင်၍ ပြေးဝင်လာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မိုဟာမတ်ရှာဟက်အာ့သာ အား ပစ်ခတ်ဖမ်းဆီးခဲ့သည့် နေရာပြမြေပုံ




**နေပြည်တော် အောက်တိုဘာ ၂၃**
မောင်တောမြို့နယ် ကွမ်းသီးပင်ချောင်းဝရဲကင်းစခန်းအတွင်း ဓားကောက်ကိုင် အမည်မသိအမျိုးသားတစ်ဦး ပြေးဝင်လာသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီခန့်က ဓားကောက်ကိုင် အမည်မသိ အမျိုးသားတစ်ဦးသည် မောင်တောမြို့နယ် နယ်မြေ(၃) ကွမ်းသီးပင်ချောင်းဝ ရဲကင်းစခန်းအတွင်းသို့ ဦးတည်ပြေးလာသဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင် တစ်ဦးက ရပ်တန့်၍ လက်နက်ချရန် အော်ဟစ်သတိပေးသော်လည်း ရပ်တန့်ခြင်းမရှိဘဲ အလ္လာဝက္ကဘတ်ဟု အော်ဟစ်၍ ဆက်လက်ပြေးဝင်လာခဲ့သဖြင့် ပစ်ခတ်ဖမ်းဆီး ခဲ့ရသည်။

ထိုသို့ပစ်ခတ်ဖမ်းဆီးခဲ့မှုကြောင့် ယင်းအမျိုးသားမှာ ယာရင်ညွှန့်အောက် ဖောက်ဝင်ဒဏ်ရာတစ်ချက်ဖြင့် စခန်းနှင့် ငါးကိုက်ခန့်အကွာတွင် လဲကျ သေဆုံးသွားခဲ့သည်။

သေဆုံးသူအား စစ်ဆေးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မိုဟာမတ် ရှာဟက် အာ့သာ(၅၆)နှစ်ဖြစ်ပြီး ၎င်းထံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ကတ်အမှတ် (ID) 2690421588992 နှင့် ဓားကောက်တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး တောင်ပြို(ယာ)နယ်မြေစခန်း၌ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)



# စစ်တွေမြို့ပေါ်ရှိ စားသောက်ဆိုင်တွင် ခိုက်ရန်ဖြစ်ပွား၍ ဓားဒဏ်ရာဖြင့် တစ်ဦးသေဆုံး သေနတ်မှန်မှုကြောင့် တစ်ဦးဒဏ်ရာရ

**စစ်တွေ အောက်တိုဘာ ၂၃**
စစ်တွေမြို့ မင်းဂံရပ် မေယုတောင်လမ်းရှိ ရိုင်ရယ်စားသောက်ဆိုင်၌ အောက်တိုဘာ ၂၀ ရက် ညပိုင်းက စားသောက်သူများနှင့် ဆိုင်ဝန်ထမ်းများ စကားများခိုက်ရန်ဖြစ်ပွားရာမှ တစ်ဦးသေဆုံးပြီး တစ်ဦးသေနတ်ထိမှန်ဒဏ်ရာ ရခဲ့ကြောင်း သိရသည်။

စစ်တွေမြို့ မင်းဂံရပ်ကွက် မေယုလမ်းဘေးရှိ ရိုင်ရယ်စားသောက်ဆိုင်၌ အောက်တိုဘာ ၂၀ ရက် ည ၁၂ နာရီခန့်က စစ်တွေမြို့ စဥ့်ကူးလမ်းရပ်ကွက်နေ ဇော်အေး (၃၀)နှစ်၊ အေးကို(၃၇)နှစ်တို့အပါအဝင် သုံးဦး စားသောက်နေစဉ် အစားအသောက်ကိစ္စနှင့်ပတ်သက်၍ အဆင်မပြေဖြစ်ရာမှ ဆိုင်မန်နေဂျာ ဝင်းမောင်သိန်း(၂၇)နှစ်နှင့် ဆိုင်လုပ်သား နေမျိုး(၁၈)နှစ် အပါအဝင် လေးဦး နှင့် စကားများ ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။

ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဇော်အေး၏ ဦးခေါင်းနောက်စေ့၊ ဝဲလက်မောင်း၊ ဝဲလက်ပြင်၊ ယာတံတောင်ဆစ် ပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး ဇော်အေးနှင့်အဖွဲ့က ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်တွင် ရောက်ရှိနေသူ ဦးမောင်သိန်း ဦး (၆၁)နှစ်၏ ယာနို့အုံအောက်တွင် ကျည်ထိမှန်ဒဏ်ရာရရှိ၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိသည်။

ဒဏ်ရာရရှိသူ ဇော်အေးမှာ စစ်တွေဆေးရုံ၌ သေဆုံးသွားပြီး ဇော်အေး နှင့်အဖွဲ့ စီးနင်းလာသည့် အေးကိုပိုင် မော်တော်ယာဉ်အား မင်းဂံရပ်ကွက်ရှိ ပန်းသတင်းစားသောက်ဆိုင်ရှေ့၌ တွေ့ရှိစစ်ဆေးရာ ၉ မမ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ယင်းကျည် ကိုးတောင့်၊ ကျည်ခွံတစ်ခု၊ ဓားလေးချောင်းနှင့် ဘောစေ့ထည့်ပစ်ရသည့် ပစ္စတိုတစ်လက်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် အေးကို အား လက်နက်ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ဇော်အေး သေဆုံးမှု နှင့်ပတ်သက်၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒိုင်းနက်တိုင်းရင်းသားလူမျိုး လေးဦး သေနတ်ဖြင့် ပစ်ခတ်ခံရသဖြင့် နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**
မောင်တောမြို့နယ် အောင်သပြေကျေးရွာမှ ဒိုင်းနက်တိုင်းရင်းသား လေးဦး သည် အောက်တိုဘာ ၂၂ ရက် ညပိုင်းက နယ်စပ်ခြံစည်းရိုးကိုကျော်၍ တောဝက်လိုက်ဖမ်းရာမှ အရပ်ဝတ်လက်နက်ကိုင်များ၏ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


မောင်တောမြို့နယ် အောင်သပြေကျေးရွာနေ ဒိုင်းနက်တိုင်းရင်းသား လူမျိုး မောင်ငယ်လှ (၂၉) နှစ်၊ မောင်ရွှေသိမ်း (၂၈)နှစ်၊ မောင်စိန်လှမောင် (၃၂)နှစ်၊ မောင်နီထွန်း(၂၀)နှစ်တို့ လေးဦးသည် အောက်တိုဘာ ၂၂ ရက် ည ၇ နာရီတွင် နယ်မြေ(၁) နယ်စပ်မှတ်တိုင် (၄၆-၄၇)ကြားအနီး၌ နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးကို ကျော်ဖြတ်၍ တောဝက်လိုက်ဖမ်းရာ နယ်စပ်ခြံစည်းရိုး နှင့် ကိုက် ၁၀၀ ခန့်အကွာ၌ အရပ်ဝတ်ဖြင့် သေနတ်ကိုင်ဆောင်ထားသူ ၁၅ ဦးခန့်က သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည်။

ပစ်ခတ်မှုကြောင့် မောင်စိန်လှမောင်နှင့် မောင်နီထွန်းတို့ နှစ်ဦးမှာ သေဆုံးသွားပြီး မောင်ငယ်လှနှင့် မောင်ရွှေသိမ်းတို့ နှစ်ဦးတွင် ဝဲပါး၊ လက်ဖျံ၊ ယာခါး၊ တင်ပါး ရှပ်ထိဒဏ်ရာရရှိကာ ပြန်လည်ထွက်ပြေးခဲ့ရာ ည ၁၀ နာရီ တွင် အောင်သပြေကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဒဏ်ရာရရှိသူ နှစ်ဦးအား အောင်သပြေဆေးရုံမှတစ်ဆင့် မောင်တော ဆေးရုံသို့ ဆက်လက်တင်ပို့ခဲ့ပြီး ယနေ့နံနက် ၈ နာရီခွဲတွင် သေဆုံးသူ နှစ်ဦး အား လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ရွာသားလမ်းပြ နှစ်ဦးဖြင့် လိုက်လံရှာဖွေခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အခင်းဖြစ်နေရာ ၌ ပြန်လည်တွေ့ရှိသဖြင့် အောင်သပြေကျေးရွာသို့ ပြန်လည်သယ်ဆောင်ခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောဝက်ခြေရာခံလိုက်သော ဒိုင်းနက်လူမျိုး (၂)ဦး သေဆုံးခဲ့သည့် နေရာပြမြေပုံ




# ဖားကန့်တွင် ငွေကျပ် ၂၃၄၇၅ သိန်း ၆ သိန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**
မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဝေမင်း(ခ)အေးသား မောင်းနှင်ပြီး ကျော်အောင်(ခ) အားတီလိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ကြမ်းခင်း အံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၃၄၀၀၀၊ ဘိန်းဖြူ ဆပ်ပြာခွက် ၁၁၀ (အလေးချိန် ၁ ဒသမ ၃၂ ကီလို)၊ ဘိန်းဆီခဲ ၆၆ ကီလို၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ အောက်တိုဘာ ၂၃ ရက်တွင် ပူးပေါင်းအဖွဲ့ဖြင့် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆွတ်အောင်ကျေးရွာ အိမ်အမှတ် (၁/၅၁)နေ ကျော်အောင်(ခ) အားတီ၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းရှိ သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၉၆၀၀၀၊ ဘိန်းဖြူဆပ်ပြာခွက် ၈၈ ခွက် (အလေးချိန် ၁ ဒသမ ၀၅၆ ကီလို)နှင့် ခြံဝင်းအတွင်းရှိ မော်တော်ယာဉ်၏ ကြမ်းခင်းအံ့ဝှက် အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၁၃၆ ခွက် (အလေးချိန် ၁ ဒသမ ၆၃၂ ကီလို) တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ကျော်အောင်(ခ) အားတီ (၂၄)နှစ်နှင့် ဝေမင်း (ခ)အေးသား (၄၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဖားကန့်မြို့နယ်၌ အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ ငွေကျပ် ၂၃၄၇၅ ဒသမ ၆ သိန်းရှိကြောင်း သိရသည်။**

(သတင်းစဉ်)



**ကျော်အောင်(ခ)အားတီနှင့် ဝေမင်း(ခ)အေးသားတို့အား ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ပစ္စည်းများ သိမ်းဆည်း

**နေပြည်တော် အောက်တိုဘာ ၂၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာန ဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ပစ္စည်းများ သယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက အောက်တိုဘာ ၂၂ ရက် တွင် ဖမ်းဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်တစ်စီးနှင့် ခြောက်ဘီးယာဉ် နှစ်စီးတို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက တားဆီးစစ်ဆေးရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမို တင်ဆောင်လာသော Conton Fabric (Plain) 600 Kg နှင့် Conton Fabric (Printed) 5704 kg စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၆၆ သန်းအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၀၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၇၇၆ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇၈၅ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(၀၀၁)



*ဒီရက်သတ္တပတ်မှာတော့ မြန်မာ ယူ-၁၉ ဘောလုံးအသင်း ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ခဲ့ပြီး အာရှဖလား ခြေစစ်ပွဲကတော့ အောက်တိုဘာ ၂၄ ရက် (ယနေ့)ကနေစပြီး ယှဉ်ပြိုင်သွားဖို့ ရှိနေပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ နာမည်ကြီး မန်ယူ ပထမဆုံးရှုံးပွဲကြုံခဲ့ရပေမယ့် စပါးက လီဗာပူးကို အနိုင်ကစားပြီး တတိယနေရာအထိ တက်လှမ်းလာခြင်းနဲ့အတူ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာမယ့် အရိပ်လက္ခဏာတွေကို စတင်မြင်တွေ့ခဲ့ရပါတယ်။*

**မေလှဲ့သင်း ရေးသားသည်**

**မြန်မာနိုင်ပြီဆိုတဲ့သီချင်း သီဆိုချိန်ရောက်ဖို့**

"မြန်မာနိုင်ပြီ၊ ဒို့မြန်မာနိုင်ပြီ"ဆိုတဲ့ သီချင်းသံကို မြန်မာအသင်းယှဉ်ပြိုင်တဲ့ နိုင်ငံတကာပွဲစဉ်တွေအပြီးမှာ ထုတ်လွှင့်ပေးလိုက်တယ်ဆိုတာနဲ့ ဒါဟာ မြန်မာအသင်း နိုင်ပွဲရပြီဆိုတဲ့ သင်္ကေတ။ ဒါကြောင့် သီချင်းသံဟာ မြန်မာအသင်းပရိသတ်တွေအတွက်တော့ မင်္ဂလာတေးသံသာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာလူဦးရေ သန်း ၅၀ ကျော်မှာ ဒီအသံကို နားဆင်ချင်သူထက်ဝက်လောက်တော့ရှိမယ်လို့ ယေဘုယျခန့်မှန်းနိုင်ပါတယ်။

မြန်မာအသင်းအနေနဲ့ ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရပြီးနောက်ပိုင်း ကမ္ဘာ့အဆင့်ပြိုင်ပွဲမှာ ဝင်ရောက်နိုင်မှုမရှိတော့ဘဲ နောက်ဆုံး အာရှအဆင့်မပြောနဲ့ အာဆီယံဒေသတွင်းပြိုင်ပွဲတွေမှာတောင် အောင်မြင်မှုမရှိတဲ့ အခြေအနေ ပြန်ရောက်သွားခဲ့ပြန်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်သူတို့မျိုးဆက် ခြေစစ်ပွဲ အောင်မြင်ပြီးတဲ့နောက်မှာ ဒီကစားသမားတွေရဲ့အင်အားနဲ့ အာဆီယံဒေသတွင်းက ပြိုင်ပွဲတွေမှာ အောင်မြင်မှုရယူနိုင်မယ်လို့ မြန်မာပရိသတ်တွေ မျှော်လင့်ခဲ့ပေမယ့် တကယ်တမ်းကျ ထင်သလိုမဖြစ်ခဲ့ဘဲ အတက်မြန် အကျကြမ်းတဲ့အနေအထားနဲ့သာ ဆက်လက်ရုန်းကန်ရဆဲပါ။ ဖီဖာက လက်ရွေးစင်အသင်းတွေအတွက် အောက်တိုဘာလ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွေကိုထုတ်ပြန်ရာ မြန်မာအသင်းအနေနဲ့ အဆင့်(၁၅၅)နေရာမှာ ရောက်ရှိနေတဲ့အတွက် ဒါဟာ ပြီးခဲ့တဲ့ စက်တင်ဘာလကထက် အဆင့်သုံးဆင့် လျော့ကျသွားခဲ့တာဖြစ်ပါတယ်။

ဒီလိုဖြစ်လာရတာကလည်း လက်ရှိရနေတဲ့ အမြင့်ဆုံးအခြေအနေကို ထိန်းသိမ်းမှုအပိုင်းမှာ အားနည်းတာ၊ ကစားသမားတွေဘက်ကလည်း မိမိရဲ့ကြံ့ခိုင်မှုရရှိရေးအတွက် ထိန်းသိမ်းမှုအပိုင်းမှာ လိုအပ်ချက်တွေရှိနေတာ စတဲ့အကြောင်းတရားတွေက မြန်မာ့ဘောလုံးအဆင့်အတန်း ရပ်တန့်သွားခြင်းရဲ့ အကြောင်းတရားများစွာထဲက အဓိကအစိတ်အပိုင်းတစ်ရပ်ပါ။ ကစားသမားနဲ့ ဒဏ်ရာပြဿနာဆိုတာ ကြက်သွန်နဲ့ ငရုတ်သီးလို ကင်းကွာလို့မရပေမယ့် ကာလရှည်ဒဏ်ရာပြဿနာမျိုးမကြုံရအောင် ကွင်းအတွင်း ဂရုတစိုက်ကစားတာ၊ ဒဏ်ရာရသွားပြီးနောက်ပိုင်း အရင်လိုကြံ့ခိုင်မှုမျိုးရရှိဖို့ အပြင်းအထန်လေ့ကျင့်ပေးတာတွေလုပ်ဖို့ ကြိုးစားတဲ့အပိုင်းမှာ နည်းစနစ်တကျဖြစ်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။

အချို့ကတော့ မြန်မာအသင်း အောင်မြင်မှုနည်းပါးတာက လူရွေးချယ်မှုအပိုင်းမှာ အကယ်ဒမီတွေကိုချည်း အားကိုးနေလို့ဖြစ်တယ်ဆိုတဲ့အချက်ကို ထောက်ပြပါတယ်။ ဒါက မှန်သင့်သလောက်မှန်ပေမယ့် အလုံးစုံမှန်တယ်လို့တော့ ထောက်ခံဖို့ ခက်ပြန်ပါတယ်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)ကလည်း ခုဆို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နဲ့ပူးပေါင်းပြီး စာသင်ခန်းထဲက ရွက်ပုန်းသီးလေးတွေ မြက်ခင်းကွင်းထဲ အရောက်လှမ်းဖို့ ခရီးစဉ်ကို ပြင်ဆင်နေပါပြီ။ အောက်တိုဘာ ၂၂ ရက်မှာ အသက်(၁၃)နှစ်အောက် ပြည်နယ်နဲ့ တိုင်းဒေသကြီး ဘောလုံးပြိုင်ပွဲကို သုဝဏ္ဏမြက်ခင်းတုကွင်းမှာ စတင်ကျင်းပခဲ့တာကို တွေ့ရပါတယ်။

မြန်မာလက်ရွေးစင် စီနီယာအသင်းရော ယူ-၁၉ အသင်းကပါ အာရှဖလား ခြေစစ်ပွဲနွှဲဖို့ရှိနေပြီး အခုထိ ခြေစစ်ပွဲအောင်မြင်ဖို့ အနေအထားရှိနေဆဲဖြစ်ပါတယ်။ မြန်မာစီနီယာအသင်းကြီးက ကာဂျစ္စတန်နဲ့ပွဲမှာ နှစ်ဂိုးစီ သရေကစားနိုင်ခဲ့ပေမယ့် အဝေးဂိုးစည်းမျဉ်းအရ ကာဂျစ္စတန်ထက် သွင်းဂိုးအသာရနေတာတောင် အုပ်စုဇယားရဲ့ တတိယနေရာအထိ ဆင်းပေးခဲ့ရပါတယ်။ ဒီအတွက်လည်း အာရှဘောလုံးအဖွဲ့ချုပ်ကျင့်သုံးတဲ့ စည်းမျဉ်းတွေအပေါ် မြန်မာပရိသတ်အတော်များများက ဝေဖန်ခဲ့ကြပါတယ်။ စီနီယာအသင်းကြီးရဲ့ ခြေစစ်ပွဲတွေ မတိုင်မီ အောက်တိုဘာလထဲမှာ မြန်မာ ယူ-၁၉ အသင်း အာရှဖလားခြေစစ်ပွဲအဖြစ် သုံးပွဲဆက်တိုက် ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့်လည်း မြန်မာအသင်းတစ်ခုတည်းကိုပဲ တောက်လျှောက် စောင့်ကြည့်အားပေးတဲ့ အမာခံပရိသတ်တွေအတွက် ပျင်းရိချိန်တောင် မရှိလောက်အောင် ပွဲတွေ ဆက်နေပါမယ်။

ယူ-၁၉ အသင်းက ဖိလစ်ပိုင်အသင်းနဲ့ အောက်တိုဘာ ၂၄ ရက်၊ ၂၆ ရက်မှာ အိမ်ရှင် ကမ္ဘောဒီးယားအသင်း၊ ၂၈ ရက်မှာ တရုတ်အသင်းတို့နဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အုပ်စုဗိုလ်အသင်းနဲ့ အုပ်စုဒုတိယရတဲ့အသင်း ငါးသင်းက ခြေစစ်ပွဲ အောင်မြင်ခွင့်ရမှာဖြစ်ပါတယ်။ မြန်မာအသင်းက ဒီခြေစစ်ပွဲအတွက် အကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံမှာ သွားရောက်လေ့ကျင့်မှု ပြုလုပ်နေတာဖြစ်ပြီး ခြေစမ်းပွဲ သုံးပွဲယှဉ်ပြိုင်ရာမှာ ဟန်နာတက္ကသိုလ်အသင်းကို နှစ်ကျော့စလုံးမှာ ငါးဂိုးပြတ်၊ ဂမ်ဘာအိုဆာကာအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့တာကြောင့် သုံးပွဲကစား ၁၂ ဂိုးပေးခဲ့ရပြီး သွင်းဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ခြေစမ်းပွဲမို့ လျှော့ကန်ခဲ့တယ်ဆိုဦးတော့ အခုကတော့ တကယ့်ပြိုင်ပွဲကြီးကို ရောက်လာပါပြီ။ ဒါကြောင့် နည်းပြချုပ်ဦးချစ်နိုင်အနေနဲ့ ဂိုးပေါက်ပျောက်ဆုံးခဲ့မှုကို ပြင်ဆင်ဖို့ ကြိုးပမ်းရတော့မှာဖြစ်ပါတယ်။

**ရသပိုစုံလာတဲ့ ပရီမီယာလိဂ်**

ဒီရက်သတ္တပတ်အတွင်း အသင်းကြီးထဲမှာ လီဗာပူးနဲ့ မန်ယူတို့သာ ရှုံးပွဲကြုံပြီး ကျန်အသင်းကြီးတွေအားလုံး နိုင်ပွဲရခဲ့တာကြောင့် ပရီမီယာလိဂ်မှာ အမှတ်ကွာဟမှု ပိုမိုကျဉ်းမြောင်းတဲ့ အခြေအနေဆိုက်ခဲ့ပါတယ်။ မန်ယူက တန်းတက်ဟက်ဒါဖီးလ်ကို ရှုံးနိမ့်မှုနဲ့အတူ အမှတ်ပေးဇယားထိပ်က မန်စီးတီးနဲ့ ရမှတ် ငါးမှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုကတော့ ဟက်ဒါဖီးလ်အသင်းဟာ သူတို့အသင်းအပေါ် ကောင်းကောင်းဖိအားပေးကစားနိုင်ပြီး ဒီလိုကစားပုံမျိုးကို သူကြိုက်နှစ်သက်သလို အနိုင်ရလဒ်နဲ့ ထိုက်တန်တယ်လို့ ချီးကျူးခဲ့ပါတယ်။ မော်ရင်ဟိုအနေနဲ့ ဒီပွဲမှာ နည်းဗျူဟာပိုင်းမှားယွင်းမှုမရှိခဲ့ပေမယ့် ချန်ပီယံလိဂ်ပွဲကြောင့် ပွဲပန်းမှုရှိခဲ့တဲ့အပြင် လင်ဒီလော့ဖ်ရဲ့ အမှားကလည်း မန်ယူကို တန်ဖိုးကြီးကြီးပေးဆပ်စေခဲ့တာလို့ဆိုရပါမယ်။ မန်ယူဟာ အဲဒီပွဲမှာ ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပေမယ့် ဟာရဲရားက ပေါ့ဘာနဲ့ ဖယ်လိုင်နီတို့နေရာ အစားဖြည့်မကစားနိုင်တာ၊ မန်ယူဟာ ဘောလုံးကို ကိုင်ကစားနိုင်ပေမယ့် ထိရောက်တဲ့ ဂိုးဖန်တီးမှုမပြုနိုင်ခဲ့တာတွေက အသင်းအတွက် ဆိုးရွားမှုတွေကို ဖြစ်စေခဲ့တာပါ။

နောက်ထပ်ပြောရမယ့် အကြောင်းနှစ်ခုကတော့ လီဗာပူးရဲ့ နောက်တန်းပြဿနာနဲ့ အာဆင်နယ်အတွက် အနိုင်ရလဒ်ဖန်တီးပေးခဲ့တဲ့ အိုဇေးလ်တို့အကြောင်းပါ။ စပါးနဲ့ လီဗာပူးတို့ရဲ့ပွဲမှာ စပါးက လီဗာပူးကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဒါက အပေါ်ယံကိုကြည့်ပြီး ဆုံးဖြတ်ရင် စပါးက အတော်ခြေသာတယ်လို့ အထင်ရောက်စရာပါ။ ဒါပေမယ့် တကယ်တမ်းပြောရရင် စပါးရဲ့ ဟယ်ရီကိန်း ဂိုးသွင်းသေသပ်တယ်ဆိုတာထက် လီဗာပူးနောက်တန်းဖရိုဖရဲအမှားတွေကြောင့် စပါးတို့ လွယ်လွယ်ကူကူနိုင်သွားခဲ့တာဆိုရင် ပိုမှန်ပါလိမ့်မယ်။ လီဗာပူးဟာ ယခုနှစ်ရာသီ ပရီမီယာလိဂ် ကိုးပွဲကစားပြီး ပေးဂိုး ၁၆ ဂိုးအထိရှိခဲ့တဲ့အတွက် ဒါဟာ ၁၉၆၄-၁၉၆၅ ဘောလုံးရာသီနောက်ပိုင်း အဆိုးရွားဆုံး မှတ်တမ်းလို့ပြောရမှာပါ။ ဗဟိုခံစစ်က လော့ဗ်ရန်နဲ့ မက်တစ်တို့ရဲ့ စွမ်းဆောင်ရည်က မေးခွန်းထုတ်စရာကောင်းသလို ဂိုးသမား မင်နိုလက်စ်ရဲ့အမှားကနေတစ်ဆင့် ဟယ်ရီကိန်းက နှစ်ကြိမ်လုံး ဂိုးရသွားတာဖြစ်ပါတယ်။ ဒီဘယ်လ်ဂျီယံ လက်ရွေးစင်ကစားသမားက လီဗာပူးကို စရောက်တဲ့ ၂၀၁၃ ခုနှစ်ကတည်းက ၁၃ ကြိမ် အမှားကျူးလွန်ခဲ့ပြီးဖြစ်တာကြောင့် လီဗာပူးအနေနဲ့ ဂိုးသမားနဲ့ နောက်တန်းပြင်ဆင်ရေးကို မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အာဆင်နယ်နဲ့ သက်တမ်းတိုးစာချုပ်မချုပ်လို့ အားလုံးစောင့်ကြည့်ခံဖြစ်နေတဲ့ အိုဇေးလ်ရဲ့တောက်ပမှုနဲ့အတူ အာဆင်နယ်က အဲဗာတန်ကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရသွားတယ်။ ဒီပွဲမှာ အိုဇေးလ်ဟာ ကိုယ်တိုင်တစ်ဂိုးသွင်းယူနိုင်ခဲ့သလို လာကာဇက်သွင်းယူတဲ့ဂိုးကိုလည်း ဖန်တီးပေးပြီး ထိပ်တန်းခြေစွမ်းကို ဆက်လက်ပြသကာ သူဟာ ပရော်ဖက်ရှင်နယ် ဘယ်လောက်ပီသတယ်ဆိုတာ သက်သေပြနိုင်ခဲ့ပါတယ်။

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE, ENGAGING THE WORLD

**ယခင်အပတ်မှအဆက်**

**(ဒ) သုံးသပ်ချက်**

အာဆီယံအဖွဲ့ကြီးဟာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် စစ်အေးတိုက်ပွဲ အရှိန်မြင့်မားလာတဲ့အချိန်မှာ ဒေသတွင်းပဋိပက္ခတွေ၊ ပြင်ပအင်အားကြီးနိုင်ငံကြီးတွေရဲ့ ဒေသတွင်း စွက်ဖက်ပြီး တည်ငြိမ်အေးချမ်းမှုအပေါ် ခြိမ်းခြောက်လာမှုတွေကို ထိန်းချုပ်နိုင်ဖို့ ၁၉၆၇ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အာဆီယံအသင်းကြီး မတည်ထောင်မီက အခြေအနေတွေကို ပြန်ကြည့်ရင် အင်အားကြီးနိုင်ငံတွေရဲ့ ဝါဒအယူအဆပြိုင်ဆိုင်မှုတွေကြောင့် အရှေ့တောင်အာရှနိုင်ငံတွေအကြားမှာ အပြန်အလှန်မယုံကြည်မှုတွေ ပြည့်နှက်နေခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ ဒီမယုံကြည်မှုတွေကြောင့်ပဲ အချင်းချင်းအကြားမှာ ပဋိပက္ခတွေ၊ စစ်ပွဲတွေ ဆင်နွှဲခဲ့ကြတာ ဖြစ်ပါတယ်။ မလေးရှားနဲ့ အင်ဒိုနီးရှားအကြား ဖြစ်ပွားခဲ့တဲ့စစ်ပွဲတွေ၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်အကြား ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေဟာ အပြန်အလှန် မယုံကြည်မှုအပေါ်မှာ အဓိကအခြေခံခဲ့တာဖြစ်ပါတယ်။

အာဆီယံဟာ အရှေ့တောင်အာရှဒေသကို "ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနဲ့ ဘက်လိုက်မှုမရှိတဲ့ဇုန်" (Zone of Peace, Freedom and Neutrality-ZOPFAN) အဖြစ် ဖန်တီးပြီး အရှေ့အုပ်စုနဲ့ အနောက်အုပ်စုအကြား အားပြိုင်မှုမှာ မပါဝင်ဘဲ သီးခြားရပ်တည် နေထိုင်ခဲ့ပါတယ်။ အာဆီယံဟာ အရှေ့တောင်အာရှဒေသအတွင်းမှာ နယ်မြေ အငြင်းပွားမှုတွေ ရှိနေသည့်တိုင်အောင် ဒေသတွင်းမှာ ပဋိပက္ခတွေ ဖြစ်ပေါ်လာခြင်းမရှိအောင် ထိန်းသိမ်းနိုင်ခဲ့တာဟာ အာဆီယံရဲ့ အရေးအကြီးဆုံး အောင်မြင်မှုတစ်ရပ်လို့ ပြောနိုင်ပါတယ်။

စတင်ဖွဲ့စည်းပြီး နှစ်ပေါင်း ၂၀ တိုင်တိုင် အာဆီယံဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမရှိဘဲ အချုပ်အခြာအာဏာပိုင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်မစွက်ဖက်ရေးမူကို ဖွံ့ဖြိုးဆဲနိုင်ငံတွေအကြား၊ အထူးသဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့မှာ ဘုံမူဝါဒတစ်ရပ်အဖြစ် လက်ခံလာစေရေးကိုသာ အလေးပေးဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်လောက်ကျမှသာ အာဆီယံအဖွဲ့ကြီးဟာ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးအရ ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာ အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးဒေသ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ အာရှငွေကြေးအကျပ်အတည်း ဖြစ်ပွားပြီးချိန်မှာတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ ပြင်ပနိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပိုမိုတိုးမြင့်လာခဲ့ပါတယ်။ အာဆီယံနိုင်ငံများနဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားတို့အကြား ချင်းမိုင်အစီအစဉ်လို့ လူသိများတဲ့ စုစည်းငွေကြေးရန်ပုံငွေလုပ်ငန်းစဉ်ဟာ သာဓကတစ်ခုဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်ပွားပြီးနောက်ပိုင်းမှာ အနောက်နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ဟာ ငွေကြေးအကျပ်အတည်းရဲ့ဒဏ်ကို ဆက်လက်ခံစားနေကြရချိန်မှာ အာဆီယံအသင်းကြီးရဲ့ ထိပ်တန်းစီးပွားရေးနိုင်ငံတွေဟာ ပြန်လည်နာလန်ထူလာရုံသာမက တိုးတက်အောင်မြင်မှုတွေကို ရရှိနေပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ စတင်ဖွဲ့စည်းချိန်က (၅)နိုင်ငံနဲ့ စတင်ခဲ့ပေမယ့် နောက်ပိုင်းမှာ ဒေသတွင်းရှိ နိုင်ငံများအားလုံး ပါဝင်လာခဲ့တဲ့အတွက် ဒေသကို အပြည့်အဝကိုယ်စားပြုနိုင်တဲ့ အသင်းကြီးတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ဒီအချက်ဟာ အာဆီယံအသင်းကြီးအနေနဲ့ ဥရောပသမဂ္ဂထက်တောင် အားသာတဲ့အချက်ဖြစ်တဲ့အတွက် ဂုဏ်ယူဖွယ်ဖြစ်ပါတယ်။

အာဆီယံဟာ အရှေ့တောင်အာရှဒေသကို နိုင်ငံရေးအရသာ တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ပေးနိုင်ခဲ့ရုံသာမက လူဦးရေထူထပ်များပြားပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကွာခြားတဲ့နိုင်ငံတွေနဲ့ ပေါင်းစည်းထားတဲ့ဒေသကို စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာစေခဲ့ပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့ မောင်းနှင်အားတစ်ရပ်လည်းဖြစ်လာစေခဲ့ပါတယ်။ အလားတူ ဒေသတွင်းရှိ ပြည်သူတွေရဲ့ လူနေမှုဘဝနဲ့ ပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့သလို အာဆီယံအဖွဲ့ကြီးရဲ့ ကုန်သွယ်မှုအနေအထားဟာ ကမ္ဘာမှာ မြင့်မားလာခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံသူတွေ အထူးအလေးပေးစဉ်းစားလာရတဲ့ ဒေသတစ်ခုအဖြစ်လည်း ရောက်ရှိလာခဲ့ပါတယ်။

အာဆီယံရဲ့ စုပေါင်းဂျီဒီပီဟာ သုံးထရီလီယံဒေါ်လာနီးပါးရှိပြီး ကမ္ဘာပေါ်မှာ စီးပွားရေးအရ သတ္တမမြောက် အင်အားအကြီးဆုံးဒေသဖြစ်ပါတယ်။ ဒီအနေအထားဟာ လာမယ့် ၁၀ နှစ်အတွင်းမှာ အမေရိကန်၊ တရုတ်၊ ဂျပန်နဲ့ ဂျာမနီနိုင်ငံတွေပြီးရင် စီးပွားရေးအရ ပဉ္စမမြောက် အင်အားအကြီးဆုံးဖြစ်လာမယ့် အလားအလာတွေရှိနေပါတယ်။ အာဆီယံအဖွဲ့ကြီးဟာ ကမ္ဘာပေါ်မှာ ကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုမှာ အချက်အချာကျတဲ့ဒေသတစ်ခုဖြစ်သလို စားသုံးသူဈေးကွက် လျင်လျင်မြန်မြန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံ (၁၀)နိုင်ငံရဲ့ စုပေါင်းစွမ်းအားဟာ စီးပွားရေးအရ အင်အားစုတစ်ရပ်အဖြစ် ပေါ်ထွက်လာလျက်ရှိပါတယ်။

အာဆီယံအဖွဲ့ကြီးဟာ ကမ္ဘာ့ကုန်သွယ်ရေးနယ်ပယ်မှာလည်း အထင်ကရနေရာကနေ ပါဝင်နေပါတယ်။

> “အာဆီယံအဖွဲ့ကြီးဟာ စတင်ဖွဲ့စည်းချိန်က (၅)နိုင်ငံနဲ့ စတင်ခဲ့ပေမယ့် နောက်ပိုင်းမှာ ဒေသတွင်းရှိ နိုင်ငံများအားလုံး ပါဝင်လာခဲ့တဲ့အတွက် ဒေသကို အပြည့်အဝကိုယ်စားပြုနိုင်တဲ့ အသင်းကြီးတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ဒီအချက်ဟာ အာဆီယံအသင်းကြီးအနေနဲ့ ဥရောပသမဂ္ဂထက်တောင် အားသာတဲ့အချက်ဖြစ်တဲ့အတွက် ဂုဏ်ယူဖွယ်ဖြစ် . . .”




tmqD,HzUUD ppm;a&;pkyifrSmt;onf
urÇm ... ;a&;zDvd;vufrSt wufarmif;ESifT m;wpf&yfjzpfonf

ဥရောပသမဂ္ဂ၊ မြောက်အမေရိကဒေသနဲ့ တရုတ်ဟောင်ကောင်ပြီးရင် ကမ္ဘာပေါ်မှာ စတုတ္ထမြောက် အကြီးမားဆုံးပို့ကုန်တင်ပို့တဲ့ ဒေသကြီးဖြစ်ပါတယ်။ ကမ္ဘာ့ပို့ကုန် စုစုပေါင်းရဲ့ ခုနစ်ရာခိုင်နှုန်းရှိပြီး အဖွဲ့ဝင်နိုင်ငံတွေရဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအလိုက် ပို့ကုန်ပစ္စည်းတွေဟာလည်း အမျိုးအမည်စုံလင်ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ အဝတ်အထည်နဲ့ ချည်ထည်တွေ၊ စင်ကာပူနဲ့မလေးရှားက အီလက်ထရွန်နစ်ပစ္စည်းတွေ၊ ထိုင်းနိုင်ငံက မော်တော်ယာဉ်နဲ့ မော်တော်ကားအစိတ်အပိုင်းတွေ၊ အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီ၊ ကျောက်မီးသွေး၊ ကိုကိုးနဲ့သံဖြူ၊ ဖိလစ်ပိုင်နိုင်ငံက လယ်ယာထွက်ကုန်နဲ့ အခြားထွက်ကုန်ပစ္စည်းတွေ၊ စီးပွားရေးအရ တံခါးဖွင့်လာတဲ့ မြန်မာနိုင်ငံကလည်း ရေနံ၊ သဘာဝဓာတ်ငွေ့၊ အဖိုးတန်တွင်းထွက်ပစ္စည်းတွေ၊ လယ်ယာနဲ့ ရေထွက်ပစ္စည်းတွေနဲ့ အလားအလာကောင်းတွေ ရှိနေပါတယ်။

ကုန်ပစ္စည်းထုတ်လုပ်ပြီး ပြည်ပပို့ကုန်တင်ပို့ဖို့အတွက် အဓိကကျတဲ့ အထူးစီးပွားရေးဇုန်တွေဟာလည်း အရင်ကဆိုရင် တရုတ်နိုင်ငံကသာ ကြီးစိုးထားခဲ့ရာကနေ အခုဆိုရင် အထူးစီးပွားရေးဇုန်တွေကို အာဆီယံနိုင်ငံတွေမှာလည်း ပီပီပြင်ပြင် ထူထောင်လာနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဥပမာအချို့ကို ဖော်ပြရရင် စင်ကာပူနဲ့ အင်ဒိုနီးရှားဖက်စပ် ဘာတမ်လွတ်လပ်စွာ ကုန်သွယ်မှုဇုန် (Batam Free Trade Zone)၊ ထိုင်းနိုင်ငံက တောင်ပိုင်းဒေသစက်မှုဇုန် (The Southern Regional Industrial Estate)၊ အင်ဒိုနီးရှားက တန်ဂျွန်အီးမားစ် ပို့ကုန်ထုတ်လုပ်ရေးဇုန် (Tanjung Emas Export Processing Zone)၊ မလေးရှားနိုင်ငံက ပို့ကလမ် လွတ်လပ်စွာကုန်သွယ်မှုဇုန် (Port Klang Free Trade Zone)၊ မြန်မာနိုင်ငံက သီလဝါ အထူးစီးပွားရေးဇုန် (Thilawa Special Economic Zone) နဲ့ ဗီယက်နမ်နိုင်ငံက တန်ထွမ်း ပို့ကုန်ထုတ်လုပ်ရေးဇုန် (Tan Thuan Export Processing Zone) တို့ဟာ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် မောင်းနှင်အားတွေဖြစ်ပါတယ်။

အာဆီယံဟာ ကမ္ဘာ့ထိပ်တန်း စီးပွားရေးကုမ္ပဏီကြီးတွေ အများအပြား ရုံးစိုက်ရာဒေသကြီးလည်း ဖြစ်ပါတယ်။

၂၀၀၆ ခုနှစ်အတွင်း Forbes Global 2000 စာရင်းမှာ ပါဝင်တဲ့ ထိပ်တန်းကုမ္ပဏီကြီးတွေထဲက ၄၉ ခုဟာ အာဆီယံဒေသတွင်းမှာ ရုံးစိုက်ကြတာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ကုမ္ပဏီအရေအတွက်ဟာ ၇၄ ခုအထိ တိုးမြင့်လာခဲ့ပါတယ်။ နှစ်စဉ် ဝင်ငွေခွန်ဒေါ်လာသန်း ၁၀၀၀ ကျော်ရရှိတဲ့ ကမ္ဘာ့စီးပွားရေးလုပ်ငန်းကြီးပေါင်း ၂၂၇ ခုဟာ အာဆီယံဒေသကဖြစ်ပါတယ်။ ဒီလိုထိပ်တန်းကုမ္ပဏီအရေအတွက် တိုးတက်များပြားလာမှုနဲ့အတူ ဒေသတွင်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေလည်း ပိုမိုတိုးတက်ဝင်ရောက်လာခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်း (၅)နိုင်ငံပေါင်းရရှိခဲ့တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ (၁၂၈ ဘီလီယံဒေါ်လာ) ဟာ အဲဒီနှစ်မှာ တရုတ်နိုင်ငံရရှိခဲ့တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ (၁၁၇ ဘီလီယံဒေါ်လာ) ထက် ပိုမိုများပြားခဲ့ပါတယ်။

လူဦးရေ ၆၃၅ သန်းရှိပြီး စုစုပေါင်း ဂျီဒီပီ ၂ ဒသမ ၆ ထရီလီယံဒေါ်လာရှိတဲ့ အာဆီယံအဖွဲ့ကြီးဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအကြားမှာ စီးပွားရေးအရ အင်အားအကြီးမားဆုံး အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ အခုအချိန်မှာ ကမ္ဘာကြီးရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့စစ်ရေးအင်အားဟာ ဥရောပဒေသကနေ အာရှ-ပစိဖိတ်ဒေသဆီကို ပြောင်းရွှေ့လာနေတဲ့အတွက် ကမ္ဘာ့စီးပွားရေးမှာ အာဆီယံအဖွဲ့ကြီးရဲ့ အရေးပါမှုဟာ လာမယ့်ဆယ်စုနှစ်တွေအထိ ဆက်လက်မြင့်မားလာနေမယ့် အနေအထားမှာရှိပါတယ်။

ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက ခေါင်းဆောင်တွေအားလုံးကို နေရာတစ်နေရာမှာစုစည်းပြီး ဆွေးနွေးစကားပြောနိုင်အောင် ဖန်တီးပေးနိုင်သူဟာ ကမ္ဘာပေါ်မှာ အာဆီယံအသင်းကြီးပဲရှိပါတယ်။ ဒါဟာ အာဆီယံအသင်းကြီးရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ အာဆီယံဒေသဆိုင်ရာဖိုရမ်ဆိုရင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယားနိုင်ငံ) အဖွဲ့ဝင်အဖြစ် ပါဝင်နေတဲ့အတွက် မြောက်ကိုရီးယားနိုင်ငံ ရှားရှားပါးပါးပါဝင်တဲ့ ဆွေးနွေးပွဲတစ်ခု ဖြစ်ပါတယ်။

**စာမျက်နှာ ၂၁ သို့**

# နွေစပါးစိုက်ပျိုးရာတွင် အဆင်ပြေလွယ်ကူနိုင်ရေး တောင်သူများနှင့် ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၃**

ကျေးရွာနှင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့် အခြေခံပြီး ဆောင်ရွက်ရမည့် ဆယ်မာအူးလ်အွန်ဒိုစီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာများတွင် စတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ တဲကြီးကုန်းကျေးရွာအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့နှင့်ပူးပေါင်း၍ တောင်သူများအား အသိပညာပေးခြင်းနှင့် ဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်အောင်နှင့် ဒုတိယဦးစီးမှူး ဦးအောင်ဒင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်အေးတို့က တဲကြီးကုန်းကျေးရွာအတွင်းရှိ စပါးစိုက်တောင်သူများအနေဖြင့် စပါးစိုက်ပျိုးလာသည်မှာ လေးနှစ်နီးပါးရှိလာပြီဖြစ်သောကြောင့် ဆောင်းစပါးရိတ်သိမ်းပြီး နွေစပါးမစိုက်ပျိုးမီစပ်ကြား မြေပဲ၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံတစ်မျိုးကို စိုက်ပျိုးစေလိုကြောင်း၊ တောင်သူများ၏ ဆွေးနွေးမှုအပေါ်မူတည်၍ ညှိနှိုင်းဆွေးနွေးပေးခြင်းဖြစ်ကြောင်း၊ ရေပေးဝေသောမြောင်းမကြီးကို ဇန်နဝါရီလပိုင်းတွင် စတင်ပြင်ဆင်ရမည် ဖြစ်သောကြောင့် ဖေဖော်ဝါရီလမှသာ ပုံမှန်လွှတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အခြားသီးနှံတစ်မျိုးစိုက်ပျိုးခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ကောင်းစွာနားလည်သဘောပေါက်ထားပြီးဖြစ်သဖြင့် မိမိတို့သက်ဆိုင်ရာဌာနများဘက်ကလည်း လိုအပ်သည်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်အထိ ကူညီပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားရာ တက်ရောက်လာသူ တောင်သူများက သိရှိလိုသည်များနှင့် အခက်အခဲများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

"ဦးတို့ရဲ့ ဆယ်မာအူးလ်အွန်ဒိုစီမံကိန်းကော်မတီအနေနဲ့က ကျေးရွာနေပြည်သူတွေကို စွမ်းဆောင်ရည်တွေ မြှင့်တင်ပေးသလို အခုလိုတွေ့ဆုံဆွေးနွေးပွဲတွေကိုလည်း ဆောင်ရွက်ပေးရတယ်။ စီမံကိန်းသုံးခုအနေနဲ့ ဆောင်ရွက်ရာမှာ လမ်းဘေးဖြည့်စွက်ခုတ်တိုင်တွေ၊ ရေသန့်စက်တစ်ခုနဲ့ ကျေးရွာအတွက် အထွေထွေသုံးခန်းမတစ်ခု စတင်တည်ဆောက်ပေးနေပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း အားလုံးအတူပူးပေါင်းပြီး ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်နေပါတယ်" ဟု တဲကြီးကုန်း ကျေးရွာဆယ်မာအူးလ်အွန်ဒိုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ၊ တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒိုစီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များနှင့် ကျေးရွာနေ ပြည်သူများ တက်ရောက် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန့်မောင်**




## မကွေးတိုင်းဒေသကြီး(၂၅)မြို့နယ် ကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ EAC ကုမ္ပဏီလီမိတက်တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော ၂၀၁၇ ခုနှစ် မကွေးတိုင်းဒေသကြီး (၂၅) မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီက မကွေးမြို့ လမ်းငါးသွယ်အဝိုင်းပတ်စုရပ်မှ စတင်တာလွှတ်ခဲ့ရာ အမျိုးသား ၁၅၀ နှင့် အမျိုးသမီး ၁၂၀ စုစုပေါင်း စက်ဘီးစီးအားကစားသမား ၂၇၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

စက်ဘီးစီးပြိုင်ပွဲလမ်းကြောင်းအဖြစ် လမ်းငါးသွယ်အဝိုင်းပတ်မှ မကွေး-တောင်တွင်းလမ်း၊ ထို့နောက် ပညာရေးကောလိပ်၊ မြို့ပတ်လမ်းမှတစ်ဆင့် နတ်မောက်လမ်း၊ ဗိုလ်ချုပ်လမ်းမှ ခရိုင်အားကစားကွင်းရှေ့တွင် ပန်းဝင်ခဲ့ကြရာ အမျိုးသားစက်ဘီးစီးပြိုင်ပွဲတွင် သရက်မြို့နယ်မှ မောင်ဇမ္ဗူမိုးက ပထမ၊ တောင်တွင်းကြီးမြို့နယ်မှ မောင်ဝေဖြိုးက ဒုတိယနှင့် မောင်ကောင်းမြတ်က တတိယရရှိခဲ့ကြပြီး အမျိုးသမီးပြိုင်ပွဲတွင် မြိုင်မြို့နယ်မှ မခင်နှင်းဝေက ပထမ၊ တောင်တွင်းကြီးမြို့နယ်မှ မငြိမ်းငြိမ်းအိက ဒုတိယနှင့် ကံမမြို့နယ်မှ မဝေဝေဖြိုးက တတိယဆု အသီးသီးရရှိကာ ပထမ၊ ဒုတိယ၊ တတိယနှင့် အမျိုးသား၊ အမျိုးသမီး အထူးဆုရရှိသူ ခုနစ်ဦးစီတို့အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့်တာဝန်ရှိသူတို့က ဆုကလပ်၊ ဆွဲပြားနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇) စစ်ကိုင်းတိုင်းဒေသကြီးအဆင့်အသိပေးဆွေးနွေးပွဲပြုလုပ်

**မုံရွာ အောက်တိုဘာ ၂၃**

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) တိုင်းဒေသကြီးအဆင့် အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ဂျပန်ဦးနှောင်ရောင်ရောဂါဟာ ကပ်ရောဂါအသွင်ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတစ်မျိုးဖြစ်ပါတယ်။ ၂၀၁၆ စာရင်းတွေအရ မြန်မာနိုင်ငံတွင်းဖြစ်တာတွေ့ရပြီး ဧရာဝတီ၊ ပဲခူး၊ ကရင်၊ ရှမ်းပြည်မြောက်ပိုင်းနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ အများဆုံးဖြစ်ပွားခဲ့တာတွေ့ရတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ စာရင်းတွေအရ သံသယဂျပန်ဦးနှောက်ရောင်ဖြစ်ပွားသူ ၁၁ ဦးရှိခဲ့ပြီး အဲဒီအထဲက ဂျပန်ဦးနှောက်ရောင်ရောဂါပိုးတွေ့တာ နှစ်ဦးရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းက ရခိုင်ပြည်နယ် ၁၀ မြို့နယ်မှာ သံသယဂျပန်ဦးနှောက်ရောင်ရောဂါ လူနာ ၄၅ ဦးတွေ့ရှိခဲ့ပြီး ငါးဦးသေဆုံးခဲ့ရာမှာ သေဆုံးမှုက ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့တာကြောင့် ရောဂါဖြစ်ပွားသေဆုံးမှုဟာ အလွန်စိုးရိမ်ဖွယ်မြင့်လာခဲ့တာကို တွေ့ရပါတယ်" ဟု ဒေါက်တာဇော်ဝင်းက အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာကျော်သူဆွေက "ဂျပန်ဦးနှောက်ရောင်ရောဂါဟာ အာရှနိုင်ငံတွေမှာ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားလေ့ရှိတဲ့ ဦးနှောက်ရောင်ရောဂါများရဲ့ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်က ဝက်၊ ကျွဲ၊ နွားနဲ့ ငှက်တွေမှာရှိနေပြီး Culex ခြင်ကနေတစ်ဆင့် လူဆီကိုကူးတဲ့ရောဂါတစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် အရှေ့နဲ့ အရှေ့တောင်အာရှဒေသနိုင်ငံများမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးအများဆုံးလုပ်တဲ့ နေရာတွေနဲ့ ကျေးလက်ဒေသတွေမှာ အများဆုံးတွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒေသအများစုမှာ (၁၅) နှစ်အောက်ကလေးတွေဟာ လူကြီးတွေထက်ပိုပြီး ရောဂါရဖို့အန္တရာယ်ပိုများပါတယ်"ဟု ရှင်းပြသည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံခြင်းကို ထည့်သွင်းထိုးနှံခြင်းမပြုမီ အသက်အုပ်စုကျယ်ပြန့်စွာအစုလိုက်ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ဆောင်ရွက်ရန် ဒေါက်တာဇော်ဝင်းက အသိပေးဆွေးနွေးပွဲတွင် အကြံပြုထားသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ ကူးစက်မှုကိုကာကွယ်ရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ကာ အသက်တစ်နှစ်အောက်ကလေးငယ်များကို ထိုးနှံပေးလျက်ရှိသောကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို စတင်ထိုးနှံပေးတော့မည်ဖြစ်သည်။ ထိုသို့ထိုးနှံခြင်းမပြုမီ ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေများပြီး ဖြစ်ပွားပါက ပြင်းထန်သောနောက်ဆက်တွဲဆိုးကျိုးများရရှိနိုင်သည့် အန္တရာယ်မြင့်မားသော အသက်အုပ်စု ကိုးလမှ (၁၅) နှစ်အတွင်း ကလေးသူငယ်များကို ဂျပန်ဦးနှောက်ရောင်ရောဂါ အစုလိုက်တစ်ပြိုင်တည်းထိုးနှံပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## ပုဂံသမိုင်းဝင်နယ်မြေရှိ အမှတ်တရလက်ရေးပန်းချီအလှရေးဆွဲသည့် နေရာများအား စိတ်ဝင်စားသူများပြားလာ

**ညောင်ဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ် ပုဂံသမိုင်းဝင်နယ်မြေရှိ လက်ရေးပန်းချီအလှရေးဆွဲရာနေရာများအား စိတ်ဝင်စားသူ ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များပြားလာကြောင်း သိရပြီး ပုဂံခေတ် ပန်း၊ ကနုတ်နှင့်ပတ်သက်သည့် လက်ရာများအား လက်ဖျံ၊ လက်ဖမိုး၊ လက်ချောင်းနှင့် လက်မောင်းများတွင် ပုဂံရောက်အမှတ်တရအဖြစ် ရေးထိုးနေကြကြောင်း သိရသည်။

"ဘုရားတွေမှာ ပိတ်ပန်းချီရေးပြီး ရောင်းကြတဲ့သူတွေရှိတယ်လေ။ ဘုရားဖူးတွေလာတော့ သူတို့လက်ပေါ် အမှတ်တရ ဆွဲပေးရင်းနဲ့ ဆွဲပေးစမ်းပါ၊ ဆွဲပေးစမ်းပါနဲ့ တဖြည်းဖြည်းတွင်ကျယ်လာတာ။ လက်ပန်းချီရယ်လို့ စလာတာ နှစ်နှစ်လောက်တော့ရှိပြီ။ ခုလို တွင်တွင်ကျယ်ကျယ် ဖြစ်လာတာတော့ တစ်နှစ်မပြည့်သေးဘူး။ ဒါက အသားမနာဘူး။ ပြန်ဖျက်လို့ရတယ်။ ရောက်တုန်းရောက်ခိုက် အမှတ်တရအလှပေါ့။ စိတ်ဝင်စားတဲ့သူတွေများလာတယ်"ဟု မြင်းကမ္ဘာကျေးရွာမှ ဒေသခံ ကိုသိန်းလှိုင်က ပြောသည်။

အလှရေးဆွဲသူများအတွက် ရွေးချယ်ရန် နမူနာပုံများပြသထားပြီး ဈေးနှုန်းမှာ ကနုတ်ပန်း အနည်းအများပေါ်မူတည်၍ ကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀ ထိ အစားစားရှိကြောင်း၊ ရေဆေးကိုအသုံးပြုရေးဆွဲခြင်းဖြစ်ကာ ရေးဆွဲပြီးပါက အရောင်တက်လာစေရန် လိုက်ကာတင်ပေးကြောင်း၊ ရေထိသော်လည်း ပွတ်ဖျက်ခြင်းမပြုလျှင် ပျက်မသွားဘဲ အနည်းဆုံး သုံးရက်ခံကြောင်း၊ ရေးဆွဲလိုသည့်ပုံများကို ပြ၍လည်း အလှရေးဆွဲနိုင်ကြောင်း သိရသည်။

"မျိုးရိုးက ယွန်းထည်ပန်းချီတွေဆွဲကြတာဆိုတော့ လက်ဆင့်ကမ်း တတ်လာကြတာ။ လက်ရေးပန်းချီဆိုင်တွေ တစ်ဆိုင်စ၊ နှစ်ဆိုင်စကနေ ခုဆိုဆိုင် ၃၀ လောက်ရှိနေပြီ။ လပြည့်နေ့ဘုရားဖူးများတဲ့အချိန်ဆို တစ်နေကုန်မထရဘူး။ တစ်လပျမ်းမျှ နှစ်သိန်းခွဲလောက်တော့ ဝင်ငွေရှိပါတယ်။ ချစ်သူစုံတွဲတွေ၊ သူငယ်ချင်းအဖွဲ့လိုက်တွေ၊ နိုင်ငံခြားသားတွေအလာများတယ်" ဟု ယွန်းထည်လုပ်ငန်းဖွံ့ဖြိုးရာ မြင်းကမ္ဘာကျေးရွာနေ ကိုအာကာမြင့်က ဆိုသည်။

ပန်းချီရေးဆွဲရာနေရာအနီးတွင် ဇော်ဂျီရုပ်၊ မင်းသမီးရုပ်၊ ဝန်ကြီးရုပ်၊ သူငယ်တော်ရုပ်၊ မြင်းရုပ်အစရှိသည့် ရုပ်သေးရုပ်ငယ်များကို ကြိုးများဖြင့် အလှချိတ်ဆွဲထားပြီး အမှတ်တရဓာတ်ပုံရိုက်သူ၊ အရုပ်ဝယ်သူ၊ လက်ရေးပန်းချီအလှရေးဆွဲသူများ ပြားလာကြောင်း၊ လူမှုကွန်ရက်ပေါ်တွင် အမှတ်တရပုံများတင်ရာမှတစ်ဆင့် ပို၍လူသိများလာသည်ဟု ယူဆကြောင်း ၎င်းကဆိုသည်။

"ပုဂံရောက်တုန်း ဒါလေးဆွဲရတာက ပုဂံရဲ့အနှစ်သာရကို ပိုပြီးပေါ်လွင်စေတယ်လို့ ထင်တယ်" ဟု မကွေးမြို့မှ ပုဂံဘုရားဖူးလာရင်း လက်ဖျံတွင် ကျန်စစ်သားမင်းကြီးရုပ် အမှတ်တရရေးဆွဲသူ ဦးအောင်သိန်းလင်းက ပြောသည်။

ယွန်းထည်ပေါ်မှာ ရေးဆွဲလေ့ရှိသည့် ပုဂံပန်းလေးများ၊ ဘုရားနံရံများတွင်တွေ့ရသည့် ပုဂံပန်းခွေပုံလေးများ၊ နံရံဆေးရေးပန်းချီလက်ရာများ၊ ဘုရင်နှင့် ဘုရင်မပုံများကို အမှတ်တရရေးဆွဲသူများပြားလာခြင်းဖြင့် ဒေသတွင်းယွန်းထည်လုပ်ငန်းမှ ဆင့်ပွားလာသော လက်ရေးပန်းချီအလှရေးလုပ်ငန်းမှာ အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် ခိုင်မာလာခဲ့ပြီး ယင်းလုပ်ငန်းက ပုဂံ၏ပြယုဂ်ကို မြတ်နိုးတန်ဖိုးထားသောစိတ်များ ပိုမိုအားကောင်းလာစေမည်ဟုယူဆကြောင်း ညောင်ဦးမြို့ ဒေသခံများထံမှ သိရသည်။ **ဇေယျာတု(မကွေး)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု အကြီးတန်း၊ သက်ငယ်တန်းမီနီမာရသွန်ပြိုင်ပွဲ တောင်ကြီးမြို့၌ကျင်းပ




**တောင်ကြီး အောက်တိုဘာ ၂၃**

၂၀၁၇ ခုနှစ် ရှမ်းပြည်နယ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်Pocari Sweat တို့ ပူးပေါင်းကျင်းပသည့် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် Pocari Sweat Mini Marathon Taunggyi အကြီးတန်း၊ သက်ငယ်တန်း မီနီမာရသွန်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီက ပြည်နယ်အားကစားလေ့ကျင့်ရေးရုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲှန်တစ်လုံ၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှဝန်ထမ်းများ၊ ပညာရေးဌာနမှဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် Pocari Sweat ရေနှင့် ဓာတ်ဆားဖြည့်အချိုရည်ကုမ္ပဏီမှတာဝန်ရှိသူများ၊ အမျိုးသား၊ အမျိုးသမီးအကြီးတန်း၊ သက်ငယ်တန်း မီနီမာရသွန်ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ စုစုပေါင်း ၂၀၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အမျိုးသား၊ အမျိုးသမီး (အကြီးတန်း/အငယ်တန်း) မီနီမာရသွန် အားကစားပြိုင်ပွဲကို ရှမ်းပြည်နယ် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲှန်တစ်လုံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် Pocari Sweat ရေနှင့်ဓာတ်ဆားဖြည့်အချိုရည်ကုမ္ပဏီမှတာဝန်ရှိသူတို့ကမီနီမာရသွန် အားကစားအပြေးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အမျိုးသား/ အမျိုးသမီး အကြီးတန်းမီနီမာရသွန် အားကစားပြိုင်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ခဲ့ပြီး အမျိုးသား/ အမျိုးသမီးအကြီးတန်းမီနီမာရသွန်အားကစားသမားများက ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှစတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် အသွားအေးသာယာထုံးဖိုးထိ၊ အေးသာယာထုံးဖိုးမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် အပြန် ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့သို့ ပြန်လည်တာဝင်ခဲ့သည်။

အမျိုးသား၊ အမျိုးသမီးသက်ငယ်တန်း မီနီမာရသွန် အားကစားသမားများက ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှစတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်၊ ကရင်မရေထွက်ထိ၊ ကရင်မရေထွက်မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့သို့ ပြန်လည်တာဝင်ခဲ့သည်။

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်အမျိုးသား၊ အမျိုးသမီး (အကြီးတန်း/သက်ငယ်တန်း)မီနီမာရသွန် အားကစားပြိုင်ပွဲတွင်ဆုရသူများအား ဆုချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ အကြီးတန်းအမျိုးသားမီနီမာရသွန်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယရရှိသော အားကစားသမားများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ သက်ငယ်တန်းအမျိုးသမီးမီနီမာရသွန်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယရရှိသော ကျောင်းသား ကျောင်းသူများအား ရေနှင့် ဓာတ်ဆားဖြည့်အချိုရည် ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ သက်ကြီးတန်းအမျိုးသားနှင့် သက်ငယ်တန်းအမျိုးသမီးငယ်မီနီမာရသွန်ပြိုင်ပွဲတွင် အထူးရရှိသော အားကစားသမားများအား ရှမ်းပြည်နယ် မြန်မာ့စီးပွားဘဏ်မန်နေဂျာဦးခွန်ဆန်းမြင့်က ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံ အန္တရာယ်ကင်းရှင်းစွာ ပုံမှန်လည်ပတ်နိုင်ရေးအတွက် သတ္တုတွင်းလုပ်ကွက်များ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)အတိုင်း ဆောင်ရွက်မည်

**ချီဖွေ အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ချီဖွေမြို့ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံမှ ဒေသတွင်းသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ စက်ရုံလည်ပတ်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ပုံမှန်လည်ပတ်နိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံ တမံ၏ အထက်ပိုင်းတွင် နိုင်ငံတော်အစိုးရနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများရှိပြီး သတ္တုတွင်းထွက်စွန့်ပစ်ပစ္စည်းများအား စုပုံထားရှိသဖြင့် မိုးရေနှင့်အတူ တမံရေလှောင်ကန်အတွင်းသို့ စီးဝင်လာကာ တမံရေလှောင်ကန် ဧရိယာအတွင်း သဲနှင့် နွံ့မြေများ အနည်ထိုင်ပြီး စက်ရုံလည်ပတ်ရာတွင် အန္တရာယ်ရှိသဖြင့် မလိုလားအပ်သည့် အဟန့်အတားများ မဖြစ်ပေါ်စေရေးနှင့် စက်ကိရိယာများပျက်စီးမှု လျော့ချစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ရှင်းလင်းပြောကြားကာ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ပန်ဝါမြို့ဌာနေ ပြည်သူ့စစ်အုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ကျင်းပခဲ့သည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်းဆောင်၊ ဒေသကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝမ်ထယ်ဘရန်အောင်၊ အတွင်းရေးမှူး ဦးလဒွယ်ထောဒေါင်နှင့် တာဝန်ရှိသူများ၊ ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှ တာဝန်ရှိသူများ၊ သတ္တုတွင်းလုပ်ငန်းရှင်များ တက်ရောက်၍ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ အန္တရာယ်ကင်းရှင်းစွာ ပုံမှန်လည်ပတ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရေး ကိစ္စရပ်များအား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ ဆွေးနွေးမှုရလဒ်များအရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ချီဖွေချောင်းနှင့် ချောင်းလက်တက်များတစ်လျှောက် မြေသားပြိုကျနိုင်မှု အခြေအနေများကို အဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး သဲနုန်းအနည်ကျမှု လျော့နည်းစေရန်အတွက် သတ္တုတွင်းလုပ်ကွက်များကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အတိုင်း ဆောင်ရွက်နိုင်မှုရှိစေရန် ချီဖွေ ငယ်ရေအားလျှပ်စစ် ထုတ်လုပ်ရေးကုမ္ပဏီမှ နည်းပညာအကူအညီပေးအပ်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးထံမှ သိရသည်။

**ဦးလေးကြီး**

# တောင်သူများအဓိကအားထားစိုက်ပျိုးသော မြေပဲခင်းများ ကြွက်ဖျက်ဆီးမှုကြောင့် အထွက်နှုန်းထက်ဝက်လျော့နိုင်

**မကွေး အောက်တိုဘာ ၂၃**

မကွေးမြို့နယ်အတွင်းရှိ တောင်သူများ ဆီထွက်သီးနှံအဖြစ် အဓိထား စိုက်ပျိုးကြသော မြေပဲခင်းများ ကြွက်ဖျက်ဆီးမှုကြောင့် အထွက်နှုန်း ထက်ဝက် လျော့နိုင်ကြသဖြင့် စိုးရိမ်နေကြသည်ဟု တောင်သူကြီးများထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသော မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ သန်းတောကုန်း၊ မကြီးကန်၊ ဆားတိုင်ကန်၊ ပုထိုးစမ်း၊ သပြေစမ်းကျေးရွာများမှ မြေပဲစိုက်တောင်သူများ တစ်ဦးလျှင် ပဲဆန်နှစ်တင်းကျော်မှ နှစ်ဆယ့်ငါးတင်းကျော်အထိ ဝါဆိုလဆန်းပိုင်း၌ စိုက်ပျိုးကြသော မြေပဲခင်းများ ကြွက်ဖျက်ဆီးမှုကြောင့် အထွက်နှုန်း ထက်ဝက်လျော့နိုင်သဖြင့် စိုးရိမ်နေကြသည်ဟု ပုထိုးစမ်းကျေးရွာမှ တောင်သူဦးမောင်အေးနှင့်ဦးကျော်တို့က ဆိုသည်။

ပုထိုးစမ်းကျေးရွာမှ တောင်သူဦးမောင်အေးက "မနှစ်က ပဲစင်းငုံစိုက်တာ ကြွက်စားသွားလို့ ဘာမှမရလိုက်ဘူး။ ဒီနှစ်မှာ ပဲစင်းငုံလုံးဝမစိုက်တော့ဘဲ မြေပဲကို အဓိကအားထားစိုက်မှ ကြွက်စားလို့ ထက်ဝက်ပျက်စီးတယ်။အထွက်နှုန်း မကောင်းရင် အရင်းရှုံးမှာတောင် စိုးရိမ်မိတယ်"ဟု ပြောသည်။

ပုထိုးစမ်းကျေးရွာမှ တောင်သူဦးကျော်က "တစ်ညကြွက်ထောင်ဖမ်းရောင်းတဲ့သူတွေကျပ်တစ်သောင်းခွဲ အထိရကြတယ်။ ယင်းဆိပ်၊ ကြာပြည့်အင်းနဲ့ တခြားရွာတွေ ညတိုင်းကြွက်ထောင်ချောက်နဲ့လာဖမ်းတယ်။ ကြွက်ကင်တစ်ကောင် ကျပ်ငါးရာကနေ ကျပ်တစ်ထောင်အထိ ရောင်းချရတယ်"ဟု ပြောသည်။

မိုးဦးကျကာလ တန်ခူးလအတွင်းက စိုက်သည့်မြေပဲဆန်တစ်တင်းလျှင် အထွက်နှုန်း ၄၅တင်းမှ တင်း၅၀ အထိ ထွက်နှုန်းကောင်းပြီး ငွေကျပ် ၉၅၀၀ ကျော် ပတ်ဝန်းကျင် ရောင်းချရသဖြင့် တွက်ခြေကိုက်ခဲ့သည်။ မိုးလယ်ကာလစိုက်သည့် မြေပဲမှာ ပဲဆန်တစ်တင်းချလျှင်ကြွက်ဖျက်ဆီးမှုကြောင့်၂၅ တင်းနှုန်းရပါက လုပ်သားခ၊ ပေါင်းထိုးမြက်နုတ်ခ၊ ထွန်ယက်ခရှုံးသည်ဟု ၎င်းက ဆက်ပြောသည်။

သန်းတောကုန်းကျေးရွာမှ အုပ်ချုပ်ရေးမှူးဦးသောင်းအေးက "ကျွန်တော်တို့ ရွာက တောင်သူတစ်ဦး ကြွက်စားခံရတဲ့ ပဲခင်းဖော်တာ တစ်ဧကတင်းနှစ်ဆယ်ခန့်ရတယ်။ ဒါဆိုရင် တောင်သူတွေ တော်တော်ရှုံးတယ်။ မျိုးခ၊ထွန်ခနဲ့ ပေါင်းနုတ်ခ၊ မြေဆီခ၊ ဆေးဖိုး စတဲ့အရင်းတောင်မရဘူး" ဟု ပြောသည်။ ၎င်းရွာတွင် တောင်သူ ၄၀ ခန့်ရှိသည်ဟု ဆက်ပြောသည်။

ယင်းအပြင် သပြေစမ်းကျေးရွာအုပ်စုကျေးရွာများတွင် တောင်သူ ၈၀ ကျော်၏ မြေပဲခင်းများ ကြွက်ဖျက်ဆီးမှုကြောင့် အပျက်အစီးများရှိသည်။ ကြွက်သတ်ဆေးခဲချသော်လည်း ကြွက်မနိုင်ဖြစ်ကြသည်။ တချို့တောင်သူများလည်း ကြွက်တွင်းဝ၌ ပြောက်အိုးဖောက်၍ ခြောက်လှန့်ကြရသည့်အပြင် တချို့ကျေးရွာများမှ ကြွက်ထောင်ချောက်ဆင်ပြီး ဖမ်းပေးနေကြသည်ဟု သပြေစမ်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ဇော်ထံမှ သိရသည်။

ကြွက်မျိုးများတွင် အိမ်ကြွက်၊ မြေကြွက်ငယ်၊ ကြွက်ဝမ်းဖြူ (ခေါ်) လယ်ကြွက်၊ မြေကြွက်ကြီး၊ ကြွက်ဖလောင်းစသည်ဖြင့် အမျိုးမျိုးရှိကြသည်။ ကြွက်များကို လူနေအိမ်၊ အစာသိုလှောင်ရုံ၊ စပါးကျီများတွင် တွေ့ရသည်။ အချို့သည် သီးနှံစိုက်ခင်း၊ သစ်တော၊ ချုံပုတ်များတွင် ခိုအောင်းနေသည်ကို တွေ့ရပြီး သီးနှံဖျက် ကြွက်များသည် စပါးခင်းများအပြင် ပဲမျိုးစုံ၊ နေကြာ၊ ပြောင်းဖူး၊ ကြံ၊ ဟင်းသီးဟင်းရွက်နှင့် ဥစား စိုက်ခင်း၊ တောင်ယာသီးနှံခင်းများကိုလည်း စားသောက်ဖျက်ဆီးကြသည့်အပြင် မိုးဦးကစိုက်ပျိုးခဲ့သည့် ပဲရိုးပုံများနှင့် နှမ်းရိုးဟောင်းအောက်များတွင် ခိုအောင်း၍ မြေပဲခင်းများကို ဖျက်ဆီးသည်ဟု သိရသည်။

**ခွဲထက်ရှင်**

# မိုးရွာသွန်းမှုများခြင်းကြောင့် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မည့်တောင်သူများ စိုက်ပျိုးမြေပြင်ချိန်နောက်ကျ

**ဆိပ်ဖြူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မည့်တောင်သူများသည် မိုးလွန်ကာလတွင် မိုးရွာသွန်းမှုများပြီး မြေအစိုဓာတ်များခြင်းကြောင့် စိုက်ပျိုးမြေပြင်ချိန် နောက်ကျလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် ကြက်သွန်နီ၊ ပဲအမျိုးမျိုးနှင့် ခရမ်း၊ ငရုတ်တို့ကို စိုက်ပျိုးကြပြီး ယခင်နှစ်များတွင် သီတင်းကျွတ်လ၌ စိုက်ပျိုးမြေပြင်ထွန်ယက်ခြင်း၊ မြေပြင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ကြကာ ယခုနှစ် မိုးလွန်ကာလ၌ မိုးရွာသွန်းမှုများခြင်းကြောင့် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုများမှာ နောက်ကျလျက်ရှိကြောင်း၊ မိုးပြတ်ပါက လုပ်ငန်းခွင်ဆင်းရန် အသင့်ပြင်ဆင်ထားလျက်ရှိကြောင်း၊ စိုက်ပျိုးမြေပြင် လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်သားရှားပါးမှုနှင့် နွားထွန်ရှဉ်း၊ ထွန်စက်များ ငှားရမ်းအသုံးပြုရာတွင် အခက်အခဲများရှိနိုင်ကြောင်း ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူတစ်ဦးက ပြောကြားပြီး ၂၀၁၇ ခုနှစ် မိုးလွန်ကာလဖြစ်သည့် အောက်တိုဘာလတွင်း မိုးရွာသွန်းရက် ကိုးရက်ရှိခဲ့ကာ မိုးရေချိန် ၅ ဒသမ ၈၅ လက်မရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိုးလင်းနိုင်(IPRD)**

# ကမ္ဘာကြီးငြိမ်းချမ်းဖို့ ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က ကမ္ဘာ့ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးမြတ်နိုးသော နိုင်ငံအားလုံး ပါဝင်နိုင်သည့် အဖွဲ့အစည်းကြီးတစ်ခု ထူထောင်သွားရန်ကြိုးပမ်းခဲ့ကြသည်။ ထိုအဖွဲ့ကြီးကို ဖွဲ့စည်းနိုင်ရန်အတွက် ၁၉၃၉ ခုနှစ်ကတည်းက စတင်ကြိုးပမ်းခဲ့ကြရသည်။ ဒုတိကမ္ဘာစစ်ကြီးပြီးနောက် နောင်တွင် အလားတူစစ်ပွဲများကို တားဆီးနိုင်ရန် ထိုအဖွဲ့ကြီးကိုအောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။ တိတိကျကျဆိုရလျှင် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအဖွဲ့ကြီးကား အခြားမဟုတ်ချေ။ ကျွန်ုပ်တို့ အားလုံးသိရှိထားပြီးဖြစ်သည့် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ အကျိုးကို ဖော်ဆောင်ပေးနေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး (The United Nations -UN)ပင်ဖြစ်သည်။

**ကောင်းမွန်သောရည်မှန်းချက်များ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အန္တိမရည်မှန်းချက်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုတည်ဆောက်သွားရန်ပင်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံများအကြား အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ ကျူးကျော်ရန်စမှုများ၊ နိုင်ထက်စီးနင်းပြုမှုများ၊ ဥပဒေမဲ့လုပ်ရပ်များစသည့် မြားမြောင်လှသောနယ်ပယ်များကို ညှိနှိုင်းဆွေးနွေးတိုင်ပင်အဖြေရှာပြီး တည်ငြိမ်အေးချမ်းမှုကို ဟန်ချက်ညီညီ ထိန်းညှိသွားနိုင်ရန်ဖြစ်သည်။

ထိုရည်မှန်းချက်များအပြင် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အလားတူပဋိပက္ခကိုတားဆီးနိုင်စေရန်၊ အစိုးရများအကြားနိုင်ငံရေးနှင့်စီးပွားရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်နှင့် သက်ဝင်လှုပ်ရှားမှုမရှိတော့သည့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏နေရာတွင် အစားထားရန်ဆိုသော ကောင်းမွန်သည့်ရည်မှန်းချက်များဖြင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**ပထမဆုံးအကြိမ်အထွေထွေညီလာခံ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပထမဆုံးအကြိမ် အထွေထွေညီလာခံကို ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် လန်ဒန်၌ စတင်ကျင်းပနိုင်ခဲ့သည်။ အဖွဲ့ဝင် ၅၁ နိုင်ငံမှကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး လုံခြုံရေးကောင်စီအစည်းအဝေးကိုပါ ကျင်းပနိုင်ခဲ့သည်။ ထိုအထွေထွေညီလာခံ၌ အမေရိကန်နိုင်ငံနယူးယောက်မြို့အား ကုလသမဂ္ဂအဖွဲ့ကြီး၏ ရုံးစိုက်ရာ နေရာအဖြစ်ရွေးချယ်ခဲ့သည်။ ဂျနီဗာ၊ ဗီယင်နာ၊ နိုင်ရိုဘီစသောမြို့များတွင်လည်း ကုလသမဂ္ဂဆိုင်ရာရုံးများဖွင့်လှစ်ထားရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြီးကို စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၅၁ နိုင်ငံသာရှိသော်လည်း လက်ရှိအချိန်တွင် ၁၉၃ နိုင်ငံအထိတိုးတက်လာပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် UN ၏ သက်တမ်း ၇၂ နှစ်တင်းတင်းပြည့်သွားပြီဖြစ်သည်။

**UN အတွင်းရေးမှူးချုပ်များ**

UN တွင် အထင်ရှားဆုံးပုဂ္ဂိုလ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည်။ UN အတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်သူ ကိုးဦးအထိရှိသွားပြီဖြစ်သည်။ ပထမဆုံး အတွင်းရေးမှူးချုပ်သည် နော်ဝေနိုင်ငံသား ထရိုဗီလီဖြစ်သည်။ မြန်မာနိုင်ငံသား ဦးသန့်သည် တတိယမြောက် အတွင်းရေးမှူးချုပ်ဖြစ်သည်။ လက်ရှိအတွင်းရေးမှူးချုပ်သည် ပေါ်တူဂီနိုင်ငံသား အန်တိုနီယို ဂူတာရက်စ်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်စတင်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**UN ၏ အဓိကအစိတ်အပိုင်းကြီးများ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင်ပါဝင်သည့် အဓိကကျသောအစိတ်အပိုင်းကြီးများမှာ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ နယ်မြေထိန်းသိမ်းစောင့်ရှောက်ရေးကောင်စီ (၁၉၉၄ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ခြင်းမရှိတော့ပေ။) အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် UN အတွင်းရေးမှူးချုပ်ရုံးတို့ဖြစ်သည်။ ၎င်းအဖွဲ့အစည်းများကို UN စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

UN ရှိအစိတ်အပိုင်းများသည် မတူညီသောမစ်ရှင်များကို ထမ်းဆောင်လျက်ရှိသည်။ ထူးခြားချက်အနေဖြင့် UN သည် ၂၀၀၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု (Nobel Peace Prize)ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အသင်းကြီး၏ဝန်ထမ်းအချို့နှင့် လက်အောက်ခံအဖွဲ့အစည်းများသည်လည်း နိုဘယ်ငြိမ်းချမ်းရေးဆုများရရှိထားကြသည်။ UN အစည်းအဝေးများတွင် အသုံးပြုသည့် ဘာသာစကားခြောက်မျိုးမှာ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ စပိန်နှင့် အာရေဗျတို့ဖြစ်ကြသည်။

**အစောပိုင်းကာလတာဝန်ထမ်းဆောင်မှုများ**

၁၉၄၅ ခုနှစ် ဧပြီလမှဇွန်လအထိ ကွန်ဖရင့်တစ်ရပ်ကျင်းပ၍ ကုလသမဂ္ဂပဋိညာဉ်ကို စတင်ပြုစုခဲ့သည်။ အဆိုပါ ပဋိညာဉ်သည် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်အာဏာသက်ရောက်လာပြီး ကုလသမဂ္ဂလုပ်ငန်းများစတင်လည်ပတ်နိုင်ခဲ့သည်။ အသင်းကြီးစတင်ဖွဲ့စည်းပြီးနောက် အစောပိုင်းကာလများတွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အပြင် ၎င်းတို့၏မဟာမိတ်များအကြား စစ်အေးတိုက်ပွဲများကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်သိမ်မွေ့နက်နဲရှုပ်ထွေးခဲ့ရသည်။

၁၉၆၀ ပြည့်လွန်နှစ်များတွင် ကိုလိုနီဝါဒဆိတ်သုဉ်းပြီးနောက် အသင်းကြီးတွင်အဖွဲ့ဝင်နိုင်ငံများ သိသိသာသာမြင့်တက်လာခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၌ အဖွဲ့အစည်းကြီး၏ ရန်ပုံငွေများအား လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် သုံးစွဲသည်ထက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၌ပိုမိုသုံးစွဲခဲ့သည်။ ထူးခြားချက်အနေဖြင့် စစ်အေးကာလပြီးနောက် ကမ္ဘာတစ်ဝန်းတွင် အဓိကကျသောစစ်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်များ ထမ်းဆောင်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့သည်။

> ကမ္ဘာကြီးသာယာဝပြောရေးအတွက် ကောင်းမွန်သော ရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော UN အဖွဲ့ကြီး ကမ္ဘာတည်သရွေ့တည်တံ့နိုင်ရန်သည် ကျွန်ုပ်တို့ လူသားအားလုံး၏တာဝန်. . .
>
> အနာဂတ်တွင် ကမ္ဘာ့နိုင်ငံများအကြား ဖျက်စွမ်းအားပြင်း လက်နက်များကို အသုံးပြုတိုက်ခိုက်သည့် စစ်ပွဲများကို တားဆီးကာကွယ်နိုင်ရေးသည် UN အဖွဲ့ကြီး၏ အဓိကတာဝန်. . .

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြီးသည် ၂၀၀၀ ပြည့်နှစ်တွင် ထောင်စုနှစ် ရည်မှန်းချက်ခုနစ်ရပ်ကို ချမှတ်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ်တွင်လည်း ၂၀၃၀ အထိ မျှော်မှန်းထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၇ ရပ်ကိုထပ်မံချမှတ်ခဲ့သည်။ ထိုမျှော်မှန်းချက်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်သွားရန်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် ဆင်းရဲမွဲတေမှုအဆုံးသတ်ရေး၊ ကမ္ဘာကြီးကိုကာကွယ်စောင့်ရှောက်ရေးနှင့် လူသားတိုင်းသာယာဝပြောမှုခိုင်မာသေချာစေရေးတို့အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကိုချမှတ်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းစဉ်တိုင်းတွင် လာမည့် ၁၅ နှစ်အတွင်းအောင်မြင်မှုရရှိအောင် ဆောင်ရွက်မည့်သီးသန့်ရည်မှန်းချက်များပါရှိသည်။ ထိုရည်မှန်းချက်များ အောင်မြင်ရန်အတွက် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့်လူမှုအဖွဲ့အစည်းများရှိ လူတစ်ဦးချင်းစီသည် ကျရာအခန်းကဏ္ဍကိုကျေပွန်စွာ ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ပေသည်။

**ငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင်**

UN ၏ ထူးခြားသော အခြားတာဝန်တစ်ရပ်သည် ကမ္ဘာ့ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်ဖြစ်သည်။ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် စစ်သား၊ ရဲတပ်ဖွဲ့တို့အပြင် အရပ်သားများလည်း ပါဝင်ကြသည်။ လက်ရှိအချိန်တွင် UN သည် တပ်ဖွဲ့ဝင်တစ်သိန်းကျော်ဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး စစ်ဆင်ရေး ၁၆ ခုအား စေလွှတ်တပ်ဖြန့်တာဝန်ပေးထားသည်။ တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းမှုနှင့်လုံခြုံမှုထိန်းသိမ်းရေး တာဝန်များအပြင် နိုင်ငံရေးလုပ်ငန်းစဉ်၊ ပြုပြင်ပြောင်းလဲမှုဖော်ဆောင်သော တရားစီရင်ရေးစနစ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးမှု၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား လက်နက်ဖြုတ်သိမ်းခြင်း၊ လူ့အဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း၊ အိမ်ခြေရာမဲ့နှင့်ဒုက္ခသည်များအား နေရပ်ပြန်နိုင်ရေးစသည့်တာဝန်များကိုထောက်ပံ့ကူညီပေးရသည်။

**ရာသီဥတုပြောင်းလဲလာမှုနောက်ဆက်တွဲရလဒ်များ**

လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုသည်ကမ္ဘာတစ်ဝန်းရှိနိုင်ငံအားလုံးကို ဆိုးကျိုးသက်ရောက်လျက်ရှိသည်။ ပြည်သူများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်များမြင့်တက်လာခြင်း၊ အစွန်းရောက်ရာသီဥတုများဖြစ်ပေါ်လာခြင်းတို့အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည်လည်း ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်စေသည်။ အချိန်မီ အရေးယူဆောင်ရွက်မှုမရှိလျှင် ကမ္ဘာ့အပူချိန်သည် ၂၁ ရာစုတွင် ၃ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လာမည်ဖြစ်သည်။ တချို့သောဒေသများသည် ထို့ထက်ပင်အပူချိန်မြင့်မားလာနိုင်သည်။

ရာသီဥတုပြောင်းလဲလာမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကမ္ဘာ့နိုင်ငံများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် Paris Agreement ကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်အရ ကမ္ဘာ့နိုင်ငံများသည် အပူချိန်ထုတ်လွှတ်မှုကိုလျှော့ချသွားမည်ဖြစ်သည်။ ထိုသဘောတူညီချက် အကောင်အထည်ဖော်နိုင်မှုသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ရည်မှန်းချက်များအောင်မြင်မှုတစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

**ရွှေ့ပြောင်းနေထိုင်သူများအရေး**

၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံများခေါင်းခဲနေရသော ပြဿနာသည် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများ အရေးဖြစ်သည်။ UN သည် ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်များပြားလာသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ထိပ်သီးညီလာခံကိုကျင်းပခဲ့သည်။ ဒုက္ခသည်များအရေးကို လူသားချင်းစာနာထောက်ထားသော ချဉ်းကပ်မှုမျိုးဖြင့်ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ကမ္ဘာ့နိုင်ငံများအား စည်းရုံးကျင်းပခဲ့ခြင်းဖြစ်သည်။

**ကမကထပြုသူများ၏ လက်ကိုင်တုတ်မဖြစ်သင့်**

UN အဖွဲ့ကြီး၏ရန်ပုံငွေကို အဖွဲ့ဝင်နိုင်ငံများထံမှ အချိုးကျထည့်ဝင်ငွေနှင့် ထောက်ပံ့လှူဒါန်းငွေများဖြင့် ထူထောင်ထားခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ လက်ရှိအချိန်အထိ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများလျှော့ချရေးတို့အပါအဝင် များစွာသောတာဝန်များကို မမောမပန်းကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကို ကျွန်ုပ်တို့အားလုံး အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့သော် အချို့သောနိုင်ငံကြီးများသည် UN အတွက် ရန်ပုံငွေများစွာထည့်ဝင်ထားကြသည်။ ထိုသို့ထည့်ဝင်ရမှုအပေါ် အခွင့်ကောင်းယူကာ UN ကိုလက်ကိုင်တုတ်လိုသဘောထားလာကြသည်။ ဆိုလိုသည်မှာ လုံခြုံရေးကောင်စီ၏ အတည်ပြုဆုံးဖြတ်ချက်ကိုပင် မစောင့်နိုင်ဘဲ နိုင်ငံတစ်နိုင်ငံကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ခဲ့သည့် အပြုအမူများကို ကျွန်ုပ်တို့မျက်ဝါးထင်ထင်မြင်ခဲ့ကြရပြီဖြစ်သည်။ ထို့ကြောင့် နောင်တွင်အလားတူလုပ်ရပ်မျိုး ထပ်မံမဖြစ်ပွားအောင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ပေါင်းစည်းမှုများ၊ အထူးသဖြင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ၏ ပြတ်သားသောရပ်တည်ချက်များ လိုအပ်နေပြီဖြစ်ပါသည်။ သို့မှသာလျှင် ကမ္ဘာကြီးငြိမ်းချမ်းသာယာဝပြောနေမည်ဖြစ်သည်။

**ရေးသား၍မကုန်နိုင်**

မည်သို့ပင်ဆိုစေကာမူ UN အဖွဲ့ကြီး၏လုပ်ငန်းတာဝန်များသည် ရေးသား၍ ကုန်နိုင်မည်မဟုတ်ချေ။ ထိုတာဝန်များ စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည် အဖွဲ့ဝင်နိုင်ငံအားလုံးရှိ အစိုးရများနှင့် ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုအပေါ်တွင်များစွာ တည်မှီလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာကြီးသာယာဝပြောရေးအတွက် ကောင်းမွန်သော ရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော UN အဖွဲ့ကြီး ကမ္ဘာတည်သရွေ့တည်တံ့နိုင်ရန်သည် ကျွန်ုပ်တို့လူသားအားလုံး၏တာဝန်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် စတင်ဖွဲ့စည်းစဉ်ကတည်းက လက်ရှိအချိန်ထိ နှစ်ပေါင်း ၇၂ နှစ်တိုင်အောင် တာဝန်များကို ကျေပွန်စွာ မဆုတ်မနစ်ထမ်းဆောင်လျက်ရှိသည်။ ဆက်လက် ထမ်းဆောင်သွားမည်ဟုလည်း အခိုင်အမာယုံကြည်ထားပါသည်။ နိုင်ငံတကာငြိမ်းချမ်းမှုနှင့်လုံခြုံမှုကို ထိန်းသိမ်းခြင်း၊ လူ့အခွင့်အရေးအပြည့်အဝရရှိအောင်ဆောင်ကြဉ်းပေးခြင်း၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တောင့်တင်းခိုင်မာအောင်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့်လက်နက်ကိုင်ပဋိပက္ခများတွင် လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရေးဆိုသည့် ရည်မှန်းချက်များ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေးအတွက် UN အဖွဲ့ကြီး၏ စွမ်းဆောင်ရည်မြင့်မားရေးသည် အသက်တမျှအရေးပါလျက်ရှိသည်။ အထူးသဖြင့် အနာဂတ်တွင် ကမ္ဘာ့နိုင်ငံများအကြား ဖျက်စွမ်းအားပြင်းလက်နက်များကို အသုံးပြုတိုက်ခိုက်သည့် စစ်ပွဲများကို တားဆီးကာကွယ်နိုင်ရေးသည် UN အဖွဲ့ကြီး၏အဓိကတာဝန်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကျွန်ုပ်တို့လူသားအားလုံးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းဆောင်ရည်ကို ဝိုင်းဝန်းပူးပေါင်းမြှင့်တင်ပေးကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသား တင်ပြပါရစေ။ ။

# Game of Thrones အဆုံးသတ်အတွက် ဝမ်းနည်းနေတဲ့ ကစ်ထ်ဟာရင်တန်



HBO ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် “Game of Thrones”ဟာ လာမယ့်ရာသီ ထုတ်လွှင့်ပြသမှုအပြီးမှာ အဆုံးသတ်တော့မှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲရဲ့ အဆုံးသတ်အတွက် အလွန်ဝမ်းနည်းနေမိကြောင်း ယင်းရုပ်ရှင်ရဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ကစ်ထ်ဟာရင်တန်က ထုတ်ဖော်ပြောကြားတယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကစ်ထ်ဟာရင်တန်ဟာ မကြာသေးမီက BBC ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့အစီအစဉ်တစ်ခုမှာ သူ့အနေနဲ့ ပြီးခဲ့တဲ့ ရှစ်နှစ်ခန့်ကာလပတ်လုံးပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခု ပြီးဆုံးတော့မှာနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာ ယခုလို တုံ့ပြန်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ယင်းရုပ်သံဇာတ်လမ်းတွဲမှာ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျွန်စနိုးအဖြစ် ပင်တိုင်ပါဝင်ခဲ့သူ ကစ်ထ်က “Game of Thrones”ရဲ့ အဆုံးသတ်နဲ့ပတ်သက်ပြီး သူ့ထက်ပိုဝမ်းနည်းတဲ့သူရှိတော့မှာမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ နောက်ဆုံးရုပ်ရှင်ရိုက်ကူးမှုအတွက် ဇာတ်ညွှန်းဖတ်ပွဲကို မကြာသေးမီက အိုင်ယာလန်မှာပြုလုပ်ခဲ့ပြီး အဲဒီအချိန်မှာ ဝမ်းနည်းတဲ့ခံစားချက်တွေဖြစ်ခဲ့ရကြောင်း ကစ်ထ်ဟာရင်တန်နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်တွေအရ သိရပါတယ်။ အဲဒီအချိန်က ခံစားချက်တွေကို ကစ်ထ်က အင်တာဗျူးမှာ ပြန်ပြောင်းပြောကြားခဲ့ကာ ဇာတ်ညွှန်းဖတ်ကြားခြင်းအဆုံးမှာတော့ ငိုမိခဲ့ကြောင်းလည်း ဝန်ခံခဲ့တယ်လို့ သိရပါတယ်။

လာမယ့်ရာသီသစ်အတွက် ထုတ်လွှင့်သွားမယ့် “Game of Thrones”ရုပ်ရှင်သစ်တွေကိုတော့ လာမယ့် ၂၀၁၈ ခုနှစ်အတွင်း ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဥရောပကို ဟန်းနီးမွန်းထွက်မယ့် ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီ



ယခုလကုန်မှာ မင်္ဂလာပွဲဆင်နွှဲကြမယ့် တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲ တစ်တွဲဖြစ်တဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ မင်္ဂလာပွဲအပြီးမှာတော့ ဥရောပကို ဟန်းနီးမွန်းခရီးထွက်ကြဖို့ ပြင်ဆင်ထားကြောင်း သိရပါတယ်။ ဒါ့အပြင် လတ်တလောမှာတော့ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းက သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကျင်းပသွားမယ့်အစီအစဉ်နဲ့ ပတ်သက်ပြီးလည်း ဖော်ပြခဲ့တာတွေ့ရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်မှာ စပေါ့ပ်ဒွန်ဂါက ရေးသားဖော်ပြချက်တွေကို ကိုးကားကာ စွန်ပီဒေ့ါကွန်းက ပြန်လည်ဖော်ပြခဲ့ရာမှာတော့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ မင်္ဂလာအခမ်းအနားမှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမယ့်သူဟာ အနုပညာကြယ်ပွင့်တစ်ဦးမဟုတ်ဘဲ ဆောင်ဂျွန်ကီရဲ့ ငယ်သူငယ်ချင်းတစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။

ကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာတေးသီချင်းကိုတော့ ဆောင်းဟေကိုနဲ့ ရင်းနှီးတဲ့သူငယ်ချင်းတစ်ဦးဖြစ်တဲ့ အော့ခ်ဂျူဟွန်က သီဆိုပေးသွားမှာဖြစ်ပါတယ်။ မင်္ဂလာအခမ်းအနားကတော့ ယခင်က ထုတ်ဖော်ပြောကြားခဲ့တဲ့အတိုင်း ဆိုးလ်မှာရှိတဲ့ ရှီလာဟိုတယ်မှာ ပြုလုပ်သွားမှာဖြစ်ပြီး မိသားစုဝင်တွေနဲ့ ရင်းနှီးသူတွေနဲ့သာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

လက်ထပ်ပွဲဆင်နွှဲပြီးနောက် မင်္ဂလာမောင်နှံနှစ်ဦးဟာ ဥရောပကို ဟန်းနီးမွန်းခရီးထွက်ကြဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ မင်္ဂလာဦးဇနီးမောင်နှံနှစ်ဦးဟာ အတူနေထိုင်ဖို့ရာ အိမ်တစ်လုံးကိုလည်း ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဝယ်ယူထားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအိမ်ကို မကြာသေးမီက ပြင်ဆင်မွမ်းမံမှုတွေပြုလုပ်ခဲ့ကာ ယင်းနေအိမ်ဟာ တောင်ကိုရီးယားရဲ့ အထင်ကရဒေသတစ်ခုဖြစ်တဲ့ အီတေးဝန်မှာ ရှိတာဖြစ်တယ်လို့လည်း သိရပါတယ်။

# စစ်မှုမထမ်းမီ အဖွဲ့လိုက်ဖျော်ဖြေပွဲပြုလုပ်သွားမယ့် BIGBANG



“Bang Bang Bang”တေးသီချင်းရဲ့ တေးသံရှင်ဖြစ်တဲ့ “BIGBANG”တေးဂီတအဖွဲ့ဝင်တွေဟာ လာမယ့် ၂၀၁၈ ခုနှစ်အတွင်း စစ်မှုထမ်းဆောင်ရမှာဖြစ်တာကြောင့် ယင်းကာလတွေအတွင်း ပရိသတ်တွေနဲ့ ဝေးကွာနေရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဖွဲ့ဝင်တွေက ပရိသတ်တွေကို စစ်မှုစတင်ထမ်းဆောင်ခြင်းမပြုမီ အဖွဲ့လိုက်ဖျော်ဖြေပွဲကျင်းပပေးဖို့ရာ စီစဉ်ထားကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ယင်းတေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က “BIGBANG”အနေနဲ့ အဖွဲ့လိုက်ဖျော်ဖြေပွဲကို လာမယ့် ဒီဇင်ဘာလအတွင်း နှစ်ကုန်ဖျော်ဖြေပွဲတစ်ပွဲအဖြစ် ကျင်းပသွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းဖျော်ဖြေပွဲကိုတော့ ဒီဇင်ဘာ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမှာဖြစ်ပြီး ဆိုးလ်မှာ ပြုလုပ်သွားမှာလည်း ဖြစ်ပါတယ်။

ဖျော်ဖြေပွဲရဲ့အမည်ကိုတော့ “BIGBANG 2017 Concert in Seoul”လို့ပေးထားပြီး ယင်းဖျော်ဖြေပွဲမှာတော့ အဖွဲ့ဝင်လေးဦး ပါဝင်ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအနက် စစ်မှုထမ်းဆောင်ခဲ့ပြီးဖြစ်တဲ့ တစ်ဦးတည်းသောအဖွဲ့ဝင် T. O. P ကတော့ ယင်းဖျော်ဖြေပွဲမှာ ပါဝင်နိုင်ခြင်းမရှိဘဲ ကျန်အဖွဲ့ဝင်လေးဦးနဲ့သာ ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပါတယ်။ T.O.P ဟာ စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း မူးယစ်ဆေးပြဿနာတွေကြောင့် တရားရင်ဆိုင်ခဲ့ရကာ ကျန်းမာရေးအခြေအနေဟာလည်း အတော်လေးဆိုးရွားခဲ့တာဖြစ်ပါတယ်။ သူကျူးလွန်ခဲ့တဲ့ မူးယစ်ဆေးသုံးစွဲမှုကြောင့် T.O.Pဟာ စစ်မှုထမ်းကာလကိုလည်း အစကနေ ပြန်လည်စတင်သွားဖို့ ပြစ်ဒဏ်ပေးခံထားရတာဖြစ်ပါတယ်။

လတ်တလောမှာ ကျန်အဖွဲ့ဝင်တွေဟာ တစ်ကိုယ်တော်တေးဂီတလှုပ်ရှားမှုတွေကို ပြုလုပ်နေကြတာဖြစ်ပါတယ်။ G-Dragon ကတော့ သူ့ရဲ့ တစ်ကိုယ်တော်နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာဖြစ်ပြီး ပြီးခဲ့တဲ့ ဇွန်လအတွင်းထွက်ရှိခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ် “Kwon Ji Yong”အတွက် ရည်ရွယ်ပြုလုပ်တဲ့ အဆိုပါဖျော်ဖြေပွဲတွေကိုတော့ ကမ္ဘာတစ်လွှားက မြို့ပေါင်း ၂၉ မြို့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးယန်ကတော့ သူ့ရဲ့တစ်ကိုယ်တော်တေး “White Night”ကို ထုတ်လွှင့်ခဲ့တာဖြစ်ပြီး နယ်လှည့်ဖျော်ဖြေပွဲတွေကိုလည်း ပြုလုပ်နေတာဖြစ်ပါတယ်။ ဒေဆန်းကတော့ မကြာသေးမီက သူ့ရဲ့တစ်ကိုယ်တော်မီနီတေးအယ်လ်ဘမ်တစ်ခုကို ထုတ်လွှင့်ပေးခဲ့ပြီး ယင်းတေးအယ်လ်ဘမ်ဟာ ဂျပန်ပရိသတ်တွေအတွက် ရည်ရွယ်ထုတ်လွှင့်တာဖြစ်တယ်လို့လည်း သိရပါတယ်။ “BIGBANG”ရဲ့ အသက်အငယ်ဆုံးသော အဖွဲ့ဝင်ဖြစ်တဲ့ ဆန်းဂီကတော့ မကြာသေးမီက စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ခဲ့တာတွေ့ရပါတယ်။ ဆန်းဂီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် စားသောက်ဆိုင်ဖွင့်လှစ်ထားကြောင်း သူ့ရဲ့ ဆိုင်ရှေ့မှာ ရိုက်ကူးထားတဲ့ဓာတ်ပုံတစ်ပုံနဲ့အတူ လူမှုကွန်ရက်မီဒီယာပေါ်မှာ ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။

ကျန်အဖွဲ့ဝင်တွေဖြစ်ကြတဲ့ G-Dragon၊ တေးယန်၊ ဒေဆန်းနဲ့ ဆန်းဂီတို့လေးဦးစလုံးဟာ လာမယ့် ၂၀၁၈ ခုနှစ်အတွင်း စစ်မှုစတင်ထမ်းဆောင်သွားကြမှာဖြစ်ပြီး လာမယ့်နွေဦးမှာ စစ်မှုထမ်းရက်တွေကို စတင်သွားမှာဖြစ်ပါတယ်။ G-Dragon ကတော့ သူ့အနေနဲ့ ၂၀၁၈ ခုနှစ်အတွင်း စစ်မှုထမ်းတော့မယ့်အကြောင်း ပရိသတ်တွေကို သူ့ရဲ့ဖျော်ဖြေပွဲတိုင်းလိုလိုမှာ ထုတ်ဖော်အသိပေးပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုစစ်မှုထမ်းကြမယ့် အဖွဲ့ဝင်တွေအနက် ဒေဆန်းနဲ့ ဆန်းဂီတို့နှစ်ဦးဟာ နောက်ဆုံးစစ်မှုထမ်းကာလအဖြစ် သတ်မှတ်ထားတဲ့ အချိန်ရောက်ဖို့ အတော်လေးလိုသေးတာဖြစ်ပေမယ့် “BIGBANG ”ရဲ့ ကျန်အဖွဲ့ဝင်တွေနဲ့အတူ စစ်မှုထမ်းဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုအတူ တစ်ပြိုင်နက်စစ်မှုထမ်းဆောင်ခဲ့ကြတဲ့အတွက် အဖွဲ့လိုက်တေးဂီတလှုပ်ရှားမှုတွေကို ပိုမိုမြန်ဆန်စွာလုပ်ဆောင်လာနိုင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

“BIGBANG”အနေနဲ့ အဖွဲ့လိုက် နှစ်ကုန်ဖျော်ဖြေပွဲ မပြုလုပ်မီ လာမယ့် နိုဝင်ဘာ ၁၈ ရက်ကစတင်ပြီး ဂျပန်မှာ ဖျော်ဖြေပွဲတွေ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# နိုင်ငံခြားသားခရီးသွားများ လုံလောက်စွာတည်းခိုနိုင်ရေး အဆင့်မြင့်ဟိုတယ်များ တည်ဆောက်ခွင့်ပေးထား



**ဘားအံ အောက်တိုလာ ၂၃**

ကရင်ပြည်နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းနှစ်ကြိမ်တိုင် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းဆင်းဒေသဆိုင်ရာ ဧည့်လမ်းညွှန်များစုပေါင်းကာ ပြည်နယ်အကျိုးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ရန်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တရားဝင်ဆက်စပ်လုပ်ကိုင်နိုင်ရန်အတွက်ရည်ရွယ်ပြီး ကရင်ပြည်နယ်ဧည့်လမ်းညွှန်အသင်း ဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ကရင်ပြည်နယ်အနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်ထား လုပ်ကိုင်နေကြပြီး နိုဝင်ဘာ ၂၃၊ ၂၄ ရက်တို့တွင် (Kayin Investment Fair)ကို ပြည်ပမှလုပ်ငန်းရှင်များကိုဖိတ်ခေါ်ပြီး ကျင်းပသည့်အခါယခုဖွဲ့စည်းမည့် ဧည့်လမ်းညွှန်အသင်းမှ လူငယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့အပြင် မကြာမီကာလအတွင်း ထိုင်း-မြန်မာနှစ်နိုင်ငံ အပြန်အလှန် ဝင်-ထွက်သွားလာနိုင်တော့မည်ဖြစ်၍ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းက ကရင်ပြည်နယ်အတွင်း ဧည့်လမ်းညွှန်အသင်းဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ် ဧည့်လမ်းညွှန်အသင်းအတွက် ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်း တက်ရောက်ပြီးသူများနှင့် လက်ရှိ ဧည့်လမ်းညွှန်ဝန်ဆောင်မှုလုပ်ကိုင်နေကြသူများက ဆန္ဒပေးရွေးချယ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့အနေဖြင့် သဘာဝလိုဏ်ဂူများ၊ ရှေးဟောင်း စေတီပုထိုးများနှင့် တောတောင်ရေမြေသဘာဝအလှများကြောင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ်တိုးတက်လည်ပတ်လျက်ရှိရာ ယခုနှစ်နိုဝင်ဘာလအထိ ပြည်တွင်း ခရီးသည် ၄၅၉၀၈၆ ဦးနှင့် ပြည်ပနိုင်ငံခြားခရီးသည် ၁၇၁၂၈၁ ဦး လာရောက်လည်ပတ်ခဲ့ရာ နိုင်ငံခြားသားဧည့်များ လုံလောက်စွာ တည်းခိုနိုင်ရေးအတွက် အဆင့်မြင့်ဟိုတယ်များကိုလည်း ထပ်မံတည်ဆောက်ခွင့်ပေးထားပြီး မြဝတီနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသားများကို နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass) ဖြင့် ဘားအံမြို့တော်အထိ နှစ်ညအိပ်သုံးရက်လည်ပတ်ခွင့်ကိုလည်း ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ် ငမိုးရိပ်တံတား(သစ္စာလမ်း)နှင့် သစ္စာလမ်းမကြီး ရာနှုန်းပြည့်ပြီးစီးတော့မည်

**တောင်ဥက္ကလာပ အောက်တိုဘာ ၂၃**

တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်သို့ဆက်သွယ်ပေးမည့် ငမိုးရိပ်ချောင်းကူးတံတားသည် ရာနှုန်းပြည့်ခန့်ပြီးစီးလျက်ရှိပြီး အဆိုပါ တံတားချဉ်းကပ်လမ်းအား အရှေ့ပိုင်းခရိုင် လမ်းတံတားဌာနခရိုင်မှူး ဦးထွန်းလှ ကြီးကြပ်၍ဆောင်ရွက်ပေးလျက်ရှိရာ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးကာ နိုဝင်ဘာလဆန်းပိုင်း၌ အလုံးစုံဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ခရိုင်မှူး ဦးထွန်းလှထံမှ သိရသည်။

"တံတားလုပ်ငန်းတွေ အချောသပ်လုပ်နေတာပါ။ ချဉ်းကပ်လမ်းကိုလည်း အကျယ် ၄၈ ပေထိ လုပ်ပေးထားတာပါ။ တစ်ဆက်တစ်စပ်တည်းရေနုတ်မြောင်းတွေကို အနက် သုံးပေ၊ အကျယ် သုံးပေလုပ်ပေးပြီး မိဘပြည်သူတွေ ဖြတ်သန်းသွားလာမှု အန္တရာယ်ကင်းဝေးအောင် စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တံတားကြီးနဲ့တည့်တည့် သစ္စာလမ်းမကြီးကိုလည်း ရှစ်လမ်းသွားရအောင်နဲ့ ကမ္ဘာအေးဘုရားလမ်းကနေပြီး မြောက်ဒဂုံ၊ တောင်ဒဂုံမြို့နယ်တွေကို အချိန်တိုတိုနဲ့ဖြတ်သန်းသွားလာနိုင်မှာဖြစ်ပါတယ်" ဟု ခရိုင်မှူး ဦးထွန်းလှက ပြောသည်။

**မောင်မောင်**



# တနင်္သာရီတိုင်းဒေသကြီး (၁၀)မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Europe & Asia Commercial Co.,Ltd၊ မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီး (၁၀)မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကိုအောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီက ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ် အာဇာနည်လမ်း၌ကျင်းပရာ ကျောင်းသား ၅၉ ဦးနှင့် ကျောင်းသူ ၆၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ သေနတ်ပစ်ဖောက် တာလွှတ်ပေးရာ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားများက တာထွက် ရှမ္မလည်ဆွဲရပ်၊ အာဇာနည်လမ်းမှတစ်ဆင့် ရှင်မုတ္ထီးကျေးရွာအထိ အသွားအပြန် ၁၆ ကီလိုမီတာ၊ ကျောင်းသူများက အာဇာနည်လမ်းမှတစ်ဆင့် ကနိုင်းဒါကျေးရွာ ရှင်သာလျောင်းဘုရားအဝင်ဝလမ်းအထိ အသွားအပြန် ၁၁ ကီလိုမီတာ စီးနင်းယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ Europe & Asia Commercial Co,.Ltd ထားဝယ်ရုံးခွဲမန်နေဂျာ ဦးနိုင်လင်းမောင်နှင့်တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲ စတုတ္ထမှ ဒသမအထိ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာက အမျိုးသမီးစက်ဘီးပြိုင်ပွဲတွင် ပထမဆုရရှိသော မီမီအောင် (လောင်းလုံး)၊ ဒုတိယဆုရရှိသော ဖြူစင်အေး (ထားဝယ်)၊ တတိယဆုရရှိသော လဲ့လဲ့မိုး(ထားဝယ်) တို့အားငွေသားဆုနှင့် ဆုဖလားပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဦးမြင့်မောင်က အမျိုးသားစက်ဘီးပြိုင်ပွဲတွင် ပထမဆုရရှိသော သုခအောင် (ထားဝယ်)၊ ဒုတိယဆုရရှိသော ထက်ပြည့်စုံအောင် (ထားဝယ်)၊ တတိယဆုရရှိသော ကျော်သူရ(ထားဝယ်) တို့အား ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုလျော့နည်းပပျောက်ရေးနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ သံတွဲ၌ဆောင်ရွက်



**သံတွဲ အောက်တိုဘာ ၂၃**

ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု လျော့နည်းပပျောက်ရေးစီမံချက်အရ သံတွဲ-ရန်ကုန် ပြေးဆွဲသည့် အဝေးပြေး မော်တော်ယာဉ်များပေါ်တွင် လိုက်ပါခရီးသွားကြသည့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ လက်တွေ့သရုပ်ပြဟောပြောခြင်းခြင်းကို အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီက သံတွဲအဝေးပြေးဂိတ်ဝင်းအတွင်း သံတွဲမှ ရန်ကုန်သို့ထွက်သည့် အဝေးပြေးကားများပေါ်တွင် သံတွဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သံတွဲ)၊ သံတွဲခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ သံတွဲမြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့က လက်တွေ့သရုပ်ပြ ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သံတွဲ) တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူ အားလုံး အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရေးအတွက် အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်စီးနင်းကြရေး၊ အရေးပေါ်ထွက်ပေါက် အသုံးပြုပုံများကို လက်တွေ့သရုပ်ပြခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယတပ်ကြပ်စိုင်းအောင်ထွန်းက မော်တော်ယာဉ်များပေါ်တွင် မီးသတ်ဆေးဘူးဆောင်ထားမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ ခရီးသည်များအား အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုပုံတို့အား လက်တွေ့သရုပ်ပြမှုများကို အသိပညာပေးဆောင်ရွက်ပြီး မော်တော်ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ၊ မော်တော်ယာဉ်အတွင်း တရားမဝင် အန္တရာယ်ရှိပစ္စည်းများ သယ်ဆောင်မှု ရှိ၊ မရှိနှင့် ယာဉ်မောင်းများ အရက်သေစာသောက်စားမှု ရှိ၊ မရှိတို့ကို Alcohol Testerဖြင့် စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိတို့ကို စစ်ဆေးအသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**စာမျက်နှာ ၁၅ မှ**
အခုဆိုရင် အာရှဒေသ ပြင်ပနိုင်ငံအချို့ဟာ အရှေ့အာရှထိပ်သီးအစည်းအဝေးမှာ ပါဝင်ခွင့်ရရှိရေးအတွက် အာဆီယံနိုင်ငံတွေကို ချဉ်းကပ်စည်းရုံးမှုတွေ ပြုလုပ်လျက်ရှိနေကြပါတယ်။ ဒီအချက်တွေက အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးပွဲတွေ အရေးပါမှုကို အကောင်းဆုံး ထင်ဟပ်ဖော်ပြနေတဲ့ သာဓကတွေဖြစ်ပါတယ်။

ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ကြီးဟာ ဥရောပဒေသမှာ ငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီ တိုးတက်ထွန်းကားရေး လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၁၂ ခုနှစ်မှာ အီးယူအဖွဲ့ကြီးကို ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ချီးမြှင့်ခဲ့ပါတယ်။ အခုဆိုရင် အရှေ့တောင်အာရှဒေသမှာ နှစ်ပေါင်း ၅၀ အတွင်း ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အာဆီယံအဖွဲ့ကြီးကိုလည်း ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ချီးမြှင့်သင့်ကြောင်း ပြောကြားမှုတွေလည်း ရှိလာတာကို တွေ့ရပါတယ်။

အာဆီယံအဖွဲ့ကြီး ပိုမိုပေါင်းစည်းလာတာနဲ့အမျှ အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေး၊ လူမှုရေး အခြေအနေတွေလည်း လိုက်ပါတိုးတက်လာမှာဖြစ်သလို နိုင်ငံတကာမှာလည်း အာဆီယံဟာ ခိုင်မာတဲ့အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ အဖွဲ့ဝင် တစ်နိုင်ငံချင်းစီရဲ့ စုပေါင်းအင်အားဟာ အာဆီယံရဲ့ စွမ်းအားဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအကြား အာဆီယံနည်းလမ်းနဲ့အညီ ဆောင်ရွက်ခဲ့မှုဟာ ရည်မှန်းချက်တွေ ရရှိစေခဲ့ကြောင်း အာဆီယံရဲ့ နှစ် ၅၀ တိုင်တိုင်ရပ်တည်လာနိုင်မှုက အကောင်းဆုံးသက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့ဝင်နိုင်ငံတွေအကြား မိမိအကျိုးစီးပွားကို အလွန်အမင်း ဦးစားပေးပြီး အဖွဲ့ကြီးရဲ့အကျိုးထိခိုက်စေမယ့် လုပ်ရပ်မျိုးတွေမရှိဘဲ ဆက်လက်ပြီး စည်းစည်းလုံးလုံးနဲ့ လက်တွဲဆောင်ရွက်သွားကြမယ်ဆိုရင် အာဆီယံဟာ နောင်လာမယ့်နှစ် ၅၀ မှာ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးမျက်နှာစာမှာ ထိပ်တန်းအဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွက်လာမှာဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

&nfñef;

(1) Five Decades of ASEAN: The History of a Political Miracle by Termsak Chalermpalanzpap

(2) The War that Gave Birth to ASEAN by Adam Leong Kok Wey

(3) ASEAN Focus (Issue-1, Jan/Feb 2017) by ASEAN Studies Centre, ISEAS-Yusof Ishak Institute

(4) ASEAN Focus (Special Issue August 2016) by ASEAN Studies Centre, ISEAS-Yusof Ishak Institute

(5) tmqDaqjzifEnfquEf;a&;qkdkmr[mpDcHef (wuódkvf[efpf;Dowya'oompmapmif

(6) OD;Dibl;ñëTum;a&;rSc;yftmqD,ml;&mOD;pDDme? EkH;H;a&;0efu;DmeESSawGuyD;rejcif

# သုံးခွမြို့နယ် ကဒပွနကျေးရွာ၌ ချောင်းကမ်းပါးပြိုကျနေမှု ကြည့်ရှုစစ်ဆေး



**သုံးခွ အောက်တိုဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကဒပွနကျေးရွာ အနောက်ပိုင်း ချောင်းကမ်းပါးပြိုကျနေမှုကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# ဒေသခံပြည်သူ ၁၇၀၀၀ ကျော်အား အခမဲ့ဆေးဝါးကုသပေး

**မြစ်ကြီးနား အောက်တိုဘာ ၂၃**
မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းမှ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း နှစ်နှစ်တာကာလတွင် ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ မိုးညှင်းနှင့် ဗန်းမော်ခရိုင်သုံးခုတို့ရှိ မြို့နယ်အသီးသီးမှ ကျေးရွာများသို့ ကွင်းဆင်းကာ ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူအင်အား ၁၇၀၀၀ ကျော်အား အခမဲ့ဆေးကုသပေးနိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ကုသရန်လိုအပ်သည့် လူနာများအား ဆေးရုံသို့ ပို့ပေးနိုင်ခဲ့ကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြောကြားသည်။

"ကျွန်တော်ဦးဆောင်ပြီး ဆေးကုသရေးလုပ်ငန်းအဖွဲ့ ကွင်းဆင်းဆောင်ရွက်နိုင်ဖို့အတွက် အလှူရှင်တွေက အလှူငွေတွေ ထည့်ဝင်လှူဒါန်းကြပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ ၂၀၁၁ ခုနှစ်ကစလို့ နယ်မြေမလုံခြုံမှုတွေ စတင်ဖြစ်ပွားပြီးနောက်ပိုင်း နေရပ်စွန့်ခွာပြည်သူတွေ များပြားလာခဲ့ပါတယ်။ အဲဒီလိုပြည်သူတွေနဲ့ ဆင်းရဲနွမ်းပါး ခက်ခဲတဲ့ပြည်သူတွေကို ကျန်းမာရေးအသိပညာပေးခြင်းနဲ့ အခမဲ့ဆေးဝါးကုသပေးခြင်းဖြင့် သူတို့ရဲ့ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးရာလည်း ရောက်စေတာဖြစ်လို့ ကျွန်တော်တို့ လုပ်ဆောင်ရကျိုးနပ်တယ်လို့ထင်မြင်ပါတယ်။ ကျွန်တော်တို့ ဖောင်ဒေးရှင်းကို ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်အမှတ် (၂/ကချင်/၀၁၂) နဲ့ တရားဝင်မှတ်ပုံတင်ပြီး ဆောင်ရွက်လုပ်ကိုင်လာတာပါ။ နယ်လှည့်အခမဲ့ကွင်းဆင်းဆေးကုသရေးအဖွဲ့မှာ စေတနာဆရာဝန် ၂၃ ဦးပါဝင်ပြီး ဒေသခံကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့ကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးပါတယ်"ဟု ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ရှင်းလင်းပြောကြားသည်။

ယခင်က မြစ်ကြီးနားမြို့မှ မြို့မိမြို့ဖများပူးပေါင်းပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များမှ အစပြုကာ ကချင်ပြည်နယ်မြို့မိမြို့ဖများအမည်နှင့် ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ရေရှည်ဆေးကုသမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ် အခမဲ့ဆေးကုသရေး ဖောင်ဒေးရှင်းကို လူမျိုးဘာသာပေါင်းစုံပါဝင်သည့် ဖောင်ဒေးရှင်းအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ကာ အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းမှ ၂၀၁၅ ခုနှစ်မှ၂၀၁၇ ခုနှစ် ဒေသခံပြည်သူ ၁၇၀၀၀ ကျော်အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပြီး ဗန်းမော်၊ မိုးကောင်း၊ မြစ်ကြီးနားနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့သို့ လူနာ ၁၅၃ ဦးအား လွှဲပြောင်း၍ ဆေးဝါးကုသမှုလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးဝါးကုသရာ၌ ကုန်ကျငွေများလည်း ဖောင်ဒေးရှင်းမှ တာဝန်ယူခဲ့ပြီး ကျပ်သိန်းပေါင်း ၂၅၀၀ ကျော်အား အလှူရှင်များက ထည့်ဝင်လှူဒါန်း၍ ဆေးကုသပေးနိုင်ခဲ့ကာ ဆက်လက်၍ ကျန်ရှိနေသည့် ပူတာအိုခရိုင်အတွင်းရှိ မြို့များနှင့် ကျေးရွာများသို့ ယခုနှစ် နိုဝင်ဘာလကုန်တွင် ကွင်းဆင်းဆေးကုသွားမည်ဖြစ်ကာ ရောက်ရှိသည့်ဒေသများတွင် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအား ဖော်ထုတ်ထိန်းသိမ်းသည့် လုပ်ငန်းများလည်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် လာရောက်ဆေးကုသမှုခံယူမည့် ဒေသခံပြည်သူများကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း ဥက္ကဋ္ဌ ဦးခက်ထိန်နန်ထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ကမ္ဘာ့ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ပဟေဠိမေးခွန်းများ ဖြေဆိုခြင်းဆောင်ရွက်

**ခမောက်ကြီး အောက်တိုဘာ ၂၃**
တက်သစ်စ ကျောင်းနေကလေးများနှင့် ထက်/လယ် ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေဖတ်ရှုလေ့လာတတ်သော အကျင့်များရရှိလာရန် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခမောက်ကြီးမြို့ စာကြည့်တိုက်ခန်းမ၌ ပဟေဠိမေးခွန်းများဖြေဆိုခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပခဲ့သည်။

အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးအောင်မင်းစိန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းက ကမ္ဘာ့ကုလသမဂ္ဂနေ့အကြောင်းကို ရှင်းပြသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပဟေဠိမေးခွန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

## ပွါတိုရီကိုနိုင်ငံတွင် မိုးပျံဘောလုံးများအသုံးပြုကာ Google မှအင်တာနက်ထုတ်လွှင့်ပေး

ဟာရီကိန်းမုန်တိုင်းမာရီယာ တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးတာဝါတိုင်များ ပျက်စီးသွားသည့် ပွါတိုရီကိုနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ဆက်သွယ်ရေးကွန်ရက် အသုံးပြုမှုများအတွက် Google မှ မိုးပျံဘောလုံးများ အသုံးပြုကာ အင်တာနက်ထုတ်လွှင့်မှုများပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ မုန်တိုင်းဒဏ်ခံခဲ့ရသော ပွါတိုရီကိုနိုင်ငံ၏ နေရာအချို့ကို ယခုလ ၂၀ ရက်တွင် ဆက်သွယ်ရေးနှင့် အင်တာနက်စနစ်ထုတ်လွှင့်ပေးမှုအတွက် AT&T လုပ်ငန်းနှင့် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

မုန်တိုင်းကြောင့် ဆက်သွယ်ရေးတာဝါတိုင်များ ပျက်စီးသွားသောကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေသောသူများနှင့် ဝေးကွာနေသော မိသားစုများကြား ဆက်သွယ်မှုပြုလုပ်နိုင်ရန် အဆိုပါဘောလုံးများလွှတ်တင်၍ ဆက်သွယ်ရေးနှင့်အင်တာနက်စနစ် ဝန်ဆောင်မှုပေးနိုင်ရန် Google မှ အားထုတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။



အမေရိကန်နိုင်ငံ ဆက်သွယ်ရေးကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးနောက် အဆိုပါအစီအစဉ်ကိုစတင်ခဲ့ပြီး ယခုလက်တွေ့အသုံးပြုနိုင်ပြီဟု သိရသည်။

ပွါတိုရီကိုနိုင်ငံတွင် ယခုကဲ့သို့ ဝန်ဆောင်မှုပေးခြင်းမှာ ပထမဆုံးဖြစ်ပြီး လိုအပ်သည့်အချိန်အထိ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများကို ၎င်းမိုးပျံဘောလုံးများအသုံးပြုကာ ဝန်ဆောင်မှုများပေးသွားမည်ဟု Google မှ အဆိုပါစီမံကိန်း၏ ခေါင်းဆောင်ဖြစ်သူက ပြောကြားသည်။

၎င်းမိုးပျံဘောလုံးများသည် အမြင့်ပေ ၆၅၀၀၀ အထိရောက်ရှိအောင် လွှင့်တင်နိုင်ပြီး ပွါတိုရီကိုနိုင်ငံရှိ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုအသုံးပြုသူများမှ ဖုန်းဖြင့် စာတိုပေးပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်းများအစရှိသည့် အခြေခံ ဆက်သွယ်မှုများပြုလုပ်နိုင်မည်ဖြစ်သည်။


ပွါတိုရီကိုနိုင်ငံတွင် ဟာရီကိန်းမုန်းတိုင်းမာရီယာကြောင့် ဆက်သွယ်ရေးတာဝါတိုင်များသည် ၂၅ ရာခိုင်နှုန်း အောက်သာ ပြန်လည် အလုပ်လုပ်နိုင်စွမ်းရှိပြီး နိုင်ငံ၏လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှု ၁၀ ရာခိုင်နှုန်းသာ ပြန်လည်ရရှိသေးသောကြောင့် ယခုကဲ့သို့ ဝန်ဆောင်မှုပြုလုပ်ပေးခြင်းဖြစ်ကြောင်း Google မှ ပြောကြားသည်။

ALEX

## မိုဘိုင်း APP တစ်ခုအား ဖုန်းအတွင်းမထည့်သွင်းမီ အစမ်းအသုံးပြုနိုင်ခြင်းကို Google Play Store တွင်စတင်

Google မှ Play Store ပေါ်ရှိ မိုဘိုင်း APP များကို အသုံးပြုသူများ၏ ဖုန်းအတွင်းသို့ မထည့်သွင်းမီ အစမ်းအသုံးပြုနိုင်သည့် စနစ်တစ်ခုကို စတင်ပေးလိုက်ကြောင်းသိရသည်။


စတင်မိတ်ဆက် ပေးခဲ့စဉ်က ဝက်ဘ်ဆိုဒ်ပေါ်တွင်သာ အသုံးပြုနိုင်ခြင်းရှိခဲ့သော အဆိုပါစနစ်ကို ယခုအခါ မိုဘိုင်းဖုန်းအတွင်းရှိ Play Store တွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။




Android Instant Apps များကို Play Store တွင် ပေါင်းစပ်ထည့်သွင်းပေးခဲ့ပြီး အသုံးပြုသူများမှ App တစ်ခုလုံးကို Download ပြုလုပ်စရာမလိုဘဲ စမ်းသပ်အသုံးပြုကာ မိမိစိတ်ကြိုက်ဖြစ်ပါမှ အပြည့်အဝရယူနိုင်သည့်စနစ်မျိုးဖြစ်သည်ဟု သိရသည်။ အသုံးပြုသူများသည် အသုံးပြုလိုသည့် App များကို မိမိစမတ်ဖုန်းနှင့်ကိုက်ညီမှုရှိ၊ မရှိ စမ်းသပ်နိုင်မည်ဖြစ်ကာ အခပေး App များကို ယခင်ကဲ့သို့ Download ပြုလုပ်ပြီးမှ အဆင်မပြေမှုများမရှိစေရန် ယခုကဲ့သို့ စမ်းသပ်အသုံးပြုခြင်းဖြင့် မိမိစမတ်ဖုန်းတွင်သင့်၊ မသင့် ရွေးချယ်နိုင်မည်ဖြစ်သည်။

Google မှ ထုတ်ကုန်သစ်နှင့် နည်းပညာသစ်များမိတ်ဆက်ခဲ့သည့်ပွဲတွင် အဆိုပါစနစ်လည်း ပါဝင်ပြသခဲ့ကာ ထိုအချိန်က အကန့်အသတ်ပြုလုပ်ကာ အသုံးပြုနိုင်ခြင်းမျိုးရှိခဲ့သော်လည်း ယခုအခါ Play Store ပါဝင်သည့် မည်သည့် စမတ်ဖုန်းအမျိုးအစားတွင်မဆို အသုံးပြုနိုင်ပြီဖြစ်သည်ဟုသိရသည်။ သို့သော်လည်း Google မှ စမတ်ဖုန်းအားလုံးတွင် အသုံးပြုနိုင်ခြင်းမရှိသေးဘဲ အချို့စမတ်ဖုန်းများတွင်သာ အသုံးပြုနိုင်သေးကြောင်း ကြေညာခဲ့ပြီး နောက်ပိုင်းကာလများတွင် Android Instant Apps များ အသုံးပြုနိုင်ခြင်းရှိသည့် စမတ်ဖုန်းများအားလုံးနီးပါး အသုံးပြုနိုင်စေရန်ပြုလုပ်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ALEX







နွေမှာအေးအေး၊
ဆောင်းမှာနွေး “ဆိုလာရှီး” နေရောင်ကာသုတ်ဆေး

PREMIER Solarshield သည်နေရောင်၏ အပူစွမ်းအင်အများစုကို ပြန်ကန်ထွက်စေသည့် ရာနှုန်းပြည့်အခရိုက်လစ်စစ်စစ်၊ ပရီမီယမ်အရည်အသွေးအဆင့် ရေအခြေခံသုတ်ဆေးတစ်မျိုးဖြစ်ပါသည်။
အဆောက်အဦများ၏အတွင်းပိုင်းကို နွေရာသီတွင်အေးမြပြီး၊ ဆောင်းရာသီတွင် နွေးထွေးသောပတ်ဝန်းကျင်ဖန်တီးပေးပါသည်။

UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
Global Compact Network (Myanmar)

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint


ဒေတာ
ကယ်ရီ
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
2GB
2999Ks
350MB
699 Ks
650MB
999 Ks
*777#
SPEEDTEST AWARDS
အမြန်ဆုံး
မိုဘိုင်းဖုန်း
ကွန်ရက်ဆု
2017
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday



# မြန်မာ့ဒီရေတောဂေဟစနစ်များကို အလေးထားထိန်းသိမ်းရန်နှင့် သယံဇာတများကို စနစ်တကျအသုံးပြုပြီး ရေရှည်တည်တံ့သောနည်းဖြင့် စီမံအုပ်ချုပ်လုပ်ကိုင်ကြရန်လို

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် ယနေ့(၂၃. ၁၀. ၂၀၁၇) ရက်နေ့အထိ စိုက်ပျိုးရေ ဧကပေ ၁၃ ဒသမ ၃ သန်းကျော်ခန့် သိုလှောင်ထားရှိပြီးဖြစ်ပါသည်။ ယမန်နှစ်က ဆည်ရေဖြင့် နွေစပါးစိုက်ဧက ပေါင်း ကိုးသိန်းကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၁၈ သိန်းခန့် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါသည်။ ယခုနှစ် နွေစပါး စိုက်ပျိုးမည့် တောင်သူများအနေဖြင့် ဆည်/ကန်များနှင့် မြစ်ရေတင်လုပ်ငန်းများမှ ရေရယူစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမှုနည်းပညာအကူအညီများရရှိရေး၊ လယ်ယာထွန်ယက်ရေးကိစ္စအဝဝတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ နီးစပ်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ကြိုတင်ညှိနှိုင်းစီမံဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

# မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု၏ အဓိကစိန်ခေါ်မှုမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၃**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) အကူအညီဖြင့် ကာလရှည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာစီမံကိန်းအားရေးဆွဲခဲ့ရာ ၂၀၁၄ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာသန်းထောင်ပေါင်း ၁၄၀ ရရှိရန်ရည်မှန်းထားကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည့် (၁၃) ကြိမ်မြောက် မြန်မာ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုအခါ ကာလရှည်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာစီမံကိန်းအား ပြင်ဆင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အခြေခံအဆောက်အအုံ၊ ဆိပ်ကမ်း၊ လမ်း စသည်ဖြင့် ကောင်းစွာဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအဆောက်အအုံကဏ္ဍ ပိုပြင်စွာတိုးတက်လာစေရန်အတွက် Infrastructure PPP Institutional Framework ဖြစ်ပေါ်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းလုံးတွင် ရင်းနှီးမြှုပ်နှံလိုသူများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)ရုံးများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ○

